
www.burmeseclassic.com
နာကြည်းသားကောင်
အသစ်စက်စက် မုဆိုးပုံးချင်းဝတ္ထု စ-ဆ

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ● ၅၀၀၀၀၃၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ● ၅၀၀၇၂၈၀၆၀၈

**မျက်နှာဖုံးပန်းချီ**

သိန်းဇော်

**အတွင်းစာစီ**

မြစ်ခွဲ ၉ စင်းကွန်ပျူတာ

**ထုတ်ဝေသူ**

ဒေါ်ဝိုင်းသင်းဇင်ထွေးသိုင်(အောင်ပိုင်စာပေ)
အမှတ် (၂၂)၊ စက်ရုံလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဒေါ်မြမြကြွေး(၀၃၃၇၉)၊ ပင်မြိုင်းမာလာပုံနှိပ်တိုက်၊ အမှတ် (၂၄)၊
ကားတော်သာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**[illegible]**

မြစ်ခွဲ ၉ စင်းစာပေ၊ အမှတ် (၁၇)၊ ဒုတိယထပ်(ယာ)၊
၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၈၁၃၇၀

ပုံနှိပ်ခြင်း ● ပထမအကြိမ်
ထုတ်ဝေခြင်း ● စက်တင်ဘာ၊ ၂၀၀၈
အုပ်ရေ ● ၅၀၀
တန်ဖိုး ● ၃၀၀



မွေးမေ၊ မွေးဖေ၊
ဦးရသော၊
ပြီးတော့.....
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်
ဆရာဝေသဘ်တာဆွေအား
ဤစာအုပ်ဖြင့် ဂါရဝပြုပါသည်။



www.burmeseclassic.com

www.burmeseclassic.com






လေကို ခွင်း၍ မြှားတစ်စင်းသည် အရှိ ဒ ဟုန်ပြင်းစွာ ပြေးထွက်လာချေ၏။

"ဝှစ်"

သည်သို့အသံ ကြားလိုက်ရသည်နှင့် မရှေ မ နှောင်း သူ၏ ရင်အုံသို့ စူးနစ်ဝင်လာလေ၏။

"ဖောက်" ခဲ အသံမြည်လိုက်သလို ရင်ဒ ဘ စ်ခုလုံး ပွင့်ထွက်မတတ် ခံစားလိုက်ရ၏။ လွန်မင်းစွာ ရင် အ ၇င့်တကါလာ သလို သူသည်လည်း သစ်ကိုင်းထက်မှ ခြေလွတ် ငက်လွတ် ကျသွားလေတော့၏။

"ဘုတ်"

ထိုသည်ကား သူ နောက်ဆုံးသိလိုက်သ ၁းသိပင် ဖြစ်ချေတော့သည်။

"ဖြောင်း... ဖြောင်း... ဖြောင်း... ဖြ င်း..."

ပိန်ပိန်ပါးပါးဖြစ်သလို သန်စွမ်းပုံမရသော ဘစ်ယောင် သည် သို့နှယ် လက်ခုပ်တီးရင်း မျောက်ငိုပင်အော ခြေတွင် အရုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးပြတ်ပုံကျနေသည့် မျောက်သေကောင်ရှိရာ တိုးကပ်သွားလိုက်၏။ သူ့နောက်မှ အသက်အားဖြင့် အစိတ်ဝန်းကျင်ခန့်ရှိမည့် မှန်းရသည့် မိန်းမပျိုတစ်ယောက်သည် မြားကိုင်းကိုကိုင်၍ ခြေလှမ်းသွက်သွက်ဖြင့် ထိုပိန်ပိန်ပါးပါးလူနောက် လျှောက်လှမ်းလိုက်ခဲ့ချေတော့၏။

"လက်ဆအတော် ပြင်းသားကလား"

သို့ဆိုသလို ပိန်ပိန်ပါးပါးလူသည် မျောက်ကောင်၏ရင်အုံတွင် စူးနစ်ဝင်နေသည့်မြားတံကို ဆွဲနုတ်လိုက်ရင်း ပြောလိုက်ချေ၏။

"ဒါ ဖေဖေ သင်ပေးတာလေ"

"ဖေဖေသင်ပေးတဲ့သူတိုင်း ထူးချွန်ကြတာမှ မဟုတ်တာချည်း၊ ကိုလေးကိုကြည့်လေ ဟဲ ဟဲ"

"တစ်ဦးတည်းသော မိဘမဲ့ညီမလေးမို့ မြှောက်ပင့်ပြောတာလို့ သူများတွေက ပြောနေပါဦးမယ်"

သို့ပြောလာသည့် အမျိုးသမီးကို ပိန်ပိန်ပါးပါးလူက လှည့်ကြည့်လိုက်ချေပြီး…

"ကိုလေးက ဘယ်သူ့ကိုမှ အထင်လည်းမကြီးဘူး၊ မြှောက်ပင့်လည်း မပြောတတ်ဘူး၊ နောက် ညီမလေး ဆင်ဆင်ခြင်ခြင် ပြောစေချင်တယ်"

သို့ မျက်နှာထားတည်တည်ဖြင့် ပြောလေသဖြင့် မိန်းမပျိုလေးသည် ကပျာကသီပင်…

"တောင်းပန်ပါတယ်" လို့ မျက်နှာငယ်လေးဖြင့် ပြောလိုက်လေ၏။

"မျောက်မြီးရှည်ကောင်ရဲ့ချေးခါး မစားရတာကြာပြီပဲ"





"ဒီဖြင့် ညီမလေး 'မျောက်ချေးခါး' လုပ်ပေးမယ်လေ"

သို့ဆိုလျက် မိန်းမပျိုသည် မျောက်သေကောင်ကို ကောက်ယူထမ်းပိုးလိုက်ချေတော့၏။

အစ်ကိုနှင့်ညီမဖြစ်လေငြား အစ်ကိုဖြစ်သူသည် ပိန်ပိန်ပါးပါး လူဖလံလေးဖြစ်ချေ၏။

ညီမဖြစ်သူက အစ်ကိုဖြစ်သူထက် ထွားကျိုင်းလေ၏။

"ရွာကိုပဲ ပြန်ကြတာပေါ့"

သို့ အစ်ကိုဖြစ်သူက ပြောလေသည်နှင့် ညီမဖြစ်သူသည် မည်သည့်တုံ့ပြန်စကားမျှ မပြောလေဘဲ သွက်လက်သောခြေလှမ်းများဖြင့် ရှေ့မှဦးဆောင် ရွာအပြန်လမ်းအတိုင်း လျှောက်သွားလေတော့၏။

အကြောင်းမသိသူတို့က သူတို့မောင်နှမကို ဘယ်လိုမြင်၊ ဘယ်လိုထင်ကြလေမည် မသိ။

ထွားကျိုင်း၍စိုပြည်သော မိန်းမပျိုက တက်ကြွသော ခြေလှမ်းဖြင့် လျှောက်သွားနေသလို လူဖလံဖြစ်သူသည် ပျင်းရိလေးတွဲ့စွာ မိန်းမပျိုနောက် ထက်ကြပ်မကွာ လျှောက်လိုက်သွားလေသည်ကို ကြည့်မြင်မိသည့် ခမ်းလှမ်းလှမ်းမှ ပါးခုတ်သမားအချို့က သဘောကျကျေနပ်ကြည့်ကာ ပြုံးနေကြတော့၏။

"ဒီမောင်နှမက အတော်ရယ်စရာကောင်းသားကလား၊ အစ်ကိုဖြစ်သူက သြစာသာ ပေးတတ်တယ်၊ သကိုယ်၌က သားကောင်တစ်ကောင် ရဖူးတယ်ဆိုတာ မကြားဖူးဘူးကွ၊ နှမဖြစ်သူက သားကောင်ကို ရှာဖွေသတ်ဖြတ် လုပ်ကျွေးနေတာလေ"

သူတို့ပြောလည်း ပြောစရာပင်။

www.burmeseclassic.com



အစ်ကိုဖြစ်သူသည် လောက်လေးခွပင် ဖြောင့်အောင် ပစ်တတ်သူ မဟုတ်၊ "ငါက သူ့ထက်ကြီးလို့ အစ်ကို" ရယ်လို့ သတ်မှတ်ပြီး ခန့်ညားကိုယ်နှင့်မမျှအောင် ဘဝင်တွေမြင့်ကာ ညီမဖြစ်သူကို နိုင်စားနေခြင်းဖြစ်၏။

ထိုသည်ကြောင့်လည်း…

"တနည်းမရယ်၊ နှင်မို့ အစ်ကိုဖြစ်သူရဲ့ ဩဇာအာဏာကို ငြိမ်ခံရတယ်လို့၊ ငါတို့သိသလောက် ပြောရလျှင်ဖြင့် ညည်းကသာ သူ့ကို ရှာကျွေးနေရတာ မဟုတ်လား၊ ကျုပ်လိုဆိုလျှင်ဖြင့် အစ်ကိုလည်းဖြစ်၊ ယောက်ျားလေးလည်းဖြစ်သမို့ ကိုယ့်လမ်းကိုယ် လျှောက်ဖို့ပဲ စဉ်းစားမိမှာပဲ"

စသဖြင့် သူငယ်ချင်းမလေးများက ပြောတတ်ကြ၏။

"ညည်းတို့ကလည်းအေ၊ အသိတရားကို မရှိလိုက်ကြတာ၊ ငါ ခုလို မိန်းမသားတန်မဲ့ ဒီလိုကြံ့ကြံ့ခံ နေနိုင်တာ၊ ရှာနိုင်ဖွေနိုင်တာ အစ်ကိုရဲ့သွန်သင်ဆုံးမမှုကြောင့်လေ၊ ပြီးတော့ အစ်ကိုတစ်ယောက် ရှိတယ်ဆိုတဲ့အဟန့်ကြောင့် ငါ့ကို ဘယ်သူမှ နိုင်ထက်စီးနင်း မလုပ်ဝံ့တာလေ၊ ငါ ဒီအသက်အရွယ်အထိ ရှင်သန်လာနိုင်တာ အစ်ကိုက ပြုစုကျွေးမွေးခဲ့လို့လေ၊ အစ်ကို့ခမျာ ငါ့ကို ညီမလေးရယ်လို့ သံယောဇဉ်တွေဖြစ် ပွေပင်ခဲ့ရတဲ့ကာလတွေကို ဖြတ်သန်းခဲ့ရတော့ကာ နွမ်းပေါ့၊ ခု ငါ အစ်ကိုရဲ့ကျေးဇူးကြောင့် ငါ ဒီလိုသတ္တိတွေရှိ၊ စိတ်ဓာတ်တွေ ခိုင်မာခဲ့ရတာလေ၊ ဒီအရွယ်ရောက်ခဲ့တာလေ၊ ဒီတော့ ငါက တစ်ပြန်တစ်လှည့် ကိုလေးကို ကြည့်ရှုကျွေးမွေး စောင့်ရှောက်ရတော့မှာပေါ့၊ ဟင်း ဟင်း ဟင်း"

"ကောင်မရယ်၊ တကယ်တော့ ညည်းဟာလေ ငါတို့





ထက် တောင်မကဘူး၊ ဒီတောတစ်ခွင် ပတ်ဝန်းကျင်မှာရှိတဲ့ ရွာက မိန်းကလေးတွေထက်ကို ပိုပြီးသာပါတယ်"

"အဲဒီအတွေးမျိုးက ညည်းတို့တွေးတတ်ကြတာကော"

"နို့ဝေမင့်လို့ ဟုတ်တယ်လေ"

သို့ဆိုသလို မိန်းမပျိုသည် အစ်ကိုဖြစ်သူ လူ့ဖလံလေး အပေါ် နားလည်မှုတွေရှိခဲ့၏။ ထားခဲ့၏။

လူ့ဖလံအစ်ကိုကလည်း စိတ်ဓာတ်ရေးရာအရတော့ဖြင့် ခိုင်မာပုံဖြစ်ချေ၏။ စကားပြောသည်ကအစ လေနှင့်စကားလုံး မလိုက်ဖက်အောင် ပြောတတ်သူပင်။

သို့ဆိုသလို ပဲခူးရိုးမတောင်ခြေရွာလေး တစ်ရွာဖြစ်သည့် ကြို့ပင်ကုန်းရွာကလေးတွင် မိဘမဲ့မောင်နှမရှိကြချေ၏။ မိဘနှစ်ပါးသည် ညီမဖြစ်သူ ဆယ့်သုံးနှစ်သမီးအရွယ်တွင် သစ်လုံးကားကြီး ထိုက်ပါစီးရင်း ထိုကား ချောက်ကမ်းပါးတွင် ထိုးကျသွားသည်တွင် ပါသွားကြသည်မှာပင် တစ်ရွာလုံးက ယူကျုံးမရဖြစ်ရချေ၏။

သည်တော့ အစ်ကိုဖြစ်သူက လူမမည် ညီမလေးကို စောင့်ရှောက်ခဲ့ရချေ၏။ ကျွေးမွေးခဲ့ရချေ၏။

ယခု အသက်အစိတ်အထိတိုင်ဟူ၍လည်း ပြောရပေလိမ့်မည်။

လူမသန်သော်လည်း ကြွစ်ဆတ်ဆတ် အစ်ကိုဖြစ်သူကို မည်သူကမျှ ကြည့်မရဆိုပေမင့် ညီမဖြစ်သူကိုတော့ တစ်ရွာလုံးက ချစ်ကြ၏။ ခင်ကြ၏။ နားလည်မှု ပေးတတ်ကြ၏။

မောင်နှမချစ်လိုက်ကြသည်မှာ ရွာတွင်း၌ မောင်နှမဝို မှန်သမျှ မနာလိုဖြစ်ကြ၏။ ဘာဆန်းတာ မှတ်လဲ။



www.burmeseclassic.com

www.burmeseclassic.com



သည်သို့ဖြင့် ထိုမောင်နှမတွင် မမျှော်လင့်သောတစ်ရက်၌ ယှဉ်ချိုးမရ ကြေကွဲရသောအဖြစ်ဆိုးနှင့် ဆုံကြရချေတော့၏။

ကြည့်စမ်း။ မိုက်ရိုင်းလိုက်တာ။

အစ်ကိုဖြစ်သူ လူဖလံလေးကို ရက်ရက်စက်စက် ရိုက်နှက်သတ်ဖြတ်သွားချေ၏။

ဘယ်လိုအမုန်းတရားရယ်လို့ ဘယ်သူမျှ မသိနိုင်ပါချေ။

လူသတ်တရားခံ ဘယ်သူရယ်လို့ မသိကြပါချေ။

သည်နောက်ပိုင်း ညီမဖြစ်သူသည် အမဲလိုက်ခြင်းလုံးဝ မပြုတော့ပါချေ။

သူ့အစ်ကို အသေဆိုးနဲ့သေရတာ သူ့ကြောင့်ဟု ထင်လိုက်၏။

“ဘာဆိုင်လို့လဲ အေ”

သို့ အားပေးနှစ်သိမ့်ကြ၏။

ထိုသည်နောက်ပိုင်း ထိုရွာလေးတွင် ထူးဆန်းသော မိန်းမပျိုလေးတစ်ယောက် ရှိတယ်ရယ်လို့ ပတ်ဝန်းကျင်ရွာများက ဆိုကြလေ၏။ သို့နှင့်တွဲ၍ ကရုဏာသက်ခဲ့ကြချေ၏။

မည်သူကမျှ ထိုမိန်းမပျို သို့ဖြစ်သွားလိမ့်မည်ဟု တွက်မထားကြပါချေ။

“ဘယ်လိုဖြစ်သွားရတာပါလိမ့်”

သူ့အစ်ကိုကြောင့် သို့ဖြစ်သွားရသည်ကိုတော့ သိကြ၏။ ပြောကြ၏။ လက်ခံကြ၏။ ကြို့ပင်ကုန်းရွာကလေးတွင် အိမ်ခြေ (၁၀၀) နီးပါး ရှိချေ၏။ ရွာသည် ရွာတန်းရှည်လေးလို ဖြစ်ချေ၏။ ရွာပတ်ဝန်းကျင်တွင် ကြို့ပင်များပတ်လည်ဝန်းရံရှိချေ၏။ သို့ကြောင့်





လည်း ကြို့ပင်ကုန်းရွာဟု ဆိုကြလေ၏။

ရွာလေး၏အဖျားတွင် ဇရပ်လေးတစ်ဆောင် ရှိချေ၏။ ထိုဇရပ်လေး ပတ်ပတ်လည်တွင် မြေပုံမို့မို့လေးများ ရှိချေ၏။ အတော်များများ မြေပုံတို့တွင် မှတ်တိုင်ကလေးများ ပုံစံအမျိုးမျိုးဖြင့် ရှိချေ၏။

ရှည်သည်၊ စောင်းသည်။

ကျိုးသည်၊ ပဲ့သည်။

ကွဲသည်၊ အက်သည်၊ ယိုင်၍လဲသည်။

သို့သော်ငြားလည်း ထိုမှတ်တိုင်လေးများတွင် တူညီကြသည်တစ်ခု တော့ ရှိ၏။

နာမည်နှင့်အသက်များ ထင်ကျန်မနေခြင်းပင်။

ဘယ်လို ကျန်ပါ့မလဲ၊ သေသူတို့၏ နာမည်နှင့်အသက်တို ရေး မှတ်ခဲ့ကြသည်ဆိုသော်ငြားလည်း မီးသွေးခဲဖြင့် ရေးလေ့ရှိခြင်းကြောင့် မိုးရွာသည်တွင် ပျက်လေပြီပေါ့။ နွေအခါတွင် လေပူတိုက်၍ ပျက်ခြင်းလည်း ရှိသည်ကိုး။ သို့ မီးသွေးခဲနှင့် ရေးခဲ့ကြသည်ဆိုရာ၌လည်း ကြို့ပင်ကုန်းရွာလေးတွင် ရေးတတ်၊ ဖတ်တတ်ဆိုလို့ ပင်စင်စား ကျောင်းဆရာကြီးတစ်ယောက် ရှိနေခြင်းကြောင့်ပင်။

သို့ဆိုတော့ ထိုရွာတွင် ဆိုင်းဘုတ်ရေးသည့် ပန်းချီဆရာ မရှိလေသည်ပေါ့။

ထိုမိန်းမပျိုလေးသည် ယခုတွင်မှာတော့ သားသတ် လက်နက် မကိုင်တော့လေဘဲ ထိုအပြစ်တို့ကို ဆေးကြောသည့် အနေဖြင့်လေလားတော့ မသိ။

ရွာတွင် သေဆုံးသူရှိလျှင် လိုအပ်သည့်မြေကျင်းကို သူမ

www.burmeseclassic.com



တူးပေးလေ၏။ စာတတ်မုဋ္ဌိုလ် ကျောင်းဆရာကြီးထံတွင် နာမည်ကမွည်းမှတ်တိုင် အပ်ပေးလေ၏။ ယခင်ကလို ရွဲ့စောင်းခြင်း၊ ယိုင်လဲလေခြင်းမရှိစေရန် သူမကပင် ပြုပြုပြင်ပြင် လုပ်ပေးတတ်ချေ၏။ သည့်ပြင်...

"နေဦး၊ သူရဏဝုံတင်ဖို့ စီစဉ်ပေးမယ်" ဆိုလျက် ကြို့ပင်ကုန်းရွာနှင့် နှစ်မိုင်နီးနီးမျှဝေးသော သပြေချောင်းနံဘေးရှိ အာဂန္တုရသေ့ကို သွားရောက်ပင့်လေ၏။

သာမန်လူ့ပုဂ္ဂိုလ်တွေထက် အပြစ်ကင်းသည်။

အနည်းဆုံးတော့ ညစာကို လွှတ်သူဖြစ်၏။ သူ့အသက်ကို မသတ်သူဖြစ်၏။ သေရည်သေရက်ကို ရှောင်ကြဉ်သူဖြစ်၏။ သူများ ပစ္စည်းကို ခိုးယူခြင်းအလျှင်းကင်းသူ ဖြစ်၏။ ကာမမိစ္ဆာခြင်းကို လုံးဝ မပြုလုပ်သူဖြစ်၏။ မုသားပြောမည့်သူလည်း မဟုတ်။ သို့ကြောင့် သေဆုံးသူအတွက် သရဏဂုံလေးတော့ဖြင့် တည်ပေးနိုင်သူ ဖြစ်ချိမ့်မည်ဟု တွက်လိုက်၏။ ရှင်းပြ၏။

"ငါတို့ရွာမယ် ဦးပဉ္စင်းတစ်ပါး၊ ဘုန်းကြီးတစ်ပါး ရှိသင့်တယ်" လို့လည်း ထင်မြင်လေသူဖြစ်၏။

သို့ဆိုတော့ ထိုမိန်းမပျိုလေးသည် ထူးဆန်းသောသူ မဟုတ်ပေဘူးလား။ သို့ကြောင့်လည်း ထူးဆန်းသောမိန်းကလေး၏ရွာဟု ဆိုကြလေ၏။

လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် အကြောင်းကိုက်ဆိုင်စွာဖြင့် ထိုကြို့ပင်ကုန်းရွာလေးသို့ ရောက်သွားကြလေ၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ရိုးမတောအတွင်း အမဲပစ်ထွက်ခဲ့ရာမှ တောင်ခြေရွာလေးတစ်ရွာဖြစ်သည့် မီးတွင်းကုန်းရွာ





သို့ ဝင်ခဲ့လေ၏။ သူကြီးဖိုးလှိုင်ချစ် ပြောပြလေခြင်းကြောင့် ကြို့ပင်ကုန်းကျေးရွာမှ ထူးဆန်းသောမိန်းမပျိုလေးအကြောင်း သိလိုက်ရသည်မှ ထိုရွာသို့ သွားလိုစိတ်ဖြစ်လာကြ၏။ သို့ကြောင့် လမ်းမြမုဆိုးကြီး စောကျော်ခင်ကို ခေါ်၍ ထွက်လာခဲ့ကြခြင်း ဖြစ်လေ၏။ ထိုကြို့ပင်ကုန်းရွာသို့ ဝင်လိုက်သည်နှင့် ကျွန်တော်ကို တွေ့လိုမြင်လိုသော ထူးဆန်းသောမိန်းမပျိုကို တွေ့ဆုံလိုက်ကြ၏။

ရွာဖျားသုသာန်တွင်ရှိဇရပ်အိုလေးပေါ်ကြင် သူမ အေးအေးလူရှု ထိုင်နေလေ၏။

အလိုလေးဗျာ၊ ကျွန်တော်ထင်ထားသည်မှာ တောနေသာမန်မိန်းမပျိုတစ်ယောက် ဖြစ်ချိမ့်မည်၊ ထူးခြားနား ရှက်ကြမ်းရေကျိုအဆင့်လောက် ဖြစ်ချိမ့်မည်၊ တုတ်တုတ်ခိုင်ခိုင် မည်းမည်း၊ ရုပ်ရည်ကြမ်းကြမ်းပေါ့၊ အဝတ်အစားဆိုလျှင်လည်း ဖိုသီဖတ်သီဝတ်စားထားခြင်းသာ ရှိချိမ့်မည်။

ယခု သို့ မဟုတ်ပါကလား၊ တကယ်သည်း ထူးဆန်းသော မိန်းမပျိုဟု ပြောရချိမ့်မည်။

အသားလတ်လတ်၊ မေးသွယ်၊ နှုတ်ခမ်းပါးပါး၊ မျက်နှာဝိုင်းဝိုင်း၊ ဆံပင်ရှည်ရှည်၊ အချိုးကျကျ ကိုယ်လုံးကိုယ်ပေါက်ပိုင်ရှင်၊ တစ်ချောင်းထိုးကျစ်ဆံမြီးသည် တင်ပါးဖုံးနေလေ၏။ မည်းနက်သော အသွေးအရောင် ရှိချေ၏။

မြို့သူလေးတစ်ယောက်အလား ထင်ရ၏။

"သူလေးကို ပြောတာမှ ဟုတ်ပါရဲ့လား။ ရွာကိုရောက်လာတဲ့ ဧည့်သည်ကလေးမလေးများလား"

သို့ ကျွန်တော်က မြင်စတွင် သံသယ ဖြစ်မိ၏။ မုဆိုး



www.burmeseclassic.com

www.burmeseclassic.com



စောကျော်ခင်ကို မေးလိုက်၏။

"နို့ဆိုလျှင် သူ့ကို ဘယ်လိုလုပ် ထူးဆန်းတဲ့မိန်းမပျိုလေးလို့ ပြောကြမှာတုံးဗျာ"

သို့ဆိုတော့ လက်ခံလိုက်၏။

"ကျွန်တော်တို့ သူမဆီ သွားကြစို့"

သို့ဆိုလျက် ကျွန်တော်တို့သည် ရွာအဝင်လမ်းမှ သွေဖည်၍ သုသာန်ရှိရာသို့ တန်းတန်းမတ်မတ် သွားလိုက်ကြ၏။

"ညှော်သည်မှုဆိုးတွေ ထင်ပါ့"

သေနတ်ကိုယ်စီနှင့် ကျွန်တော်တို့ကို ရောက်မဆိုက် မေးလာလေ၏။

"ဟုတ်ပါတယ်"

"လမ်းမှားရောက်လာတာတော့ မဟုတ်လောက်ဘူး"

"ဟုတ်ပါတယ်"

"ကျွန်မနဲ့ တွေ့ချင်တာများလား"

"မင်း သိနေပါကလား"

သို့ပြောလိုက်သည်တွင် သူမက ခပ်ရှင်ရှင်လေးရယ်မောလိုက်လေပြီး…

"ဟင်း ဟင်း ဟင်း ဟင်း ကျုပ်ကို လူထူးလူဆန်းလို့ သဘောထားကြပြီး လာကြည့်တဲ့သူတွေ မနည်းပေဘူးပဲ။ ရှုံသွင်းပြီး အကြည့်ခံ၊ အမေးခံလျှင်ဖြင့် ဒီသုသာန်ဇရပ်အမိုးကို သွပ်တင်လို့တောင် ရလောက်ပြီထင်ပါရဲ့"

သို့နှယ်သူမက အရွှန်းဖောက်ပြောလာပေမင့် ရယ်စရာမဖြစ်ခဲ့ပါချေ။





"ဦးတို့သိရသလောက် တစ်ချိန်က အမဲလိုက်ခဲ့တာဆို၊ မြားကိုင်ခဲ့တာဆို"

သို့ ကျွန်တော်က မေးလေသည်တွင် မျက်စိမျက်နှာပျက်သွားလေတော့၏။

"နို့ဆိုလျှင်ဖြင့် ကျုပ်ကိုထပ်မမေး၊ မပြောကြလေတော့ဘဲ ရွာသူကြီး ကို သွားတွေ့မေးကြပါတော့။ သူကြီးဆီမယ် ဦးကြီးတို့ သိချင်တာလေးတွေ မေးပေါ့၊ ဖြစ်ချင်တာတွေ ပြောပေါ့"

သို့ဆိုလျက် သူမသည် ဇရပ်ပေါ်မှဆင်းသွားကာ ပေါက်တူးယူ၍ ထွက်သွားလေသဖြင့်…

"စကားပြောမဆုံးသေးဘူးလေ၊ ဘာသွားလုပ်မလို့တုံး၊ ဘယ်သွားမလို့တုံး"

မုဆိုး စောကျော်ခင်က လှမ်းအော်ပြောလိုက်၏။

"ရှင်က လမ်းပြမုဆိုးမဟုတ်လား"

သို့မေးရင်း လှည့်ကြည့်လာချေ၏။ ရှေ့ဆက်မသွားဘဲ ရပ်နေလေ၏။

"ဟုတ်တယ်လေ"

"နို့ဖြင့် ကိုယ့်အလုပ် ကိုယ်လုပ်လေ၊ သူတို့ကို ကျုပ်ဆီ ချောချောမောမောခေါ်လာပေးပြီးပြီပဲ။ တခြား ရှင်ဘာမှလုပ်ပေးစရာ မလိုဘူးလေ။ ရှင်းရှင်းပြောရလျှင်ဖြင့် ရှင် ကျုပ်နဲ့သူတို့ကြားဆက်ဆံရေးကိစ္စနဲ့မပတ်သတ်လို့ ဘာမှလုပ်ပေးစရာမလိုဘူး၊ ပြီးတော့ ကျုပ်နဲ့ သူတို့ကလည်း ဘာမှပြောစရာကိစ္စ အကြောင်းအရာတွေ ရှိကြတာ မဟုတ်ဘူး"

သို့ပြောပြီးနောက် လှည့်ထွက်သွားပြန်လေ၏။

www.burmeseclassic.com



"ကိုလင်း သူတာကယ်ပဲ စိတ်ဝင်စားဖို့ကောင်းတယ်ဗျ။ အများပြောကြတဲ့ ထူးဆန်းတဲ့မိန်းကလေးဆိုတာ တကယ်ပဲဗျာ"

"ဒီလောကလေး ပတ်သက်သိတာလေးနဲ့ အဲလို မမှတ်နဲ့ ဦးလေဗျာ။ ရှေ့လျှောက်ပိုပြီး ထူးဆန်းအံ့ဖွယ်ကောင်းတဲ့ အဖြူအမူ၊ အပြောအဆိုတွေကို တွေ့နိုင်ပါသေးတယ်လေ"

"နို့မေမင့်လို့ ဒီမှာတင် ပြီးပြတ်ပြီလေ"

သူမသည် ကျွန်တော်တို့ကို လုံးဝအဖက်မလုပ်လေသဖြင့် သို့ ပြောလိုက်ရခြင်းဖြစ်လေ၏။

သူမသည် အတော်လှမ်းလှမ်း နေရာအရှေ့ဘက်တွင် လက်မှပေါက်တူးဖြင့် မြေတို့ကို တူးဆွနေလေတော့၏။

သူမ၏ပုံပန်းသဏ္ဌာန်နှင့် လုံးဝ လိုက်ဖက်ခြင်းမရှိပါကလား။ မည်သို့ကြောင့် နေပုဒ်ရွာကလေးတွင် လူလာဖြစ်ရပါလိမ့်။ အမဲလိုက်မုဆိုးဖြစ်ခဲ့ရပါလိမ့်၊ ယခုတစ်ဖန် သုသာန်စောင့် စန္ဒလနယ် ဖြစ်နေပြန်၏။ လူဖြစ်ရကျိုးမနပ်သူပါတကားဟု ထင်လိုက်၏။ သို့ကြောင့် "ကိုလင်း ဘယ်လိုထင်သလဲ" လို့ မေးလိုက်၏။

"သူမယ် လျှို့ဝှက်တဲ့ကိစ္စ ရှိနိုင်တယ်"

"ဟင်"

လင်းမြင့်လှိုင်က သို့သာပြောပြီး မိန်းမပျိုလေးနားကပ်သွားလိုက်၏။ သူမက သူ့ထံ လင်းမြင့်လှိုင်လာနေသည် သိလေခြား မမြင်ဖူး၊ မသိဖူး သဘောထားနေပုံရချေ၏။

ကျွန်တော်သည် မုဆိုးကြီးစောတျော်ခင်ကို မျက်ရိပ်ပြ၍ နေရာမှာပင် ရပ်နေခိုင်းလိုက်၏။ သည်တော့ မိန်းမပျိုနှင့် လင်းမြင့်လှိုင်သာလျှင် ရှေ့ဆက်သွားလေ၏။





"မိန်းကလေး မြေကျင်းတူးနေတာကလား"

"မြင်နေတာပဲဟာ"

"နို့ ပြောချင်တာက"

"ဘာများတုံး"

ပေါက်တူးဖြင့် မြေပေါက်မပျက်ကြားမှ လင်းမြင့်လှိုင်ကို ခွန်းတုံ့ပြန်ပြောနေလေ၏။

သို့ဆိုတော့...

လင်းမြင့်လှိုင်ကို လက်ခံ စကားပြောလိုစိတ်ရှိသည့် သဘောဝေ၏။

"အသက်ကြီးကြီး လူတစ်ယောက်၊ နို့မှမဟုတ် မိန်းမကြီး တစ်ယောက်ကို မြှုပ်နှံဖို့ကိစ္စဆိုတော့ ကုသိုလ်ရမပေါ့။ အဲဒီ ကုသိုလ် ကို နည်းနည်းလောက် ဝေမျှပေးလိုစိတ်ရှိမယ် ထင်ပါရဲ့"

"ရှင်"

အလိုလေးဗျာ ကြားလိုက်သည့် ကျွန်တော်သည်ပင် လင်းမြင့်လှိုင်ကို အံ့သြတကြီး လှမ်းကြည့်နေမိလေ၏။

မိန်းမပျိုလေး ဆိုပါလျှင် ပေါက်ဆွနေသည့်ပေါက်တူး တိုဝင် ပစ်ချ၍ လင်းမြင့်လှိုင်ကို တအံ့တသြကြည့်လိုက်ချေပြီး...

"ဦးကြီး ဘယ်လိုလုပ်သိနေတာတုံး" လို့ မေးလာချေ၏။

"မထူးဆန်းပါဘူး။ မင်းကျင်းတူးနေတာ ဇရပ်ရဲ့ခေါင်းရင်းဘက်လေ၊ ဒီနားတစ်ဝိုက်မှာ မြှုပ်နှံထားတဲ့သူဘော့ သိပ်မရှိဘူးလေ၊ မှတ်တိုင်တွေကို ကြည့်ရတာ အသက်(၇၀), ၈၁)တွေချည်း ဆိုတော့ အခု တူးပေးတဲ့ကျင်းကလည်း အသက် ၇၀),(၈၀)



www.burmeseclassic.com

www.burmeseclassic.com



ရှိသောက်တဲ့ လူကြီးဖြစ်မပေါ့"

"ရှင်"

အလိုလေးဗျာ ကျွန်တော်သည်ပင် လင်းမြင့်လှိုင်ကို အထင်ကြီးသွားမိလေ၏။

"မဟုတ်လို့လား"

မှင်တက်မိနေသည့် မိန်းမပျိုကို လင်းမြင့်လှိုင်က မေးလိုက်၏။

"ဟုတ်ပါတယ် ဦးရယ်"

"နို့ဖြင့် ဦးပြောသလို..."

မိန်းမပျိုလေးက ပေါက်တူးကို လှမ်း၍ ပေးလိုက်ချေလေ၏။

သည်သို့ဖြင့် လင်းမြင့်လှိုင်သည် မိန်းမပျိုလေးနှင့်ရင်းနှီးမှုကို အရယူလိုက်နိုင်လေ၏။ သို့ကြောင့် ကျွန်တော်သည်လည်း မြေကျင်းတူးနေသော လင်းမြင့်လှိုင်အနီးသို့ သွားလိုက်၏။ လင်းမြင့်လှိုင်နံဘေးတွင်ရှိသည့် မိန်းမပျိုလေးက ကျွန်တော့်ကို စေ့စေ့ကြည့် ပြုံးပြလာချေပြီး...

"တော်လည်း ဝိုင်းကူချင်တယ်လား" မေးလာ၏။

"ကိုလင်းနဲ့ကျွန်တော်က တစ်စိတ်တည်းတစ်ဝမ်းတည်းပါ"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် မိန်းမပျိုလေးသည် လင်းမြင့်လှိုင်ကို လှည့်ကြည့်လိုက်လေပြီး...

"ဪ... ကိုလင်းလို့ ခေါ်တာလား"

"ဟုတ်ပါတယ်၊ ကျွန်တော်က ကိုပိုက်"





"အပျော်တမ်းမှုဆိုးတွေ ထင်ပါ့"

"ဟုတ်ပါတယ်"

"နို့ဖြင့် ကျုပ်ဘယ်သူလဲ သိချင်မှာပေါ့၊ သိပြီးလည်း ဖြစ်မပေါ့"

သို့မေးလာလေပြီး လင်းမြင့်လှိုင်နှင့်ကျွန်တော့်ကို သံသယမျက်ဝန်းဖြင့် စေ့စေ့ကြည့်လာချေလေ၏။ သို့ကြောင့်...

"အမှန်အတိုင်းပြောရလျှင် ဒီရောက်လာကြတာအင်မတန်နာမည်ကြီးနေတဲ့ တူးဆန်းတဲ့မိန်းမပျိုဆိုတာကို တွေ့ချင် မြင်ချင်လို့ပေပဲဗျ၊ ခင်ဗျားအကြောင်း စေ့စေ့စုံစုံတော့ဖြင့် မသိပါဘူး၊ အဲဒီလောက်လေးမှပဲ" ပြောလိုက်၏။

"အလိုလေးရှင်... ကျုပ်က ဘာများထူးဆန်းနေလို့တုံး၊ သေသေချာချာ ကြည့်ကြည့်ပါဦးတော်၊ မိန်းမတွေထဲက မိန်းမ တစ်ယောက်ပါပဲ၊ ကဲ ပြော ဘာများထူးဆန်းနေလို့ပဲ၊ ခေါင်းမှာ ဦးချိုပေါက်နေလို့လား။ ခြေထောက်မယ် ခွာရှိနေလို့လား ဟင်း ဟင်း ဟင်း ဟင်း"

သို့နှယ် ပြောလို့ သဘောကျနေလေသော၏။

"နို့လည်းဟုတ်တာပဲဗျ၊ ဘာမှမထူးဆန်းပါဘူး၊ တစ်ခုပဲ ပြောစရာရှိတယ်၊ ခင်ဗျားက ဒီဝန်းကျင်မှာရှိတဲ့ မိန်းမတွေနဲ့တော့ မတူတာရှိတယ်"

သို့ လင်းမြင့်လှိုင်က ကျင်းတူးရပ်လိုက်ကာ ပြော၏။

"အလိုတော်... ပြောစမ်းပါဦး၊ [ ]နံ့[ ]ခန့်"

အမှန်တကယ် စိတ်ဝင်စားပုံဖြစ်နေ၏၊

"တို့ရှင်းလိုရင်းပြောရလျှင်ဖြင့်ဗျာ ..သားအရေ ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အချိုးအစား၊ အဆစ်အပေါက်၊ ဝတ်စားပုံက သိပ်လှနေတာ"

"ဟင်း ဟင်း ဟင်း ဟင်း ကျုပ်သဘောပေါက်တယ်၊ ရှင်ဟာလေ မှဆိုးကောင်းတစ်ယောက်ဖြစ်နိုင်တယ်၊ အကြင်နာရှိတယ်၊ ပြီးတော့ ခံစားတတ်တဲ့နှလုံးသားရှိပုံပေပဲ"

"ဗျာ ဘယ်လို ဘယ်လို"

သူမစကားကြောင့် လင်းမြင့်လှိုင် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

"အလိုတော် အတွေးမချော်ပါနဲ့၊ ပွင့်ပွင့်လင်းလင်း ပြောလိုက်တာဆိုပေမင့် ရိုးရိုးစင်းစင်းနဲ့ ရိုးသားပါတယ်၊ ရှင်ဟာ သားသတ်မုဆိုးဖြစ်ပေမင့် အလှတရားကို မြင်တတ်တယ်၊ ကြည့်တတ်တယ်၊ ဒါပါပဲ၊ အင်း... တစ်ခုတော့ ရှိတယ်၊ ရှင်ဟာ အပြင်ပန်းသာ သိနေနိုင်သလို အတွင်းစိတ်ဖြူစင်,မဖြူစင်၊ လှ,မလှ ဆိုတာတွက်ဆနိုင်ပါ့မလားဆိုတာကိုတော့ ကျုပ်မပြောတတ်ပေဘူး။ ဒါ... အလှအစစ်အမှန်က ဘာလဲ သိလား"

သို့မေးလာသည့် မိန်းမပျိုကို ကျွန်တော် သဘောကျစွာ စေ့စေ့ကြည့်နေလိုက်ပေမင့်...

ကျွန်တော် သိတာပေါ့၊ လင်းမြင့်လှိုင်ကလည်း သိနေသည်ပဲ၊ သို့ပေမင့်လို့...

"နို့တော့ဖြင့် မသိသေဘူးဗျ၊ ရှင်းအောင် ပြောစမ်းပါ" လို့ မသိဟန်ဆောင် မေးလိုက်ချေ၏။

သည့်တွင် သူမက နှုတ်ခမ်းလေးကို မသိမသာရွဲ့စောင်းလိုက်သေးပြီး သူမ၏ရင်ဘတ်ကို ပုတ်ပြလေကာ...

"ဟောဒီရင်ထဲမှာ ရှိတဲ့စိတ်လေ၊ အတွင်းစိတ်ပေါ့၊





အတွင်းစိတ်ဖြူစင်မှ အဲဒါအရေးကြီးဆုံးပဲ"

"ကျေးဇူးတင်ပါတယ်"

သို့ ကျွန်တော်က သူမ ယုံကြည်လောက်သည့်လေး မျက်နှာအမူအရာတို့ဖြင့် ပြောလိုက်ရချေ၏။

လင်းမြင့်လှိုင်သည် ကျင်းတူးမပျက်၊ နားစွင့်နေပုံရ၏။

"ကဲ... တိုလင်း ကျွန်တော့်တစ်ပုဒ်ညှိ"

သို့ဖြင့် ကျွန်တော်သည် တွင်းယဲသို့ဆင်းလိုက်၏၊ လင်းမြင့်လှိုင်က ကျင်းပေါ် ပြန်တက်လာ၏။

"တော်က ဘာလုပ်နေတာတုံး"

ငွေကြီးထိုင်နေသည့် မုဆိုးစောကျော်ခင်ကို သူမက မကေ့ မနှပ် မျက်နှာပေးအမူအရာဖြင့် မေးလိုက်လေ၏။

"ဘာလဲ... ကျင်းကူတူးပေးစေချင်တာလား"

"ပြောမှလုပ်လိုက်တာထက် သူ့လို အသိစိတ်လေးနဲ့ လုပ်ကြည့်ဖို့များ မစဉ်းစားပေဘူးလား"

သို့ပြောလိုက်သည့် သူမကို မုဆိုးစောကျော်ခင်က မထိတရီ ကြည့်လိုက်လေပြီး...

"ခင်ဗျားပြောတာ မှတ်မိလား၊ လမ်းပြအဖြစ်လိုက်လာတဲ့ မုဆိုးက လမ်းပြအလုပ်ပဲ လုပ်တာ အကောင်းဆုံးလို့ အမိန့်ရတဲ့စကား ပြောခဲ့တာလေ"

"ဟင်း ဟင်း ဟင်း တကယ်တော့ တော်ကလည်း ယောကျ်ားမဆန်လိုက်တာ၊ အချိန်အခါ အခြေအနေကိုလိုက်ပြီး ပြောလို့ရတဲ့စကားအပေါ်မှာ လုပ်ပိုင်ခွင့်ရှိလာတဲ့ ခရီးတွေမှာ နောက်ကြောင်းပြန်ကိစ္စကို အသေးအနက်ထားပြောတတ်ကြတော့



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမကြိုက်ဘူး၊ တကယ်ပြောတာပါ၊ ယောကျ်ားဆိုတာ အဲဒီလိုစိတ်မျိုး မထားရဘူး"

သို့ဆိုသလို သူမသည် မုဆိုးစောကျော်ခင်ကို အမြင်မကြည်သောလေသံမာမာနှင့် ပြောလိုက်လေပြီး ကျွန်တော့ဘက်လှည့်၍...

"တော်ပြီ... တော်ပြီ... အဲလောက်ဆို တော်ပြီ" ပြောလာသဖြင့် ကျွန်တော်သည် ကျင်းတူးဆွနေခြင်းကို ရပ်လိုက်လေ၏။

"ကျုပ်တာဝန်ပြီးပြီ ရှင်တို့ပိုင်းကူလို့ပေါ့၊ ကျေးဇူးတင်တယ်၊ ကဲ... ရှင်တို့ရွာထဲ သွားမလား"

သည်တွင် ကျွန်တော်က လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

"ဘယ်လိုလုပ်ကြမလဲပေါ့"

လင်းမြင့်လှိုင်က သူမကိုသာ ကြည့်လိုက်လေပြီး...

"ဒီမြေကျင်းကို ဘယ်တော့မြှုပ်ဖို့ရမှာတုံး"

သည်တွင် သူမက ကောင်းကင်ယံသို့ မော်ကြည့်လိုက်လေပြီး...

"နေမွန်းတည့်တော့မယ်၊ မွန်းလွဲလေမှ ဖြစ်နိုင်တယ်"

သို့ ပြောလာလေ၏။

"နို့ဖြင့် အချိန်တွေရှိသေးတာပဲ"

လင်းမြင့်လှိုင်က ပြောလိုက်လေ၏။ သူမမျက်နှာကိုလည်း စေ့စေ့ကြည့်လိုက်၏။

ဘယ်လိုသဘောနှင့် လင်းမြင့်လှိုင်က သူမကိုကြည့်နေ





ခြင်းကို ရိပ်မိဟန်တူသည့် မိန်းမပျိုက အသက်မပါသည့်အပြုံးတို့ကို ဖန်တီးလိုက်လေကာ...

"ကျုပ်အတွက်တော့ အချိန်ဆိုတာ အမြဲတမ်းပိုနေတာ ရယ်လို့မရှိပါဘူး၊ အမှန်ပြောရလျှင် အချိန်ဆိုတာ အပိုထားလို့လည်းရတယ်၊ မထားလို့လည်း ရတယ်၊ အဓိကကတော့ ကိုယ့်မှာပဲ မူတည်တာပါ။ ဒါကိုပဲ လူတွေက ရေးကြီးခွင်ကျယ်လုပ်တတ်ကြတယ်၊ အားကြီးမှန်းဖို့ကောင်းတယ်"

"ဟင်း ဟင်း နို့ကြောင့် ခင်ဗျားကို ထူးဆန်းတဲ့မိန်းမပျိုလို့ပြောကြတာကိုး ဗျ"

"အဲလိုဖြစ်ကောင်းလည်း ဖြစ်ပါလိမ့်မယ်၊ ကဲပါလေ ကျုပ်ရဲ့ရေပ်ပေါ် ခဏလိုက်ခဲ့ကြချေဦး၊ ပြီးလျှင်ဖြင့် ရွာထဲသွားမယ်"

"ဘာလုပ်မလို့တုံး"

တကယ်တော့ လင်းမြင့်လှိုင်က သူနှင့် အေးအေးဆေးဆေး စကားပြောလိုပုံဖြစ်၏။ သူမအကြောင်း ဂဃနဏသိလိုဟန်ဖြစ်ချေ၏။

ယခုရွာထဲ သွားကြမည်ဆိုတော့ လင်းမြင့်လှိုင်အနေဖြင့် သူမနှင့်လွတ်လွတ်လပ်လပ် စကားပြောချိန်မ ေမည် စိုးရိမ်နေဟန်ဖြစ်ခြင်းကြောင့် သူမကို ငေးကြောင်ကြည့်နေ ေဝတော့၏။

"တော့် ရင်ထဲမယ် ပြောစရာစကားတွေ ရှိလိမ့်မယ် ထင်ပါ ရဲ့"

သို့ သူမက လမ်းကြောင်းပေးလာ ေသ ၍။

အလိုလေးဗျာ၊ လူတစ်ယောက်၏အဒ္ဒ်ံ ြးကဲ၊ ဖြစ်လိုသနှ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းစိတ်သဏ္ဌာန်ကို သိနေပါကလား၊ သို့ဆိုလျှင်ဖြင့် သူမကို လွှတ်တွက်၍ ရလိမ့်မည်မဟုတ်ပါချေ။

"နို့ကြောင့်လည်း ကျွန်တော်က ခင်ဗျားနဲ့ စကားတွေ ပြောချင်တာပေါ့ဗျာ"

သို့လင်းမြင့်လှိုင်က ပြောလိုက်ချေ၏။

"ကျုပ်ကလည်း ရွာထဲသွားချင်တာမှ မဟုတ်တာချည်။ တော်တို့က ကျုပ်ကို ကူညီကြတယ်၊ ကျုပ်က တော်တို့ကို ဘာမှ မကျွေးမမွေးနိုင်ဘူး၊ နေမွန်းတည့်တော့မယ်၊ ရှင်တို့ ဆာရောပေါ့၊ နို့ကြောင့် ရွာထဲလိုက်ပြီး ထမင်းကျွေးမယ် စိတ်ကူးတာပဲ"

"အလိုလေးဗျာ... ဒါလေးများဗျာ၊ ကျွန်တော်တို့ တောတောင်ထဲမယ် အမဲမရလျှင်ဖြင့် တစ်ခါတလေ နှစ်ရက်သော်ရေပဲ သောက်နေရတာ ကြုံဖူးပါတယ်၊ ဒီလောက်လေးများဗျာ ရပါတယ်"

သို့ ကျွန်တော်က ပြောလိုက်၏။

"ရှင်တို့စားချင်တာ၊ မစားချင်တာ ကျုပ်စိတ်ထဲမှာ ရှိနေတယ်များ မှတ်နေလား၊ ဝေးဝါသေးတယ်၊ ခု ကျုပ်တာဝန် ကျုပ်လုပ်နေတာ၊ ကူညီကြသူကို တစ်ခုခုကျွေးမွေး ကျေးဇူးဆပ်ချင်တယ်၊ နို့ကြောင့်"

"နို့ကြောင့်ဆိုလျှင်ဖြင့်လည်း ခင်ဗျား စိတ်တိုင်းကျဖြစ်အောင် လုပ်တာပေါ့"

"အလိုတော်... ပြောပါဦး"

"စောကျော်ခင်... ခင်ဗျား ရွာထဲသွားချေဗျာ၊ ရွာသူကြီးကို သိသလား"





"သိတာပေါ့ဗျာ"

"နို့ဖြင့် ကျွန်တော်တို့အတွက် သူကြီးကို စီစဉ်ခိုင်းဗျာ၊ ပြီးလျှင် ဒီကိုယူလာခဲ့ချေ။ အဲ... တစ်ခုတော့ ရှိတယ်၊ သူကြီးကို ပြော၊ စားဖွယ်တွေပဲပေးလိုက်ပါ၊ လူလိုက်မလာပါနဲ့ဦးလို့၊ ညနေကျလာ ခဲ့မယ်လို့ ပြော၊ကိစ္စလေးရှိလို့ အဲလိုကြီး စီစဉ်လိုက်တာပြော၊ ဟုတ်လား"

သို့ လင်းမြင့်လှိုင်စကားဆုံးသည်တွင် သူမက လင်းမြင့်လှိုင်ကို သဘောကျစွာ ကြည့်လေပြီး...

"တော် ပြောစကားကိုကြည့်ပြီး ကျုပ် ဝေဖန်ရလျှင်ဖြင့် တော်ဟာလေ ယောကျ်ားပီပီသသ စကားပြောပြတ်တဲ့ပုံစံဖမ်းနေပေမင့် တကယ်တော့ တော်က ငါပြောလျှင်ဖြစ်တယ်၊ ငါလုပ်လျှင် ဖြစ်တယ်ဆိုတဲ့ စိတ် ရှိနေပုံပဲ။ ဘာကိုများ ဒီလောက်တော်လျှက်နဲ့ ရိုရိုကျိုးကျိုး မနေတတ်ရတာတုံး"

"ဗျာ"

"ဟင်"

"ကဲပါ... ဒါက တော့်ကိစ္စပဲ၊ လာကြချေ၊ ဇရပ်ပေါ် သွားကြမယ်"

သို့ကြောင့် ကျွန်တော်တို့သည် ဇရပ်ပေါ်ရောက်သွားကြ၏။ ရောက်စကတော့ အမှတ်တမဲ့၊ ယခုမှ စေ့စေ့ကြည့်မိ၏။ အလိုလေးဗျာ၊ ဇရပ်ပေါ်တွင် သန့်သန့်ရှင်းရှင်းသည်းကျင်းထားပါကလား။

"ဘာလဲဟင်... ဒီမှာ ညအိပ်ညနေ နေတာလား"

သို့ ကျွန်တော့အမေးစကားကြောင့် မိန်းမပျိုသည် မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



မျက်ခဝန် ပြုံးသွားလေပြီး…

"အလိုတော်… ဘယ်လိုစိတ်ကူးနဲ့ ပြောလိုက်တာတုံး။ ဘယ်လိုဖြစ်နိုင်မှာတုံး၊ ကျုပ်က အဲဒီလောက်လည်း သတ္တိမရှိပါဘူး။ ညအိပ်ညနေ ဘယ်နေပါ့မလဲတော် ဟင်း ဟင်း ဟင်း"

သို့နှယ်ပြောပြီး သဘောကျစွာ ရယ်သွမ်းသွေးနေလေ၏။

အလိုလေးဗျာ၊ သူမရယ်မောပုံသည် ချစ်စရာစင် ကောင်းသေးတော့၏။ သည်လို နေရာ၊ သည်လို ရွာသူတစ်ယောက်သည် ဘယ်လိုကြောင့် ပတ်ဝန်းကျင်နှင့် ဟာမိုနီမဖြစ်ရပါလိမ့်။ ထိုသည်ကလည်း သူမကို ထူးဆန်းသောမိန်းမမျိုးလို့ ပြောကြသည့်စကားအတွက် ပုံပိုးမှုတစ်ခုများလေလား"

"တောင်းပန်ပါတယ်"

"ရပါတယ် ကျုပ်က သဘောထားကြီးတတ်ပါတယ်၊ ဟဲ ဟဲ ဟဲ"

"ရေတော့ ရှိတယ်"

သို့ ပြောပြီး ဇရပ်ပေါ်ရှိ မြေအိုးတစ်လုံးကို လှမ်းကြည့် ပြောလာလေ၏။ ကျွန်တော် လှမ်းကြည့်မိ၏။

ရေအိုးတစ်လုံးကို ထမင်းပန်းကန်ပြားဖြင့် အုပ်ထားလေပြီး ဝါးခွက်တစ်လုံးတင်ထား၏။

ကျွန်တော်တို့ တွေ့နေမြင်နေကျ မသန့်မပြန့်ရေအိုးတစ်လုံးနှင့် ရေခွက်မျိုးမဟုတ်ပါပေ။

သန့်သန့်ပြန့်ပြန့် ရှိချေ၏။

သို့ကြောင့် ကျွန်တော်သည် ရေအိုးနားသွားလိုက်၏။

"ကျွန်တော် တစ်ခုတောင်းဆိုချင်တယ်"





လင်းမြင့်လှိုင်က သူမကိုပြောလိုက်သံ ကျွန်တော်ကြားလိုက်၏။

"ပြောကြည့်လေ"

"ဘယ်လိုပဲ ပြောပြော ကျွန်တော်တို့က နည့်သည်၊ ခင်ဗျားက အိမ်ရှင်၊ နို့ကြောင့် ခွင့်တောင်းရတာပါ။ ပွင့်ပွင့်လင်းလင်းနဲ့ တိုတိုတုတ်တုတ်ပဲ ပြောပါ့မယ်၊ ကျွန်တော်တို့ နည်းနည်းသောက်ချင်တယ်"

"ရှင်"

"ဟင်း ဟင်း ဟင်း"

ကျွန်တော်သည်ပင် ရယ်ချင်မိလေ၏။ အင်းမရှိ အဖျားမရှိ သို့ လင်းမြင့်လှိုင်စကားတ ဘာလိုလိုကြီးဖြစ်သွားသည်ကိုး။ သို့ဆိုတော့ သူမသည် မိန်းမသားက မိန်းမသားပါပဲကလား။ လင်းမြင့်လှိုင်သည် သူစကားပြောသောကြီးကာ အမှတ်တမဲ့ ပြောလိုက်မိခြင်းကြောင့် သူမကို အားတောင့်အားနာဖြစ်သွားပြပင်။

"အလိုလေးဗျာ… တကယ်ပဲ တောင်းပန်ပါတယ်၊ ကျွန်တော် စကားပြောလောသွားလို့ပါ၊ သောက်ချင်တယ်ဆိုတာ ဒါကိုပြော တာပါ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ကပျာကသီပင် အိတ်ကပ်အတွင်းမှ ဝီစကီပုလင်းပြားလေးကို ထုတ်ပြလိုက်ချေလေ၏။

သည်တော့မှ သူမ ပြုံးနိုင်ချေတော့၏။

"အရက်သောက်သူတိုင်းကို အပြစ်မဆိုပါဘူး၊ အရက်သောက်ပြီး မူးယစ်ရမ်းကားသူဆိုလျှင်ဖြင့် သတ်ပစ်ချင်သောက်အောင် ဖြစ်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



သို့ သူမက ပြောလေ၏။

"သည့်တွက်တော့ စိတ်ချပါဗျာ၊ မောဒီမယ် သေနတ်၊ မောင်း အရန့်သင့် တင်ထားပေးမယ်၊ ကျွန်တော်တို့ မူးယစ်ပြီး ခင်ဗျားအပေါ် ဖောက်လွဲဖောက်ပြန် ပြောမိဆိုမိတယ်ပဲဖြစ်ဖြစ်၊ စော်ကားမော်ကား ကိုယ်ထိလက်ရောက်လုပ်ဖို့ ကြိုးစားလာတယ် ဆိုလျှင်ပဲဖြစ်ဖြစ် ဒီခလုတ်လေးကို နှိပ်လိုက်ရုံပဲ၊ ခင်ဗျား မြားပစ် တတ်တဲ့ မုဆိုးတစ်ယောက်ဆိုတော့ သေနတ်တော့ မပစ်တတ်ဘူး ဆိုတောင်မှ လက်ညှိုးလေးကိုကွေးတတ်မှာပေါ့။ ငါးပေအောင် တစ်ယောက်နဲ့တစ်ယောက် မကွာဘူးဆိုတော့ ပစ်မှတ်ကိုလည်း ဘယ်လိုမှ ချော်တွက်ဖို့ အကြောင်းမရှိပါဘူး"

သို့ပြောလာသည့် လင်းမြင့်လှိုင်တို့ သူမ တအံ့တဩ ကြည့်လိုက်ချေ၏။ လင်းမြင့်လှိုင်က သူ့သေနတ်ကို မောင်းတင် ထား ကမ်းပေးလိုက်၏။

"မလိုပါဘူး၊ အမွေးမြင် အသင်သိဆိုသလိုပါပဲတော်၊ ယုံ ပါတယ်၊ သောက်ပါ၊ အမြည်းတော့ မရှိဘူး"

"ဟင်"

"ဗျာ"

သူမသည် အရက်သောက်လျှင် အမြည်းလိုအပ်သည်ကို လည်း သိနေပါကလား။

"ကျေးဇူးတင်ပါတယ်ဗျာ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် အဖုံးဖွင့်၊ တစ်ငုံမော့ သောက်လိုက်လေပြီး သူတို့နားရောက်သွားသည့် ကျွန်ဘော့ထံ ပုလင်းပြားလေး လှမ်းပေးလိုက်ချေ၏။





"ဟင်း ဟင်း ဟင်း၊ ရှင်တို့က အတိတ်က ပြုခဲ့တဲ့ကံ ကောင်းလို့ မြို့ပြမယ် လူဖြစ်လာကြတာနော်၊ တောနေတောင်သူ တွေနဲ့ ဘာဓချင်းကွာပါတော်၊ လှလှလေး ရှုရှုလေးနေလို့ရလျက်နဲ့ ဘာကြောင့် ဒီလိုမြို့ပြနဲ့ ဝေးသီခေါင်တဲ့နေရာကို လာကြလဲရှင်"

"အမဲပစ်ဖို့ပေါ့ဗျာ"

"အဲဒီလောက်အထိ မိုက်မဲလှချည်ကလား၊ အကုသိုလ်ဖြစ် မှုကို အဝင်ပန်းခံ၊ ဒုက္ခခံ ဒီထိတောင်လာပြီး ပါဏာတိပါတာကံ ကျူးလွန်နေကြပါကလား၊ နို့လည်း ဝဋ်ကြွေးလို့ပြောလို့ ပြောရ တော့မပေါ့၊ ဟင်း ဟင်း ဟင်း ဟင်း"

"ဟုတ်ပါရဲ့ဗျာ၊ ခင်ဗျားပြောသလို ဖြစ်နေတာလား မသိ ဘူးဗျာ၊ ကျွန်တော်တို့နှစ်ယောက်က သတ္တဝါလေးတွေအသက် သတ်ရလျှင်ဖြင့် မပျော်၊ နေမထိထိုင်မသာဖြစ်တတ်ကြတယ်လေ"

"အဖြစ်မပြောပါဘူး"

"ဗျာ"

"ဟင်"

ဘယ်လိုစိတ်ကူးရသွားပြန်သည် မသိ၊ သို့ကြောင့် သူမကို အူးဆန်းစွာကြည့်နေမိတော့၏။

"ကျုပ် တစ်ချိန်က အဲလိုပဲ လုပ်ခဲ့ဖူးပါတယ်၊ ခုတော့ လုပ် ခဲ့ဖူးတဲ့အဖြစ်တွေအတွက် ပေးဆပ်နေတာလေ"

"ချီးကျူးပါတယ်ဗျာ၊ ကျွန်တော်တို့လည်း သိသင့် သလောက် သိပြီးပါပြီ၊ အဲ... နို့ပေမင့်လို့ မသိတာရှ ဆးတယ်"

"ဘာများတုံး"

"ခင်ဗျားဆိုတဲ့နာမ်စားကို ဆက်မသုံးချင်ဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ… ဒါလား၊ ကျုပ်အဖေ မေးခဲ့တာတတော့ 'စာနည်ကြည်'တဲ့၊ မြို့သူတွေလိုတော့ နာမည်မလှဘူးနော်၊ ခေါ် ရတာကြီးက ထောက်နေမပေါ့၊ နို့ကြောင့် သည်းခံခေါ်ကြပေါ့"

"ဪ… စာနည်မတဲ့လား"

သို့အချိန်တွင် ခေါက်ဆွဲ(?) ချောကျော်ခင်ရောက်လာချေ၏။ သူ့ထံတွင် လေးဆင့်ချိုင့်ကြီး ပါလာ၏။ ငှက်ပျောတစ်ဖီး ပါလာ၏။

အစော်ပေပဲ။

သို့ဆိုလျက် စာနည်ကြည်သည် စောကျော်ခင်ထံမှ ထမင်းချိုင့်ကို လှမ်းယူလိုက်လေပြီး တစ်ဆင့်ချင်းဖြုတ်ချရိုက် ရင်း…

"ဒီရွာက သူကြီးလေ၊ သူ့အတိုင်းအတာနဲ့သူတော့ ချမ်း သာလို့ပေါ့၊ ရွာသားတွေကတော့ အကျီကောင်းကောင်း မရှိကြဘူး၊ ဖိနပ်ဆိုတာ မစီးတတ်ကြတာမဟုတ်၊ မစီးနိုင်ကြတာ၊ သူကြီး မိသားစုကတော့ ဟုတ်ပါတယ်၊ ဝတ်လိုက်စားလိုက်လျှင် ပြောင် ပြောင်ရောင်ရောင်ချည်းပဲ။ ဖိနပ်မပါလျှင် အပြင်မထွက်တတ်ကြ တော့ဘူးတဲ့၊ တစ်ချို့က ဗလာခြေထောက်နဲ့ လျှောက်သွားနေတဲ့သူ တွေပဲတော်၊ ခုကြည့်စမ်း၊ စတီးချိုင့်ကြီး ကောင်းမှကောင်း၊ အလို လေးတော် ဟင်းတွေကလည်း အမျိုးစားပါကလား။ ကြီသားနှပ်၊ ကြက်ကြော်၊ အောင်မယ်လေး… တော်တို့အတွက် အမြည်းအလို့ ဗှာ ယုန်သား ကင်ပေးလိုက်တာ နေမယ်၊ ပူပူနွေးနွေးရယ်၊ မဟုတ်မှ လွဲရော မွေးထားတဲ့ယုန်ကိုသတ်ပြီး ကြော်ပေးလိုက်တာနေမှာ၊ နို့ကြောင့် တော်တို့ကို စာနာစိတ်ထားစေချင်တာ၊ တော်တို့ကြောင့် ယုန်လေးတစ်ကောင် သေရပြီ၊ တော်တို့သာ ဒီရောက်မလာလျှင်





ဖြင့် ဒီယုန်က သေရဦးမယ်မဟုတ်ဘူး၊ ဟင်း ပ င်း ဟောဒီမယ် ငါးပိချက်၊ တညင်းသီးပြုတ်၊ ကန်စွန်းရွက်ကြော်၊ ဟုတ်ပြီ… ကျုပ်လည်း စားမယ်တော်"

ဆိုလျက် ထမင်းကို စွန်းဖြင့် ခပ်စားလေ၏။

"တော်တို့ မရှုံလောက်ပါဘူးနော်"

သို့လည်း ပြောလေ၏။

ကျွန်တော် သူမကို သဘောကျကြည့်နေမိ၏။

"ကိုမိုက်သောက်လေ"

သို့အသံကြားလေမှ သတိပြန်ဝင် ပုလင်းကိုမော့သောက် လိုက်လေ၏။

"စောကျော်ခင်လည်း စားလေ"

"ဟုတ်"

သို့ဖြင့် စာနည်မနှင့်စောကျော်ခင် ထမင်းစား၊ ကျွန်တော် နှင့် လင်းမြင့်လှိုင်သည် အရက်သောက်၊ အမြည်းစား…

"ဟင်… ခင်ဗျား ဘာလို့ငိုနေတာတုံး"

ထမင်းငုံ့စားရင်း မျက်ရည်စီးကျနေသည့် စာနည်မကို တအံ့တဩကြည့်မေးလိုက်လေ၏။

"ကျုပ်မယ် မိသားစုမရှိခဲ့ဘူး၊ ဒီလို စု စည်းစည်း စား သောက်တာ မလုပ်ခဲ့ဖူးဘူး၊ ကျုပ်အစ်ကိုတစ်ယောက်တော့ ရှိပါ တယ်၊ မောင်နှမနှစ်ယောက်တော့ လက်ဆုံစားဖူး ါ ် ၊ ဒါလေးတို့ တောင်မှ ကြာကြာခွင့်မပြုခဲ့ကြဘူး၊ ခုတော့ ဂ ျပ် ဘစ်ယောက် တည်း အထီးကျန်နေပြီလေ၊ ဟင်း ဟင်း ရှုတ် ရှုံ ဟင့်"

သို့နှယ် ပြောလည်း ပြော၊ ငိုလည်း ငို၊

www.burmeseclassic.com



"စိတ်မကောင်းပါဘူးဗျာ"

သို့သာ ကျွန်တော် ပြောလိုက်မိ၏။

မည်သို့ပင်ဆိုစေ၊ ကျွန်တော်တို့သည် ဓာနည်မကို လတ်တလော အခြေအနေအရတော့ဖြင့် စာနာသွားမိကြ၏။

ကျွန်တော်တို့ စားသောက်ပြီး လက်စသိမ်းနေစဉ်တွင် ဓာနည်မသည် ကောင်းကင်ထက်သို့ မော်ကြည့်လိုက်လေပြီး...

"အလို နေမွန်းလွဲပြီပဲ၊ တော်ကြာနေ အသုဘရောက်လာတော့မယ်၊ ရသေ့ကြီးလည်း ရောက်မလာသေးပါကလား" လို့ ပြောလာလေ၏။

"ဟင်... နို့ဖြင့် ဘယ်က ရသေ့ကြီးတုံး"

ရသေ့ဆိုသဖြင့် ကျွန်တော်က ရသေ့မမွပါလတို့ သတိရလိုက်သောကြောင့် သို့မေးလိုက်ခြင်းဖြစ်၏။

"ဒီတောင်ကြောအခြေ မြောင်ကျွမ်တစ်ဖက်တောင်ကြောပေါ်မယ် တရားထိုင်နေတဲ့ ရသေ့ပဲ"

သို့ဆိုတော့ ကျွန်တော်သည် ရသေ့ကြီးရောက်အလာကို စောင့်မျှော်နေမိ၏။ ရသေ့မမွပါလများလားလို့ တွက်လိုက်မိ၏။

"ကဲပါတော်၊ အယ်လိုမှမထင်နဲ့။ မြန်မြန်လက်စသိမ်းလိုက်ကြစမ်းပါ"

သို့ဆိုတော့ လင်းမြင့်လှိုင်နှင့် ကျွန်တော်တို့သည် အမြန်ရှင်းလင်းလိုက်ကြ၏။ စောကျော်ခင်က စားပြီးချိုင့်၊ ခွက်ယောက်တို့ကို ပြန်သိမ်းဆည်းနေလေ၏။ ဓာနည်မက ဖရုပ်ပေါ်မှအောက်သို့ ပြေးဆင်းသွားကာ ခဏအကြာတွင် ပြန်တက်လာ၏။ သည်တွင် ဝါးကပ်တစ်ခုပါလာလေ၏။





အလိုလေးဗျာ... တယ်ဟုတ်ပါကလား ကျွန်တော်တို့ ထမင်းစားသည့်နေရာတွင် ထိုဝါးကပ်ကို ကန့်လန့်ဖြတ်ခင်းလိုက်၏။

ကျွန်တော် သဘောပေါက်သွားလေ၏။ ခေါင်းတင်ရန်ဖြစ်၏။ ထိုအခေါင်းအထက်ဘက်တွင်လည်း သုံးပေခတ်လည့်ရှိ ဝါးကပ်လေးချထားလိုက်၏။

ထိုသည်ကား သူမပြောသော ရသေ့ထိုင်ရန် ဖြစ်ချေ၏။ ရသေ့သည် သေသူကို သရဏဂုံတင်တည်ပေးပေလိမ့်မည်။

"ဘာဝိုင်းကူရဦးမလဲ"

ကျွန်တော်က မေးလိုက်၏။

"ရပါတယ် ကိစ္စမရှိပါဘူး၊ တော်တို့သာ သွားစရာရှိသွား၊ သွားချင်လျှင်ဖြင့်လည်း တော်ကြာနေ အသုဘရောက်လာမှာဆိုတော့ တော်တို့နေတတ်သလို နေကြချေပေါ့"

ဓာနည်မတစ်ယောက် ကျွန်တော်တို့အပေါ် ခင်မင်ရင်းနှီးမှု ဖြစ်သွားပုံရသည့်စကား ပြောလာခြင်းပါကလား။

ကျွန်တော် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

"ကျွန်တော်တို့ သူကြီးအိမ်သွားကြစို့"

စောကျော်ခင်က ဆေးကြောပြီး ချိုင့်ကို ကိုင်၍ ပြောလာလေ၏။ သို့ကြောင့် ကျွန်တော်က...

"ခင်ဗျားပဲ သွား၊ ကျွန်တော်တို့ ဒီမယ်နားနေရင်း ရသေ့ကို စောင့်ချင်တယ်"

သို့ ပြောလိုက်သည်ကို ဓာနည်မက ကြားသွားသဖြင့် ကျွန်တော့ကို အသေအချာကြည့်လာလေပြီး...

"အလိုလေးတော်... ရသေ့ကိုစောင့်ရအောင် ဘာများ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စရှိလို့တုံး၊ ရသေ့ကို သိလို့လား" သို့ မေးလာလေ၏။

"သြော်… တောမှီရသေ့ဆိုတော့ ကျွန်တော်တို့အသိမိတ်ဆွေ ရသေ့ကြီးမွေ့ပါလများ ဖြစ်နေမလား သိချင်လို့ပါ။ ရသေ့ကြီး မွေ့ပါလကလည်း တောတောင်ထဲ လှည့်လည်တရားဘာဝနာ ပွားလေ့ပွားထရှိတယ်လေ၊ ကျွန်တော်တို့နဲ့ တောတောင်ထဲမယ် မကြာခဏဆုံသလို ကြုံတတ်ပါတယ်၊ နို့ကြောင့်ပါ"

သို့ ကျွန်တော်က အကျိုးအကြောင်း ရှင်းပြလိုက်၏။

"သြော်"

သို့သာ ပြောပြီး သူမသည် ရေပ်ပေါ်မှ ဆင်းသွားပြန်၏။

"ကျွန်တော်တို့ သုသာန်ထဲ လျှောက်ကြည့်စို့ဗျာ"

သို့ ကျွန်တော်က လင်းမြင့်လှိုင်ကို ပြောလိုက်၏။

သို့ဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် သုသာန်တွင်း ဟိုဒီအကြောင်းမဲ့သက်သက် လျှောက်နေလိုက်ကြရင်း သုသာန်ဝမှ ဝင်လာသည့်အသုဘကို လှမ်းမျှော်နေမိလေ၏။ ဘာရယ်တော့ ဖြင့် မဟုတ်ချေ။

ရွာနေပုဒ်သုသာန်ဖြစ်ခြင်းကြောင့် ကြို့ပင်ကုန်းရွာတွင် လူဦးရေလည်း နည်းသည်ဖြစ်၍ လူအသေအပျောက်လည်း သိပ်မရှိလှလေခြင်းကြောင့် လူသေမြှုပ်နှံမြေပုံတို့ အမြင်လက်ချိုး ရေတွက် ရလောက်ချေ၏။

ကျွန်တော်မှတ်မှတ်ရရ မြေပုံမို့မို့၊ သေဆုံးမြှုပ်နှံ မကြာသေး ထင်ရသည့် မှတ်တိုင်ဆိုင်းဘုတ်လေးတစ်ခုသာ ရှိ၏။ မြေကျင်းရှိုင်ဝင်နေသည့် မြေပုံဟောင်းတို့မှ ချုံပုတ်ခင်ငယ်တို့ဖြင့် ဖုံးလွှမ်းနေလေ၏။





"အလိုလေးဗျာ၊ ဓာနည်မ ဘာတွေလ ပ်နေပါလိမ့်"

ကျွန်တော်နှင့် လင်းမြင့်လှိုင် စကား ဘ ပြောပြောနှင့် လျှောက်ရင်း ချုံပုတ်ပင်ခပ်ကြီးကြီးနောက်ကွယ်တွ ဆိုင်း၍ မြေကြီးအား ထိုးကော်နေသည့် ဓာနည်မကို တွေ့လိုက်သ ဖြင့် တအံ့တသြ ဖြစ်လျက် သူမနားသွားလိုက်၏။

"ဘာလုပ်နေတာတုံး"

ကျွန်တော်တို့အသံကြားလိုက်သဖြင့် ဓာ သည်မတစ်ယောက် ရုတ်တရက် တုန်လှုပ်သွားလေ၏။

"သြော်… ဘာမှမဟုတ်ပါဘူး၊ ဒီခုံ ဘဲ ယုန်ဝင်သွားလို့"

"ဗျာ"

"သည်သုသာန်ထဲမယ် ယုန်ရှိတယ်ေ ာ"

"အလိုလေးတော်… ဟိုမယ် တော ခပ်လေ၊ ဘာလို့ ယုန် ဒီရောက် မလာရမှာတုံး၊ ယုန်တင်မဟုတ်ာ း၊ တစ်ခါတလေ တောခွေးတွေတောင် ရောက်လာသေးတယ်"

"တောခွေးကတော့ ရောက်လာတတ် ယ်ဆိုတာ သိပါတယ်၊ ဒီကောင်တွေက လူသေတွေကို စားလေ့စ းထရှိတယ်လေ"

သို့ ကျွန်တော်က ပြောလိုက်၏။

"ဟုတ်ပါ့ရှင်၊ နို့ကြောင့် ကျုပ်က ေ ပယ်မြှုပ်တဲ့အခါ ကျင်းကို နက်နက်တူးတာပေါ့၊ နို့မှမဟုတ် တောခွေးအတွေ့ဖွလို့ တစ်ရွာလုံး နံနေတော့မပေါ့"

"နောင် ဝေ ဝေ ဝေ ဝေ"

အလိုလေးဗျာ၊ ရေပ်ပေါ်မှ ကြေးစည် ပ်လေးပါလား၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် သို့အသံကြားလေမှ ဇရပ်သို့ပြန်လှမ်းကြည့်မိကြလေ၏။

"အလိုတော်၊ ရသေ့ကြီးရောက်လာပြီဝဲ၊ ကျုပ်သွားချေဦးမယ်"

သို့ဆိုလျက် ဇာနည်မသည် နေရာမှလှစ်ခနဲ ပြေးသွားလေတော့၏။

"ကျွန်တော်တို့လည်း လိုက်မယ်"

သို့ဆိုလျက် ကျွန်တော်တို့သည်လည်း ဇာနည်မနောက်ခြေလှမ်း ကျဲကျဲဖြင့် လိုက်သွားကြလေ၏။

အလိုလေးဗျာ… ကျွန်တော်တို့ ထင်ထားသလို ရသေ့မမ္မပါလမဟုတ်ပါကလား၊ ယခုရောက်နေသော ရသေ့သည် အရပ်ရှည်ရှည်ဖြစ်ချေ၏။ ဒေါက်ခြာဆောင်းထားချေ၏။ ကတွတ်သီးအရွယ် ပုတီးစေ့များဖြင့် ပြုလုပ်ထားသည့် စိမ်ပုတီးကြီးကို လည်တွင် ဆွဲထား၏။

နှာခေါင်းချွန်ချွန်၊ မျက်လုံးပြူးပြူး၊ မေးချွန်ချွန်၊ ထိုမေးတွင် ကျိုးတို့ကျဲတဲ အမွေးအမှင်တို့ ရှိချေ၏။

ရသေ့သည် ကျွန်တော်နှင့်လင်းမြင့်လှိုင်ကို သိမ်းငှက်တစ်ကောင်ကဲ့သို့ စူးစူးရဲရဲကြည့်နေလေ၏။

ပါးစပ်မှလည်း ဖွစိ ဖွစိ၊ ဘာတွေပြောနေလေသည်မသိ၊ တိုးညင်းလှသောကြောင့် မနည်း နားစိုက်ထောင်လိုက်လေမှ ဂုဏ်တော်ကိုးပါး သံကွန့်ချာကို ရွတ်ဖတ်နေကြောင်း သိလိုက်ရ၏။

"သားသတ်မှုဆိုး ဧည့်သည်တွေထင်ပါ့"

ကျွန်တော်တို့နှစ်ယောက် ရသေ့ရှေ့ထိုင်လိုက်မိကြသည်





နှင့် သို့မေးလာလေ၏။ သို့သိနေခြင်းသည် မအံ့သြမှု မဆန်းပါချေ။ ကျွန်တော်တို့ လက်ထဲတွင် သေနတ်များရှိနေသည်၊ ပြီးတော့ မြို့နေလူတန်းစား ရုပ်လက္ခဏာပေါ်နေသည်ကိုး။

"ရသေ့ကြီး ဒီမြောင်ကျုပ်မယ် တရားထိုင်နေတယ် သိရတယ်"

"ဇာနည်ပြောတာ မဟုတ်လား"

"နို့ပေါ့ဗျာ"

"ကျုပ်ရှိတဲ့ မြောင်ကျုပ်ဘက်တော့ အဲ့ဒါမပစ်ကြပါနဲ့ဗျာ၊ ကျုပ် မေတ္တာရပ်ခံပါတယ်"

တကယ်တော့ ယင်းသို့စကား ကျွန်တော်တို့ကိုပြောရန်မလိုပါချေ။ သို့ပေမင့်လို့ ရသေ့ သို့ပြောလာသည့်လည်း မမှားပါချေ။ အပြစ် မဆိုထိုက်ပါချေ။ ကျွန်တော်တို့က မုဆိုးတွေကိုး၊ ကျွန်တော်တို့ကို သားသတ်မုဆိုးလို့သာ သူ မြင်သည်ကိုး၊ ရသေ့တစ်ပါးနှင့် ရင်းရင်းနှီးနှီးရှိသည့် ကိုပိုက်နှင့် ကိုလင်း ဆိုသည်ကို မသိ၍ဖြစ်ချေလိမ့်မည်။

သို့ကြောင့် ကျွန်တော်က ရသေ့မမ္မပါလနှင့် ရင်းနှီးကြောင်း၊ ရသေ့မမ္မပါလအကြောင်း၊ ကျွန်တော်တို့နှစ်ယောက်အကြောင်း ဆက်နွယ်ကြပုံတို့ကို ပြောပြလိုက်လေ၏။

"သြော်… ဟုတ်ပါပြီ၊ ရသေ့ ကြားဖူးတယ်၊ ကိုလင်းမြင့်လှိုင် မဟုတ်လား၊ ပြီးတော့ ကိုပိုက်ဟုတ်ပြီ၊ ဟုတ်ပါပြီ ဝမ်းသာပါတယ်"

သို့ အားရဝမ်းသာပြောလာသဖြင့်…

"နို့ဖြင့် ရသေ့ကြီး ကျွန်တော်တို့ကို ဒီနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ရသေ့ ဒီတောတောင်အနှံ့ လျှောက်သွားနေတာပဲ၊ သစ်ခုတ် ဝါးခုတ်သမားတွေနဲ့ တွေ့နေတာပဲ၊ အမဲလိုက်မုဆိုးတွေနဲ့ ကြုံနေတာပဲ၊ မောင်ရင်တို့နဲ့လည်း ခုလာကြုံရပြန်ပြီလေ၊ ဟဲ ဟဲ ဟဲ"

"ကျွန်တော်တို့ကလည်း ဝမ်းသာပါတယ်၊ မုဆိုးနှစ်ယောက် ရသေ့နှစ်ပါး မိတ်ဖြစ်ကြပြီပေါ့"

နို့ဆိုသလို ကျွန်တော်က ရယ်စရာကောင်းသော ရယ်စရာစကားတစ်ခွန်းနှယ် ပြောလိုက်ချေ၏။

"ဟော… လာကြပြီ"

နံဘေးတွင်ထိုင်နေသည့် ဓာနုညိမက သို့ပြောလာသဖြင့် သုသာန်ဝသို့ လှမ်းကဲကြည့်လိုက်၏။

လူဆယ့်လေး၊ ငါးယောက်နှင့် အခေါင်းတစ်လုံး သုသာန်တွင်း ဝင်လာကြ၏။

အသုဘနှင့်အရင်းနီးဆုံးဆွေမျိုး ဖြစ်ဟန်တူသည့် အသက်အားဖြင့် ငါးဆယ်လောက်ခန့်ရှိ မိန်းမဝဝကြီးတစ်ယောက်က ငိုယိုလိုက်ပါလာလေ၏။ သို့ဖြင့် အလောင်းထည့် ခေါင်းတလားသည် ဓာနုညိမ အံရှုံ့သင့်လုပ်ထားသော ဝါးကပ်လေးပေါ်သို့ ရောက်လာ၏။

သေဆုံးသူနှင့်ပတ်သက်၍ ငိုယိုနေသော အမျိုးသမီးကြီး အပါအဝင် လူသုံးယောက်ခန့်သည် ရသေ့ကြီးရှေ့တွင် ပုဆစ်တုပ်ထိုင်လိုက်ကြ၏။

"ကဲ… ကဲ… သရဏဂုံတင်တော့မယ်"

သို့ဆိုလျက် ရသေ့သည် သရဏဂုံသုံးပါးကို ရွတ်ကရီထား





ကျကျ ရွတ်ဖတ်လိုက်လေပြီးနောက် လတ်တွင်းရှိ ခြေးစည်လေးကို 'နောင် ဝေ ဝေ' လို့ မြည်အောင် ရိုက်ခတ်လိုက်ချေ၏။

အလိုလေးဗျာ… တိုတိုတုတ်တုတ်ပြီး သွားပါကလား။

ခေါင်းတလားကို ပြန်သယ်မသွားကြ၏။

ဆယ့်လေး၊ ငါးယောက်သော လူတို့သည် နောက်မှလိုက်ပါသွားကြ၏။ ဇရပ်ဝေါ်တွင် ကျွန်တော်၊ လင်းမြင့်လှိုင် (စောကျော်ခင် သူကြီးအိမ် ချိုင့်သွားပို့သည်မှာ ပြန်ရောက်မလာသေးချေ။) နှင့် ရသေ့တို့ ကျန်ရစ်ခဲ့ချေ၏။

ဓာနုညိမသည် မြေဖို့ပေးရန် အလို့ငှာ ပါသွားချေ၏။

"ရွာထဲမှာ အိပ်ကြမှာလား"

ရသေ့က မေးလာ၏။

"ဟုတ်တယ်"

"ကျုပ်ပြန်ချေဦးမယ်"

"ဗျာင်"

ရသေ့သည် နေရာမှရုတ်ခြည်းထလိုက်ကာ ဇရပ်ပေါ်မှ ဆင်းသွားလေတော့၏။

ရသေ့သည် တောစပ်သို့ ခြေလှမ်းကျဲကျဲဖြင့် သွားနေလေခြင်း ဖြစ်လေ၏။

"အဟုတ်သွားကလား"

လင်းမြင့်လှိုင်က ပြောလာ၏။

"ဘာတုံးဗျ"

"ဟော်… သေသူကို သရဏဂုံ တင်သ းလိုက်ရတာလေ"



www.burmeseclassic.com

www.burmeseclassic.com



သို့သာပြောပြီး လင်းမြင့်လှိုင်သည်လည်း ဇရပ်ပေါ်မှ ဆင်းသွားချေလေ၏။

သို့ဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ဓာနည်မ မြေဖို့နေသည့် နေရာသို့ ရောက်သွားကြသည်တွင် အသုဘပို့သူများ သုသာန်အပြင် ရောက်သွားကြချေပြီ ဖြစ်လေ၏။

တစ်ယောက်သောသူတော့ဖြင့် ကျွန်ရစ်ခဲ့၏။

ထိုသူသည် မှတ်တိုင်ပေါ်တွင် သဘော်ခဲဖြူဖြင့် သေသူ၏ အမည်နှင့်အသက်ကို ရေးနေလေခြင်းဖြစ်လေ၏။

"အငြိမ်းစားကျောင်းဆရာကြီး ထင်ပါ့"

သို့ ကျွန်တော်က မေးလိုက်၏။

သည်တွင် ကျွန်တော်တို့ကို မော်ကြည့်လာချေ၏။

အသက်အားဖြင့် ခြောက်ဆယ်ကျော်ရှိချေပြီး မျက်မှန်ထူထူကြီး တပ်ထားချေ၏။

"ဒီရွာရဲ့ တစ်ဦးတည်းသော ဆိုင်းဘုတ်ရေးသူပေါ့လေ"

သို့ ဓာနည်မက လှမ်းပြောလာချေ၏။

"သူကြီးရဲ့ ညီတော်တယ်လေ"

အလိုလေးဗျာ၊ စောကျော်ခင်တစ်ယောက် ဘယ်အချိန်က အနားရောက်လာလေသည်မသိ၊ သို့အသံကြားမှ သိလိုက်ကြလေ၏။

"ကျုပ်တို့ ရွာထဲသွားကြမယ်"

"ကျုပ်လည်း သွားမှာပါတော်"

သို့ ဓာနည်မကလည်း ပြောလာ၏။

သို့ဖြင့် သုသာန်တွင်းမှ ကျွန်တော်၊ လင်းမြင့်လှိုင်၊ စောကျော်ခင် ဓာနည်မနှင့် ကျောင်းဆရာကြီးတို့ ထွက်ခဲ့ကြလေ၏။





အားလုံး၏ဦးတည်ရာသည် ရွာတွင်းသို့ ဖြစ်ရေ၏

"ဓာနည်မက ဘယ်မှာနေတုံး"

ကျွန်တော်က စပ်စပ်စုစု မေးလိုက်လေ၏။

"ရွာဖျားက တဲမယ်"

သို့သာ ဓာနည်မကပြောပြီး ရေမှခပ်သုဘ်သုတ် လျှောက်သွားလေတော့၏။

"ကျုပ်လည်း အစ်ကိုအိမ်သွားမယ်"

"အခန့်သင့်ပေါ့ဗျာ"

သည်သို့ဖြင့် ကျွန်တော်တို့သည် သည်ကြို့ပင်ကုန်းရွာ သူကြီးအိမ်သို့ ရောက်ခဲ့ကြလေ၏။

"ဘယ်လိုတုံး၊ ဓာနည်မကို တွေ့မြင်ခဲ့၊ လေ့လာခဲ့ကြပြီပေါ့"

သို့ဆိုသလို ရွာသူကြီးက ကျွန်တော်တို့ကို မြင်သည်နှင့် မေးလေ၏။ စောကျော်ခင် ပြောထားပြီဖြစ်၍ပင်။

"ဟိုတ်ကောင်... ရော..."

ကျွန်တော်တို့နှင့်ပါလာသော ကျောင်းဆရာကို သူကြီးက ငွေငါးရာတန်တစ်ရွက် လှမ်းပေးလိုက်၏။

"မင်း သောက်လည်း မနေနဲ့ဦး"

သို့ သူကြီးက ပြောလိုက်ပေမင့် ထိုကျောင်းဆရာသည် ခြံပြင်သို့ ရောက်သွားချေပြီဖြစ်၏။

"ဒီကောင်က ကျုပ်ညီလေ၊ ဝင်စင်စာ ဆ[illegible] ယန်းချိုလေး ဘာလေး ရေးတတ်တော့ သူကိုပဲ ဘာကိစ္စပြ [illegible]နိုင်းရတယ်၊ အဲ... လုပ်အားခအဖြစ် ငွေ(၅၀၀)လေ၊ မဆေးမ[illegible] ပေးရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီထက်လည်း ပိုမကောင်းဘူး၊ ငါးရာပဲ ယူတယ်၊ နို့ကြောင့် သူ့ကို ရွာက ငါးရာစားလို့ ခေါ်ကြတယ် ဟဲ ဟဲ ဟဲ"

သို့ဆိုသလို သူကြီးက ပြောလာချေ၏။

ကျွန်တော် သဘောပေါက်လိုက်ချေပြီဖြစ်၏။

"ကဲ... ကဲ... နေကြချေဦး၊ မနက်စာ စားကြပြီးပေါ့"

"ဟုတ်တယ်၊ သူကြီးပို့လိုက်တာလေ"

"အားနာလိုက်တာဗျာ"

သူကြီးက သို့ပြောလာချေ၏။

"ကျွန်တော်တို့ကသာ အားနာရတာပါ၊ တကယ်တော့ ရွာရောက်ရောက်ချင်း သူကြီးဆီလာရမှာပါ၊ နို့ပေမင့် သူ့သမီးမယ် ဓာနုညိမ ရှိနေတယ်ဆိုတော့ သူ့ကိုတွေ့ချင်တာနဲ့ အခုလို စီစဉ် လိုက်ရတာပေါ့၊ နို့မှလည်း သူ့ကို အနီးကပ် လေ့လာလို့ရမှာကိုး၊ အသုဘရှိနေတာက အတော်ဖြစ်သွားတာပေါ့"

သို့ဆိုသလို ကျွန်တော်က ပြောလိုက်၏။

"ဆရာလေးတို့ သောက်တတ်စားတတ်တယ်ဆိုတော့"

"ဒီအတွက် အထွေအထူး လုပ်နေစရာမလိုပါဘူး၊ ကျွန်တော်တို့မယ် အလုံအလောက်ပါပါတယ်၊ အမြည်းသာ လိုအပ်တာပါ"

သို့ ကျွန်တော်က ပြောလိုက်၏။

"ဒီအတွက်တော့ မပူလေနဲ့ဗျို့၊ မနက်စောစောပိုင်းက တောထက် လူတွေ ပြန်လာကြတယ်၊ တောကြက်၊ တောကြောင် သားနဲ့ စပါးကြီး မြွေသားခြောက်တွေ လာပေးထားကြတယ်၊ အဲဒါတွေနဲ့ အမြည်းလုပ်လို့ ရတယ်မဟုတ်လား"



"ဘယ်လိုပြောလိုက်ပါလိမ့် သူကြီးရယ် ပိုကောင်းတာပေါ့ဗျာ"

သို့ဆိုသလို စောကျော်ခင်က အားရဝမ်းသာ ပြောလိုက်လေတော့သည်။

သည့်နောက် ကျွန်တော်တို့သည် သူကြီးခင်းကျင်းပေးထားသည့် ညအိပ်ရန်အတွက် ကြိုတင်ပြင်ဆင်ထားသည့် အိပ်ရာထက်တွင် လဲလျောင်းနားလိုက်ကြလေ၏။ လင်းမြင့်လှိုင်သည် ကြမ်းပြင်ထက် ကျောချလိုက်သည်နှင့် အိပ်ပျော်သွားလေ၏၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပုံဝင်။ ဟောက်သံသဲ့သဲ့ပင် ကြားရ၏။ စောကျော်ခင်သည် သူကြီးကတော်နှင့် အာလာပသလ္လာပ စကားစမြည်ပြောဆိုရင်း အဖန်ရည်သောက်နေလေ၏။ ကျွန်တော်သည် နဖူးပေါ် လက်တင်လျက် ဓာနုညိအကြောင်းကိုသာ တွေးနေမိသလို ရွာသူကြီးအကြောင်းလည်း စဉ်းစားမိလိုက်ပြန်၏၊ သို့မှ ရသေ့အကြောင်း စဉ်းစားမိလိုက်သည်တွင် တစ်စုံတစ်ရာကို သတိထားမိလိုက်သဖြင့် သံသယပင်ဖြစ်မိလေတော့၏။ ရသေ့စစ်စစ်ပင် ဟုတ်ပါရဲ့လားလို့ အတွေးဝင်မိ၏။ ဘယ့်အတွက်နှ ရသေ့သည် လောကုတ္တရာဓာတ်စွမ်းများနှင့် ပတ်သက်၍ ထဲထဲဝင်ဝင် သိခြင်းတတ်ခြင်း ရှိ... ပါချေ။ သရဏဂုံသုံးပါးကိုသာလျှင် နှုတ်ဖတ်တတ်ပုံ ရ၏။ ...တ်ဖတ်သည်ဆိုရာတွင်လည်း နှုတ်တိုက်ရွတ်ဖတ်နေပုံ တွေ့...၏။ အနက်အဓိပ္ပာယ်ပင် သိလိမ့်မည်မထင်၊ ဟုတ်ရော ဟုတ်ပါရဲ့လား၊ ပြီးတော့ ရသေ့သည် ဓာနုညိမကိုသာလျှင် အမြဲ စိုက်ကြည့်နေပုံပင်၊ ကျွန်တော်တို့ မသိနိုင်သော ရသေ့နှင့် ဓာနုညိမတို့၏ ပတ်သက်မှုတစ်ခုခုတော့ဖြစ်ပုံ ရှိလိမ့်မည်။ ...င်းကိုနှင့်

www.burmeseclassic.com



ပတ်သက်၍ ကျွန်တော် လင်းမြင့်လှိုင်ကို သတိပေး ပြောရချေဦးမည်။ တစ်ချက် သတိထားမိပြန်သည်မှာလည်း ရသေ့သည် ကြေးစည်လေးကို အမြဲထုခတ်နေသည်ဆိုပေမင့် အချက်ကျကျ ရိုက်ခတ်ခြင်းမရှိပါချေ။ သုံးချက်ထုလျှင် အသံသုံးမျိုး ထွက်နေလေ၏။ ကျွန်တော်တို့ရသေ့ ဓမ္မပါလဆိုပါလျှင် အချက်ညီညီ ရိုက်ခတ်လေ့ခြင်းဖြစ်၏။ မည်သည့်အခါတွင်မဆို ကြေးစည်သံလွှင်လွှင်လေးသည် တစ်သံတည်းထွက်ပေါ်လေ့ရှိချေ၏။ ဗုဒ္ဓဘာသာဝင် မြန်မာ လူမျိုးအတော်များများ အမှုအတန်းဓေပြီး ကြေးစည်ထုခတ်တတ်ပါလျှင် သိပေလိမ့်မည်။ အမြဲထာဝရ ထုခတ်လေ့ရှိသူသည် အလေ့ အကျင့်ကြောင့် သုံးချက်ဆိုပါလျှင် တစ်သံတည်းထွက်လေ့ရှိချေ၏။ ရံခါမှ ထုခတ်တတ်သူဆိုပါလျှင် သုံးချက်သုံးမျိုး ဖြစ်လေ့ရှိချေ၏။ ယခု ရသေ့သည် 'အာဂန္တု' ဖြစ်နိုင် ချေများ၏။ သို့တည်းမဟုတ် အယောင်ဆောင်ရသေ့ ဖြစ်နိုင်လေ၏။

သို့ ကျွန်တော်သည် တွေးတောရင်းမှ အိပ်ပျော်သွားလေ၏။ မည်မျှကြာကြာ အိပ်ပျော်သွားလေသည် မသိ၊ တစ်စုံတစ်ဦး၏ လှုပ်ခတ်နိုးလာလေခြင်းကြောင့် အိပ်ရာမှထခဲ့ရချေ၏။

"ကိုပိုက်... ရေသွားချိုးကြစို့"

သို့ကြောင့် လင်းမြင့်လှိုင်နှင့်အတူ ရေချိုးထွက်ခဲ့လေ၏။ စောကျော်ခင်တစ်ယောက် ရေမိုးချိုးပြီး ဖြစ်ချေလေ၏။ သူကြီးနှင့် ထိုင်စကားပြောနေ၏။ စောကျော်ခင်တစ်ယောက် သနပ်ခါးလိမ်းဖွေး သားနှင့်ပါကလား။

"ဆရာလေးတို့ ခြံနောက်ဘက်မယ် ချောင်းရှိတယ်၊ အောက်ဘက်နည်းနည်း စုန်ဆင်းလိုက်လျှင်ဖြင့် ရေနက်တယ်"





သို့ သူကြီးက လှမ်းပြောလေသဖြင့် ကျွန်တော်တို့သည် သူကြီးအိမ်နောက်ဘက် သရက်ပင်တောတိုဖြတ်၍ ချောင်းရှိရာ သွား လိုက်ကြ၏။

သေနတ်များကိုမူ သူကြီးအိမ်တွင် ထားခဲ့ကြ၏။ ခြေလွတ်လက်လွတ် လာခဲ့ကြခြင်းဖြစ်ချေ၏။

သို့ဖြင့် ကျွန်တော်တို့သည် ချောင်းတွင်းရောက်ခဲ့ကြ၏။ အလိုလေးဗျာ၊ သူကြီးအိမ်နောက် ချောင်း၏တစ်ဖက်တွင်မတော့ ပန်းစုံသစ်တို့ဖြင့် အုပ်အုပ်ဆိုင်းဆိုင်းရှိချေ၏။ ကျွန်တော်တို့ထင်ထားသည်မှာ သူကြီးအိမ်နောက်ဘက်တွင်လည်း အိမ်ခြေရှိလိမ့်မည်ဟု၊ ယခု အထင်နှင့်အမြင် မှားယွင်းနေပါတော့သလား၊ သူကြီးအိမ်ခြံအစပ်သည် တောနှင့်ဆက်နေပါကလား။

မြင့်မားသောသစ်ပင်ကြီးများကြားမှ ဆားဖြူနွယ်ပင်တို့လည်း ရှိချေ၏။ ရှဉ့်ကောင်ကလေးများသည်ပင် ပါသည်ပြေးလွှားနေချေ၏။ တောကျိုးကန်းအသိုက်များလည်း ရှိချေ၏။ မြွေတွန်သံလည်း ကြားရ၏။

"ကိုလင်းရေ... ကျွန်တော်တို့ နက်ဖြန်ကျလျှင်ဖြင့် ဒီနောက်ဘက်တော သွားကြစို့၊ ဝေးဝေးလံလံသွားစရာ မလိုပေဘူးထင်တယ်၊ ဒီနောက်ဘက်မှာတင် သားကောင်ရနိုင်လောက်မယ် ထင်ပါရဲ့"

သို့ဆိုသလို ကျွန်တော်က လင်းမြင့်လှိုင်ကို ပြောလိုက်လေ၏။

"သွားမယ်ဆိုလျှင် သူကြီးရဲ့ခွင့်ပြုချက်ရ ကောင်းလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အလို ဘာလို့များတုံးဗျာ"

"ခြော်... ကိုပိုက် စဉ်းစားကြည့်လေ၊ သူကြီးအိမ်နောက် မှာတင် တောရှိတယ်၊ ပြီးတော့ သားကောင်လေးတွေ ပေါပေါများ များ ရှိနေကြတာ၊ တကယ်တော့ ဒါက ရွာတန်းပဲလေ၊ လူတွေ ရှိတာပဲ၊ သားကောင်ငယ်လေးတွေ ဘာလို့ လွတ်လွတ်လပ်လပ် ရှိနေရတာတုံး၊ ဆိုပါစို့ဗျာ၊ သောက်လေးခွကိုင်တဲ့ ကလေးတွေ လက်ချက်ကြောင့် ရှဉ့်လေးတွေ၊ ငှက်တွေ ဘယ်နေနိုင်ပါမလဲ၊ ခုတော့ ဒါ မဟုတ်မှလွဲရော သူကြီးက ခွင့်မပြုလို့ဖြစ်မယ်"

"ဟင်... ကိုလင်းပြောတာလည်း ဖြစ်နိုင်တယ်"

"ကဲပါဗျာ... လာ၊ အောက်ဘက်နည်းနည်း စုန်ဆင်း သွားကြတာပေါ့" သို့ဆိုလျက် လင်းမြင့်လှိုင်သည် ရှေ့မှ ချောင်း အတိုင်း လျှောက်သွားလေ၏။ သူကြီးပြောသလိုပင် အနည်းငယ် လှမ်းသော့နေရာတွင် ရေအိုင်ကြီးတစ်ခု တွေ့ရချေ၏။ ကျွန်တော်တို့ ၏ ရင်စို့လောက် ရေအနက်ရှိချေ၏။

ရွာလို့သာ ပြောရသည်။ နက်နက်ရှိုင်းရှိုင်း တောတောင်ထဲ ရောက်နေသလိုပင်။

အိမ်ခြေကလည်း ကျဲပေသည်ကိုး၊ ပြီးတော့ ထိုကြို့ပင် ကုန်းရွာလေးသည် ရွာတန်းရှည်ဖြစ်နေတာကြောင့် များလေလား၊ အချိန် ရလျှင် ရွာတွင်းလမ်းလျှောက်ထွက်ရန်ပင် စဉ်းစားမိလိုက်၏။

သို့ဖြင့် ကျွန်တော်တို့သည် ရေစိမ်ပြီးနောက် သူကြီး အိမ် ပြန်ထွက်ခဲ့ကြလေ၏။

"ဘယ်လိုလဲ၊ ရေကောင်းလား"

သူကြီးက မေးလေ၏။





"ကောင်းတယ်ဗျို့၊ စိမ့်စမ်းရေလားမောင် မှတ်ရတယ်၊ အေးစိမ့်ကြည်တယ်၊ အမောကို ပြေသွားတာပဲ၊ နို့မေးရပါဦးမယ်၊ သူကြီးအိမ်နောက်ဘက် တောထဲမယ် တိရစ္ဆာန်လေးတွေ ပေါလှ ချည်လား၊ ရွာက ကလေးတွေ၊ လူကြီးတွေ ပစ်ခတ်ခြင်းမရှိလို့များ လား"

သို့ဆိုသလို ကျွန်တော်က မေးလိုက်၏။

"ဒါ ကျုပ်သူကြီးက အာကွယ်ထားတာ၊ တကယ်တော့ ကျုပ်တို့ တောတောင်ထဲမယ် လာနေကြတာလေ တောတောင်ရဲ့ အလှကို ဖျက်ဆီးလို့ ဘယ်ဖြစ်မလဲ၊ ရွာက,ကလေးတွေကိုသာလျှင် မဟုတ်၊ မုဆိုးတွေကိုပါ ပြောထားတယ်၊ မင်းတို့အမဲပစ်လိုလျှင် ဟိုတောင်ပေါ် တက်ပစ်ကြချေလို့၊ ဒီမယ်တော့ မပစ်ရဘူးဆိုပြီး မှာထားတယ်လေ၊ ကလေးတွေကိုလည်း အဲလိုပဲ"

သို့ သူကြီးပြောလာသဖြင့် ကျွန်တော် လင်းမြင့်လှိုင်ကို အဓိပ္ပာယ်ပါပါ ပြုံးပြလိုက်၏။

ကျွန်တော် ထိုတောတန်းဘက် အမဲပစ်လိုသည့်ကိစ္စ မဖြစ် နိုင်တော့ကြောင်း သိလိုက်ရ၍ဖြစ်ချေမည်။

"ဆရာတို့ကိုလည်း ပြောထားရဦးမယ်၊ အကယ်၍ အမဲ ပစ်လိုလျှင်ဖြင့် ရွာနဲ့ဝေးဝေး တောင်ပေါ်တက်ပစ်ကြပါလို့ မေတ္တာရပ် ခံပါတယ်ဗျာ"

အလိုလေးဗျာ... တကယ်ပင် လေးစားဘိုက်ပါကလား၊ ရွာသူကြီး ပီသပါကလား၊ သည့်နောက် ကျွန်တော်တို့သည် သူကြီး တည်ခင်းထားသည့် ထမင်းဝိုင်းတွင် ထိုင်လိုက်ကြရ၏။ ထမင်းဝိုင်း မှာပင် လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် ဝီစကီထုတ်သောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြမြန်၏။

"ဒါ စာနည်းမ လာပေးသွားတာ၊ ဒြေသည်တွေ အရက်နဲ့ မြည်းဖို့တဲ့"

သို့ဆိုလျက် စောကျော်ခင်က ကြွေပန်းကန်ပြားဖြင့် ထည့်ထားသည့် အကြော်ပန်းကန်ကို ရှေ့သို့တိုးချပေးလေ၏။

ကျွန်တော်သည် ဘာသားသီရန် ကြော်ထားသော အသားတို့ကို လက်ညှိုးဖြင့် မွှေဖွစေ့စေ့ကြည့်လိုက်၏။

အလိုလေးဗျာ၊ ဖားကောင်လေးများကို ကြော်ထားခြင်းပါကလား၊ အကောင်လိုက် ကြော်ထားဟန်တူချေ၏။

"ဒါ ကျောက်ဖားလေးတွေလေ"

စောကျော်ခင်က ပြောလေ၏။

သို့ကြောင့် ကျွန်တော်သည် အကောင်လေးတစ်ကောင်ကို ပါးစပ်တွင်း ထည့်ဝါးလိုက်၏။ ကြွပ်ကြွပ်ရွရွလေးပါကလား။

"ကောင်းတယ် ကိုလင်း"

သို့ပြောပြီး လင်းမြင့်လှိုင်ထံ ပန်းကန်ပြားကို တွန်းပို့ပေးလိုက်၏။ ပြီး ဝီစကီပုလင်းကို တစ်ငုံမော့သောက်လိုက်ချေ၏။

သည်သို့ဖြင့် ကျွန်တော်တို့ ညနေစာ စားပြီးသွား၏။ အလင်းရောင်ရှိနေသေး၏။ နေတော့ဖြင့် ဝင်သွားချေပြီ။

"ကျွန်တော်တို့ရွာထဲ လမ်းလျှောက်သွားချေဦးမယ်"

"အေး... အေး"

"စောကျော်ခင် လိုက်ဦးမလား"

"ဆရာလေးတို့ပဲ သွားပါ၊ ကျွန်တော် သူကြီးတို့အတွက် ထင်းတွေ ပေါက်ပေးရဦးမယ်"





သို့ဆိုတော့ စောကျော်ခင်က သိတတ်လူ ဘ၀်ယောက်မှု သတ်မှတ်ရပေမည်။

သူကြီးတွင် သားသမီးရှိပုံမပေါ်။ သူကြ ်းတို့လင်မယား သည် အသက်အားဖြင့် (၇၀)နီးတော့ ရှိချေမည်၊ ေက်တိုလက် တောင်း ခိုင်းရမည့်သူ ရှိ,မရှိတော့ မသိပါချေ ကျွန်တော်တို့ သူကြီးအိမ်တွင်ရှိစဉ် တစ်ချိန်လုံး သူကြီးတို့လင် ေယားသာလျှင် ရှိချေ၏။ ကျွန်တော်တို့ ရွာအတော်များများ ရောက်ဖူး၏၊ အများအား ဖြင့် သူကြီးဆို အိမ်တွင်သာလျှင် အနေများလေ၏။ သည်တွင် သူကြီးတို့တွင် သားသမီးမရှိပေမင့် လူငယ်လေးမျ ား၊ မိန်းကလေး များ၊ ဝင်ထွက်သွားလာ လက်တိုလက်တောင်း လုပ် ကိုင်နေကြသည် ကို တွေ့ခဲ့ဖူးလေ၏။

ယခုကြို့ပင်ကုန်းရွာသူကြီး ဦးငြိမ်းသူ အိမ်တွင်မတော့ သူတို့ လင်မယားမှလွဲ၍ မတွေ့မိပါတော့ချေ။

သူကြီးတို့လင်မယားသာလျှင် ထသွားထ ော လုပ်ကိုင်နေ ကြသည်ကို တွေ့ရခြင်းဖြစ်၏။ သို့ကြောင့်လည်း ဘေကျော်ခင်က ိုင်းကူ လုပ်ပေးဟန်ဖြစ်ချိမ့်မည်။

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူကြီးအိမ်ရှေ့ သမ်းအတိုင်း ရွာတွင်းလျှောက်လာကြလေ၏။

တစ်ဖက်တစ်ချက် တဲအိမ်တို့ ရှိချေ၏။ သ ြ ်း တစ်ဖက် နှင့်တစ်ဖက် အတော်အလှမ်းဝေးကြသလို ကိုယ့်င ််း ိုယ့်ခြံနှင့် ဖြစ်ချေ၏။

အချို့ဆိုပါလျှင် ခြံဝင်းကြီး၏နောက်ဘ ေ ေလာက်တွင် အဆောက် နေထိုင်ကြခြင်းဖြစ်၏။ အချို့ သုံး၊ လေး ိမ်ျှသာလျှင်



www.burmeseclassic.com

ရှေ့ခြံစပ်တွင် ဆောက်ထားခြင်းဖြစ်ချေ၏။

သူကြီးပြောလေသည့်အတိုင်း သစ်ပင်သစ်တောတို့ကြား တွင် နေထိုင်ကြလေခြင်းဖြစ်၏။ ကျေးငှက်တို့ ရှိချေ၏။ ရှဉ့်ငယ် များ သစ်ပင်တို့ထက် ပြေးလွှားနေကြ၏။ ကျွန်တော်တို့ သတိထား မိသလောက် အိမ်တိုင်းတွင် လူရိပ်လူယောင် မတွေ့ရခြင်းပင်။

သို့ပေမင့် လမ်းပေါ်တွင်မတော့ သွားလေနေကြသူအချို့ကို တွေ့ရ၏။ သူတို့သည် မျက်နှာစိမ်းဖြစ်သောကျွန်တော်တို့နှစ်ယောက် ကို စေ့စေ့ကြည့်လာကြသည်ဆိုသော် ကျွန်တော်တို့နှင့် အကြည့် ချင်းဆုံလျှင် ချက်ချင်းပင် မျက်နှာလွှဲသွားတတ်ကြချေ၏။ သို့ဖြင့် ကျွန်တော်တို့သည် တောင်သရက်ပင်နှင့် တည်းပင်တို့ အုပ်အုပ် ဆိုင်းဆိုင်းရှိသော ခြံဝန်းကြီးတစ်ခု ရှေ့သို့ရောက်သည်တွင်...

"ဟာ... ကိုလင်း၊ ဟိုမယ် ဟိုမယ် ဓာနည်မ မဟုတ် လား"

တောင်သရက်ပင်တို့အောက်တွင် မိန်းမပျိုတစ်ဦးကို တွေ့ လိုက်၏။ သို့ပေမင့် သူတစ်ယောက်တည်းတော့ဖြင့် မဟုတ်၊ လူ တစ်ယောက်ရှေ့တွင် ရှိနေချေ၏။ အတော်လှမ်းလှမ်းတွင် ရှိနေခြင်း ကြောင့် ကျွန်တော်တို့ကို မြင်ဟန်မတူ၊ ကျွန်တော်တို့သာလျှင် ဟိုသည် မျက်လုံးဝေ့ကြည့်နေကြခြင်းဖြင့် သူတို့ကို မြင်လိုက်ခြင်း ဖြစ်၏။

"ဟာ... ကိုပိုက်၊ ဒါ ဒါက ရသေ့မဟုတ်လား"

သို့ကြောင့် ကျွန်တော် အသေအချာကြည့်လိုက်၏။

ဟုတ်ပါ့၊ အဝတ်အစားကတော့ ယောဂီရောင်ဆိုပေမင့် နေ့လယ်က သုသာန်တွင်တွေ့ရသလို ဒေါက်ခြာဆောင်းထားခြင်း





ရှိ။ သို့ကြောင့် ထိုသူ၏ ရှည်လျားသောဆံပင်ရှိနေခြင်းကို သိရ ချေ၏။

သူတို့နှစ်ယောက်မျက်နှာချင်းဆိုင်ရှိနေပေမင့် အချေအတင် ...ား ပြောနေဟန်ပင်၊ ဘာတွေများ မပြေမလည်ဖြစ်နေကြပါလိမ့်။ ...ို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အသာ၊င် အကွယ် ...စ်ခုမှ ရပ်ကြည့်နေလိုက်၏။

ကျွန်တော်တို့အသိ နေ့လယ်က ရသေ့သည် သုသာန်မှ ...ာအုပ်အတွင်း ထွက်သွားခဲ့သည်ပဲ၊ ယခုတွင် ဘယ့်အတွက် ...ထဲ ရောက်နေပြန်တာပါလိမ့်။

ကျွန်တော်တို့ ချောင်းမြောင်းကြည့်နေရင်းမှ ရသေ့သည် ...နည်မကို ပါးရိုက်လိုက်သည်ကို တွေ့လိုက်ရ၏။

အလိုလေးဗျာ... ကျွန်တော်ထင်ထားသလို ရသေ့အစစ် ...ဟုတ်ပါကလား၊ ဘယ်လိုတွေပါလိမ့်။ ဓာနည်မနှင့် ဘယ်လို ...တ်သက်နေပါလိမ့်။

ကျွန်တော်ကြည့်နေရင်းမှ ရသေ့သည် ခြံအောက်ဘက် ...က်လက် သောခြေလှမ်းများဖြင့် ထွက်သွားလေ၏။

ဓာနည်မက နံဘေးရှိ သစ်ချောင်းကိုတစ်ခုပြင့် ဒေါသ ...ကြီး လှမ်းပေါက်လိုက်သည်ကို တွေ့လိုက်လေ၏။

"ကိုလင်းရေ... ကျွန်တော်တို့တော့ ဓာနည်မ၊ ပဘိသက် ... ဂယနဏ သိအောင်တော့ဖြင့် လုပ်မှထင်ပါရဲ့ဗျာ"

"ဘာလဲ၊ ဓာနည်မက လူတွေပြောကြသလို ...းဒန်းတဲ့ ...းမပျိုဆိုတာကြောင့် စိတ်ဝင်စားနေပြီလား"

"အဲလိုပဲ ထင်လိုက်ပါဗျာ"

www.burmeseclassic.com



သို့ဖြင့် ကျွန်တော်တို့သည် ရှေ့ဆက် မလျှောက်လေတော့ဘဲ သူကြီးအိမ်ဘက်သို့ ပြန်လှည့်ခဲ့ကြလေ၏။

ကျွန်တော်တို့သည် နောက်နေ့နံနက်တွင် စောစောထ၍ ရွာထဲ လှေ့လာသည့်သဘောဖြင့် လမ်းလျှောက်ထွက်ခဲ့ကြ၏။

စောကျော်ခင်သည် ကြို့ပင်ကုန်းရွာတွင် အသိအကျွမ်းအတော်များမုံ ရချေ၏။ ဟိုသည့်တဲတို့မှ ခေါ်ကြလေသဖြင့် ကျွန်တော်တို့လည်း လိုက်ပါခဲ့ရသည်မှာ အိမ်ပေါက်စေ့နီးနီး ဖြစ်ချေ၏။ သို့ကြောင့်-

"ကိုကျော်ခင်... ခင်ဗျား ဇာနည်မနဲ့ရော ရင်းရင်းနှီးနှီး မရှိပေဘူးလား"

သို့ ကျွန်တော်က မေးလိုက်၏။

"ဘယ့်နှယ်ပြောပါလိမ့်ဗျာ၊ ဒီမနက်ကို သူ့တဲလာပြီး နံနက်စာစားဖို့ ဖိတ်ထားတယ်လေ၊ ဆရာလေးတို့ကိုပါ ခေါ်ခဲ့ဖို့ ပြောတာ"

အလိုလေးဗျာ။

ကျွန်တော် လင်းမြင့်လှိုင်ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်၏။ မည်သို့ဝင်ဆိုစေ၊ ကျွန်တော်တို့အဖို့ ရေငတ်တုန်း ရေတွင်းထဲကျသည့် ကိန်းပေပဲလေ။

သို့ဖြင့် ဇာနည်မတဲသို့ ရောက်ခဲ့ကြ၏။ ဇာနည်မက အပြင်ထွက် ကြိုနေလေ၏။

"မှဆိုးကြီးတွေလို့ သိရတယ်"

နံနက်စာကို စားပွဲဝိုင်းတွင် ခင်းကျင်းထား၏။ ကျွန်တော်တို့ စားပွဲဝိုင်းတွင် ထိုင်လိုက်သည်နှင့် သို့ ဇာနည်မက မေးလေ၏။





"ဘာတဲ့ ဘယ်လိုခေါ်မလဲ၊ အပျော်တမ်းမဆိုးတွေပါ"

သို့ ကျွန်တော်က အလျှဉ်းသင့်သလို ပြောလိုက်၏။

သို့ ကျွန်တော်က ပြောလည်းပြော၊ ဇာနည်မ၏ အိမ်အတွင်း နေရာအနှံ့သို့လည်း မျက်လုံးကစားကြည့်လိုက်၏။

"ဒီမယ် ကျုပ်တစ်ယောက်တည်း နေတာပါတော်"

အကင်းပါးသော ဇာနည်မက သို့ ပြောလာလေ၏။ သို့ကြောင့် ကျွန်တော်၏ မပါးနပ်မှုကို တွေးမိရှက်ပြန်တော့၏။

လင်းမြင့်လှိုင်က ကျွန်တော့ကို ပြုံးစိစိကြည့်နေလေ၏။

"ကဲ ကဲ သုံးဆောင်ကြပါဦးရှင်၊ ဒါက ကျုပ်ကိုယ်တိုင် တောင်ယာ မှာ စိုက်ထားတဲ့ ကောက်ညှင်းချေိပါ၊ ကောင်းမှကောင်း ဆိုတဲ့ ဆမ်းထားပြီး နှမ်းတောင်းနိုင်နိုင်ဖြူးထားတယ်၊ အုန်းသီးတော့ မရှိလည်း မရှိဘူး၊ ထည့်လည်း မစားတတ်ဘူး၊ သူနဲ့ ဝိုက်ဖက်မယ် ထင်တဲ့ ချေသားခြောက် မီးဖုတ်ပြီးမွမွလေးဖွ ဆီဆမ်းထားတယ်၊ ညှို့သည်တွေ စားမြိန်လိမ့်မယ်လို့ ထင်တာပဲ၊ အဖန်ရည်ကြမ်းက တော့ ခပ်ညှံ့ညှံ့ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ တော်တို့ဆောက်တတ်တဲ့ သေရည်နဲ့တော့ ဘာမှဆိုင်မှာ မဟုတ်ဘူး"

သို့ပြောလာသည့် ဇာနည်မကို တအံ့တသြကြည့်မိ၏။ အမှန်တကယ်ပင် မည်သည့်ရည်ရွယ်ချက်မျှမပါ ဘေးနာရှုမြင်တည်ခင်းကျွေးမွေးခြင်း ဖြစ်လေ၏။

"စားဗျ ဆရာလေးတို့၊ ဒီကောက်ညှင်းက မိုးကောင်း၊ ကျွန်တော် ဒီရွာရောက်တိုင်း တောင်းသွားတတ်တယ်"

သို့ဆိုလျက် စောကျော်ခင်က ကောက်ညှင်းဒိုင်ဆီဆမ်း ပန်းကန်ကို တွန်းတိုးပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် ဓာနည်မ တစ်ယောက်တည်းနေတာ ကြာပြီလား"

သို့ဆိုသလို ကျွန်တော်က သူမ၏အစ်ကို မည်သည့်အချိန်ကာလက သေဆုံးသွားခြင်းကို သိလိုသဖြင့် သွယ်ဝိုက်မေးလိုက်၏။

"ဘာကြာသေးလို့တုံး၊ မနှစ်ကမှပါ"

သို့ဆိုတော့ သူမအစ်ကိုသေဆုံးခဲ့သည်မှာ တစ်နှစ်ရှိပြီပေါ့။

"စိတ်မရှိနဲ့နော်၊ အစ်ကို ဘယ်လိုဆုံးပါးသွားရတာတုံး"

သို့ ကျွန်တော်က စပ်စပ်စုစုမေးလိုက်ပြန်၏။ သည်တွင် ဓာနည်မတစ်ယောက် မျက်နှာညှိုးကျသွားလေ၏။

ဘုရားရေ၊ ကျွန်တော် ဘာလို့များ စောစောစီးစီး သူမစိတ်ဒုက္ခရောက်ရအောင် မေးလိုက်မိပါလိမ့်။

လင်းမြင့်လှိုင်က ကျွန်တော့ကို အလိုက်တန်းဆိုး မသိလိုက်တာဆိုသည့် အဓိပ္ပာယ်ရသည့်အကြည့်ဖြင့် ကြည့်လာလေ၏။

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

သို့ ကျွန်တော်က ကပျာကသီပြောလိုက်ရ၏။

"ရပါတယ်၊ ဝဲကိုက်ခံရလို့ သေတာ"

သို့သာပြောပြီး ဓာနည်မသည် ထိုင်နေရာမှ ထသွားလေသဖြင့် အံ့သြရပြန်၏။ စိတ်ဆိုးသွားလေသည်လား။

ဓာနည်မအိမ်ခန်းတွင်း ဝင်သွား၏။ ခဏအကြာတွင် ပြန်ထွက်လာ၏။ အလိုလေးဗျာ… သူမလက်ထဲတွင် မြားကိုင်းနှင့်မြားထည့်ဝါးကျည်တောက်ဘူး ပါလာလေ၏။

ကျွန်တော်တို့ တအံ့တသြကြည့်နေမိလေ၏။





"တော်တို့ ဒီကနေ့တောထဲ သွားကြမယ်လား"

သို့မေးလာ၏။ ဘာကြောင့်ပါလိမ့်။ သို့ကြောင့်

"ဟုတ်တယ်၊ ဓာနည်မ ဖိတ်ထားလို့ လာကြတာ၊ ဒီက စားသောက်ပြီးတာနဲ့ တန်းသွားကြမှာလေ"

"ဘယ်ဘက်သွားကြမှာတုံး"

သည်တွင် ကျွန်တော်က စောကျော်ခင်ကို ကြည့်လိုက်၏။ သူသည် ကျွန်တော်တို့အတွက် လမ်းပြမဟုတ်ပါကလား။

စောကျော်ခင်က ကျွန်တော်နှင့်လင်းမြင့်လှိုင်ကို ကြည့်လာလေပြီး…

"ကသွယ်ချောင်းဖျားဘက် သွားကြမလား လို့" ပြောလာလေ၏။

"ကျွန်တော်တို့က ခင်ဗျား လမ်းညွှန်တဲ့ဆီ လိုက်ကြမှာလေ၊ တစ်ခုတော့ ရှိတယ်၊ စိုင်ပစ်ချင်တယ်"

သို့ ကျွန်တော်က ပြောလိုက်၏။

"နို့ဖြင့်လည်း ကျုပ်ပြောမယ်လေ"

သို့ပြောလာသည့် ဓာနည်မကို ကြည့်လိုက်ကြ၏။

"စပါးကြီးမြောင်ဖျား သွားကြတာပေါ့၊ အဲဒီမယ် စိုင်တွေပေါတယ်"

"နို့ဖြင့်လည်း ဓာနည်မ လိုက်ခဲ့ပါလား"

စောကျော်ခင်က ပြောလေ၏။

"ကျုပ်ကလည်း ဒီက မုဆိုးကြီးတွေနဲ့ ကြုံတုန်းလေး အမဲပစ်ချင်စိတ်ပေါ်လာလို့ပါ"

"ဟင် ဘယ်လိုပြောလိုက်တာလဲ ဓာနည်- အမဲပြန်ကိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ် ဟုတ်လား"

စောကျော်ခင်က တအံ့တသြမေးလိုက်လေကာ ကျွန်တော်တို့ဘက်သို့လှည့်၍…

"ဇာနည်မ သူ့အစ်ကိုသေပြီးကတည်းက အမဲမလိုက်တော့ဘူးလေ"

သို့ ပြောလာသေမင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် မည်သို့မျှ ခံစားမှုမျှ မရှိပါချေ။ ဘယ်အတွက်မှ ဇာနည်မနှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံသိရှိပြီးသား ဖြစ်နေသည်တိုး။

"ဘာလဲ… တော်တို့က ကျုပ်ကို အထင်သေးကြတာလား၊ ကျုပ် အမဲ ကောင်းကောင်းလိုက်တတ်ပါတယ်တော်၊ မယုံလျှင် စောင့်ကြည့်ကြချေပေါ့"

"အာ… မဟုတ်ပါဘူး၊ အဲလိုမဟုတ်ပါဘူး၊ ဇာနည်မ အမဲလိုက် ကျွမ်းကျင်တယ်၊ ပြီးတော့ အစ်ကိုကြီးကို အမဲရှာဖွေကျွေး နေတယ်ဆိုတာ သိပြီးဖြစ်ပါတယ်ဗျာ၊ ကျွန်တော်တို့က ဇာနည်မ လိုက်ပစ်မယ်ဆိုတော့ ပိုပြီး ဝမ်းသာမိပါတယ်"

"တော်တို့ တကယ်ပြောတာလား"

"အဟုတ်ပေါ့ဗျာ"

"တောတောင်ထဲကျမှ စိတ်ပျက်မသွားကြနဲ့နော်"

"အလိုလေးဗျာ… အဲလိုရော ဖြစ်နိုင်ခြေရှိလား"

သူမ မည်သို့မျှ ခွန်းတုံ့မပြန်ပါတော့ချေ။ ကျွန်တော်တို့ စားဝိုင်းတွင် ထိုင်လိုက်လေပြီး နံနက်စာကို အားပါးတရ စားနေလေတော့၏။

ထည်သို့ဖြင့် ကျွန်တော်တို့သည် ဇာနည်မအိမ်မှ စား





သောက်ပြီး ထွက်လာကြသည်တွင်…

"ဟာ ဟိုသုသာန်မယ် ဘာဖြစ်လဲမသိဘူး"

ကျွန်တော်တို့ ရွာထိပ်ဖျား သုသာန်ရှေ့သို့ ရောက်သည်တွင် စောကျော်ခင်က ပြောလာသဖြင့် လှမ်းကြည့်လိုက်ကြ၏။

ဟုတ်ပါ၏၊ သုသာန်တွင်း လူလေး၊ ငါးယောက်ခန့် ရှိနေလေ၏။

"ဘယ်သူတွေလဲ"

"ဒီရွာသားတွေပဲလား"

ဇာနည်မက ခေါင်းခါလိုက်ချေပြီး…

"မဟုတ်ဘူး"

"စောစောစီးစီး ဘာလုပ်နေကြတာလဲ သွားကြည့်မယ်ဗျာ"

စောကျော်ခင်က သို့ပြောပြီး သုသာန်အတွင်း ဦးဆောင်ဝင်သွားလေသဖြင့် ကျွန်တော်တို့သည်လည်း သူ့နောက်မှ လိုက်သွားကြလေ၏။

ကျွန်တော်တို့ သုသာန်အတွင်း ဝင်လာသည်ကို ထိုလူစုက မြင်သွားလေသောကြောင့် ရုတ်ခြည်းဆိုသလို သုသာန်နောက်ဘက် တောနက်အတွင်း ပြေးဝင်သွားကြလေ၏၊ သို့ကြောင့် ကျွန်တော်တို့သည် ထိုသူတို့ရပ်နေခဲ့သော နေရာသို့ အပြေးကလေး သွားလိုက်၏။

"ဟာ"

"ဟင်"

"အလိုလေး"



www.burmeseclassic.com

www.burmeseclassic.com



အလိုလေးဗျာ… ရသေ့ပါကလား၊ မြေပြင်တွင် မှောက်ခုံကြီး လဲကျနေ၏။

"ဒါ ဒါ ရသေ့မဟုတ်လား"

ကျွန်တော်က ဓာနည်မကို ကြည့်၍ မေးလိုက်၏။ သေချာရန် ဖြစ်၏။

"ဟုတ်တယ်"

သို့သာပြောပြီး ဓာနည်မသည် မှောက်ခုံဖြစ်နေသည့် ရသေ့ကို ဆွဲလှန်လိုက်ချေ၏။

"ဟာ"

မျက်နှာတစ်ပြင်လုံး ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေလေပြီကော။

"ဒါ လူသတ်မှုပဲဖြစ်မပေါ့"

ကျွန်တော်က ပြောလိုက်၏။

လင်းမြင့်လှိုင်ကမူ စေ့စေ့ကြည့်နေလေ၏။ မည်သည့် ထင်မြင်ချက်မျှတော့ မပြောပါချေ။

"မနေ့ကပဲ ရသေ့ ဒေါ်ဘုတ်ဆုံကို သရဏဂုံတင်ပေးတာ၊ ခု သူ့ကို ဘယ်သူက သရဏဂုံတင်ပေးတော့မှာတုံး"

သို့ စောကျော်ခင်က စိတ်မကောင်းစွာ ကြည့်၍ပြောလိုက်လေ၏။

"သေလူတွေကို သရဏဂုံတင်ပေးမှ ဖြစ်မယ်လေ၊ နို့ကြောင့် သူ့အတွက် ဘာမှမပူပါနဲ့၊ ကျုပ်ရှိတယ်"

အလိုလေးဗျာ… သို့အသံကြောင့် အားလုံး အသံလာရာသို့ လှမ်းကြည့်လိုက်ကြလေ၏။





ဘုရားရေ… ဘယ်လိုက ဘယ်လို ရောက်လာတာပါလိမ့်။ သေဆုံးနေသောရသေ့နှင့် အလှမ်းမဝေးလောက်ရှိ ချုံပုတ်ပင်ကြီး နောက်ကွယ်မှ ရသေ့တစ်ပါးထွက်လာလေ၏။ ထိုရသေ့သည် ကျွန်တော်တို့နှင့် တရင်းတနှီးရှိလှသော ဧ သေ့ကြီးဓမ္မပါလ ဖြစ်နေခြင်းကြောင့် လွန်မင်းစွာ အံ့သြရလေတော့၏။

"ကြုံမှကြုံတတ်တယ် ရသေ့ကြီးရယ်"

သို့ ကျွန်တော်က ပြောလိုက်လေ၏။

ရသေ့ဓမ္မပါလက ကျွန်တော့ကို ပြုံး၍ကြည့်နေလေပြီး ဓာနည်မကို လှမ်းကြည့်လိုက်၏။

ရသေ့က သူမကို ကြည့်လာခြင်းကြောင့် ဓာနည်မတစ်ယောက် ဘယ်အတွက်ရယ်မသိ၊ မျက်စိမျက်နှာပျက်သွားလေပြီး…

"ဒီရသေ့သေတာ ဝံကိုက်ခံရတာဖြစ်မယ်"

သို့ ပြောလေ၏။

"သူ ဘယ်လိုသေတယ်၊ ဘာကြောင့်သေတယ်၊ ရသေ့မသိလိုဘူး၊ ရသေ့ကိစ္စ မဟုတ်သေးဘူး၊ ရသေ့က ဘဝကူးမယ့် သူ့အတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးဖို့ပဲ"

ရသေ့က သို့သာပြောပြီး လင်းမြင့်လှိုင်ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်လေသည်ကို ကျွန်တော် သတိထားမိလိုက်၏။

"ကျုပ် တော်တို့နဲ့ အမဲပစ်မလိုက်တော့ဘူး၊ ရသေ့ကို သင်္ဂြိုဟ်ဖို့ကိစ္စ လုပ်ပေးရတော့မယ်"

သို့ ဓာနည်မက ပြောလေသဖြင့်…

"ကျွန်တော်တို့လည်း ဒီက ရသေ့ကြီးနဲ့ကြ…ဂုန်း အားပါး တရ စကားတွေ ပြောစရာရှိတယ်၊ ဒီတော့ ကျွန်တော်တို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီကနေ့ တောတက်ဖြစ်တော့မှာ မဟုတ်ဘူး"

သို့ လင်းမြင့်လှိုင်က ပြောလိုက်၏။

"နို့ဖြင့်လည်း ကောင်းတာပေါ့၊ ရသေ့ကို မြေမြှုပ်ပြီးမှ တောတက်ကြတာပေါ့"

ဓာနည်မက ပြောလာလေ၏။

"ရသေ့ ဇရပ်ပေါ်မှာ နားချေဦးမယ်၊ သူ့ကို မြေကျင်းချဖို့ လုပ်ကြတော့လေ"

သို့ ရသေ့က ပြောပြီး ဇရပ်ပေါ်တက်သွားလေ၏။

"သူကြီးကို အကြောင်းကြားဦးလေ"

ကျွန်တော်က ပြောလိုက်သဖြင့် စောကျော်ခင်သည် ရွာတွင်း ထွက်သွားလေ၏။ ဓာနည်မက ပေါက်တူးကိုယူ၍ သုသာန်အတွင်း မြေကျင်းတစ်ကျင်း တူးလိုက်လေတော့၏။

ကျွန်တော်က ဝိုင်းကူလိုက်လေ၏။

မြေကျင်းတူးပြီးသည်တွင် ရွာသူကြီးနှင့် ရွာသား လေး၊ ငါးယောက် ပါလာလေ၏။

"ဘယ်လိုဖြစ်ရတာလဲ"

ဓာနည်မက...

"ဝံကိုက်တာဖြစ်မယ်"

"နို့ ရသေ့က ဓာနည်မနဲ့ ရင်းနှီးကြတာပဲ၊ တာဝန်ယူ လုပ်လိုက်ပါ"

သူကြီးက သို့ပြောလေ၏။ ပြီး ရသေ့မမှုပါလထံ သွားလေပြီး ကျွန်တော် မရှင်းတာတစ်ခုရှိသည်ကြောင့် လင်းမြင့်လှိုင်ကို မျက်ရိပ်ပြပြီး ဇရပ်သို့ သွားလိုက်၏။





လင်းမြင့်လှိုင်နှင့် ဓာနည်မလည်း လိုက်ပါလာလေ၏။

"အာဂန္တု ရသေ့ထင်ပါ"

သူကြီးက ရသေ့မမှုပါလကို မေးလိုက်၏၊

"ဟုတ်တယ်၊ သရဏဂုံတင်ပြီး သွားမှာ"

"ဆွမ်းကပ်ချင်တယ်"

သူကြီးက ပြော၏။

"ရေချမ်းပဲ ဘုဉ်းပေးတယ်"

ရသေ့မမှုပါလက သို့ ပြောလိုက်သဖြင့် သူကြီးနှင့် အပေါင်းပါတို့ တအံ့တဩ ဖြစ်သွားကြ၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်အတွက်မူ မည်သို့မျှ အံ့သြခြင်းမဖြစ်ချေ။ ရသေ့မမှုပါလအကြောင်း ကောင်းကောင်းသိထားပြီး ဖြစ်ကြသည်တိုး။

ဓာနည်မသည်လည်း ရသေ့မမှုပါလကို လူထူးလူဆန်းအနယ် ငေးကြည့်နေလေ၏။

"ရသေ့ကြီးကို မေးစရာရှိတယ်"

သို့ ကျွန်တော်က စကားစလိုက်၏။

"ကိုမိုက် ဘာမေးမယ်ဆိုတာ သိနေတယ်၊ ကိုမိုက်တို့ သည်း တွေ့လိုက်တဲ့ လူ လေး၊ ငါး၊ ဆယ်ယောက်အကြောင်း ဟုတ်လား"

"ဟုတ်တယ်"

"ရသေ့ ခေါ်လာတာ"

"ဗျာ"

"သူတို့က ဝါးခုတ်သမားတွေလေ၊ သေတဲ့ရသေ့ဘို ဆော



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ တွေ့ရတာ ရဲသေ့တွေ့တော့ သေနေပြီ၊ ဒီနေရာပတ်ဝန်းကျင်မယ် ဒီရွာလေးအနီးဆုံးဖြစ်ပြီး သုသာန်လည်းရှိတယ် သိတာတစ်ကြောင်း၊ ပြီးတော့ ဒီရွာနဲ့ ဒီရသေ့ပတ်သက်မှုရှိတယ် သိတာကြောင့် သူတို့အကူအညီခေါ်ပြီး ဒီကို အလောင်းသယ်လာတာ"

"ဟင်"

"ဗျာ"

ရသေ့မမွှပါလတ သို့ပြောပြီး ဓာနည်မကို တည်တည်မျက်နှာပေးဖြင့် ကြည့်လိုက်သည်ကို ကျွန်တော် သတိထားလိုက်မိချေ၏။ ဓာနည်မတစ်ယောက် ဘာအတွက်ရယ်မသိ မျက်စိမျက်နှာပျက်သွားချေ၏။ လင်းမြင့်လှိုင်သည်လည်း သတိထားမိပုံရချေ၏။ ဓာနည်မ ရဲ့နှံ့သားမှ ရပ်နေပြီး ပြုးစစဖြစ်နေချေ၏။

ကျွန်တော်သာလျှင် အံ့သြတကြီးဖြစ်နေခြင်းပင်၊ ရသေ့နှင့် လင်းမြင့်လှိုင် ဘာတွေသိထားကြပါလိမ့်။

"ကဲ… ကဲ… ရသေ့လည်း သွားစရာလေးတွေရှိတယ်၊ အားလုံးအဆင်သင့်ဖြစ်ပြီဆိုလျှင်ဖြင့် ရသေ့ကို သရဏဂုံတင်ပေးလိုက်မယ်"

"ဒီကို အလောင်းသယ်လာပေးရမလား"

သူကြီးက ရသေ့မမွှပါလကို မေးလေ၏။

"မလိုပါဘူး၊ ဟိုမယ်ပဲ သွားလုပ်ပေးမယ်"

သို့ဆိုလျက် ရသေ့မမွှပါလနှင့် ကျွန်တော်တို့သည် ရသေ့အလောင်းရှိရာသို့ ရေပ်ပေါ်မှ ဆင်းသွားကြလေ၏။

ရသေ့အလောင်းအား ရောက်သည်တွင် ဓာနည်မသည် မြေကျင်းတူးရန်ဖြစ်ကြောင်း မည်သို့မျှလှုပ်ရှားမှု မရှိလေသဖြင့် "ဘော်





ဓာနည်မတော့ သူ့မိတ်ဆွေရသေ့ကြီးသေဆုံးလို့ ဝမ်းနည်းပူဆွေး၊ ဘာလုပ်ရမည်မှန်းမသိလေဟု ထင်လိုက်သဖြင့် ကျွန်တော်က ရသေ့ကြီးအလောင်းကို မြေကျင်းတူးမြှုပ်နှံရန်အလို့ငှာ ပေါက်တူးကို လှမ်းယူလိုက်သည်တွင် ..

"ဘာလုပ်မလို့တုံး"

ဓာနည်မက မေးလေ၏။

"ရသေ့ကြီး မြှုပ်နှံဖို့ တွင်းတူးမယ်"

သို့သာပြောပြီး ကျွန်တော်က ပေါက်တူးဖြင့် ခပ်လှမ်းလှမ်းရှိမြေကို စတင်တူးလိုက်သည်တွင်…

"မလိုဘူး" ဟု ဓာနည်မက လှမ်းပြောလေသဖြင့် ရသေ့ကြီးကို မြေမမြှုပ်၊ မီးသင်္ဂြိုဟ်မည်ဖြစ်ချိမ့်မည်တွက်လျက် သုသာန်အတွင်း ထင်းပုံကြီးရှိမရှိ စေ့စိုက်ကြည့်လိုက်၏၊ အလိုလေးဗျာ… သုသာန်အတွင်း ထင်းပုံမပြောနှင့်၊ ထင်းခြောက်ကိုင်းပင် မတွေ့ပါကလား။ သို့ကြောင့်…

"မီးသင်္ဂြိုဟ်မယ်ဆိုလျှင်ဖြင့် ထင်းပုံ ဘယ်မတုံး" မေးလိုက်၏။

"မြေမြှုပ်မှာပဲ"

"ဒို့ဖြင့် တွင်းတူးရမှာပေါ့၊ ဓာနည်မ နားပါ၊ ကျွန်တော်ပဲ လုပ်လိုက်ပါ့မယ်"

ကျွန်တော့စကားဆုံးသည်တွင် ဓာနည်မက ကျွန်တော့အား တိုးကပ်လာချေပြီး-

"တွင်းတူးပြီး ရှိတယ်"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

ဘယ်တုန်းက တူးထားလိုက်တာပါလိမ့်။

ဓာနည်မက ခပ်လှမ်းလှမ်းရှိ နေရာသို့ သွားလိုက်ကာ

"ဒီမယ်လေ ကျင်း"

"အဲ... ဓာနည်မ ညည်းက ရသေ့ကြီးသေမယ်သိလို့ ကြိုတင်တွင်းတူးထားတာလား"

"ဟုတ်ပါဘူး"

"ဟင် နို့ဖြင့် ဒီဘုသာန်မယ် မြှုပ်နှံမယ့်သူရှိမှ ကျင်းတူးရမယ်လေ၊ နို့တောင်မှ ငါ သူကြီးက တူးဆိုမှ တူးရတာ မဟုတ်လား၊ ခုတော့ ဘာဖြစ်လို့"

သို့နှယ် သူကြီးက ဓာနည်မကို မကျေမနပ် စေ့စေ့ကြည့်ကာ မေးလိုက်လေ၏။ သို့စကားကြောင့် လင်းမြင့်လှိုင်၊ ကျွန်တော် စောကျော်ခင်တို့သုံးယောက်သည်လည်း ဓာနည်မကို အံ့သြတကြီး ကြည့်နေမိကြလေ၏။

"ရသေ့ကြီးက အမှာရှိခဲ့ဖူးတယ်၊ ဟိုနေ့ကပေါ့... (ဒေါ်ဘုတ်ဆုံ၏အသုဘနေ့ကို ရည်ညွှန်းခြင်းဖြစ်၏။) သူ့အတွက် တွင်းတစ်တွင်း ကြိုတူးထားပါတဲ့"

"ဟေ"

"ဟင်"

"ဟာ"

အလိုလေးဗျာ၊ သေခြင်းတရားကို ကြိုသိနေလို့ပဲလေလား။ သို့ လုပ်ရပ်သည်လည်း ရသေ့မို့လုပ်ဝံ့ခြင်း၊ ပြောဝံ့ခြင်းဖြစ်ချိမ့်မည်။

"ညည်းက ဟုတ်ရောဟုတ်ရဲ့လား"





သူကြီးက ဓာနည်မကို ဒုက္ခမကင်းဖြင့် မေးလာပြန်၏။

"ကဲပါတော်... ရသေ့ကို နှိုးပြီးပြောလို့ရလျှင်ဖြင့် မေးပြလိုက်ချင်သေးရဲ့"

"အေး... ကြည့်မယ်၊ နို့ကိစ္စ ငါတို့မှ မသိလေတော့ မပြော တတ်ဘူး၊ ထားတော့၊ ကဲ... ကဲ... ရသေ့ကြီးရယ်၊ ဒီရသေ့ကို သရဏဂုံ တင်ပေးလိုက်စမ်းပါ၊ မြန်မြန်ဗျာ၊ ကျုပ် ဟိုဘက်ရွာ သွားစရာရှိတယ်"

သို့ သူကြီးက ဖုတ်ပူမီးတိုက် ပြောလာလေ၏။

သည်တွင် ရသေ့မွှေပါလာသည် ရသေ့လေ၏ဦးခေါင်း ထက် နေရာမှပင် မတ်ရပ်အနေအထားမှ သရဏဂုံသုံးပါး တည်မေး လိုက်လေ၏။ ပြီး ကျွန်တော်တို့ နားမလည်နိုင်သော ဘုရားစာ တစ်ပုဒ်ကို အသံနေအသံထားဖြင့် ရွတ်ဖတ်လိုက်လေပြီးနောက် လက်တွင်းရှိ ကြေးစည်လေးကို 'နောင် ဝေ ဓေ ဝေ' လို့မြည်အောင် ရိုက်ခတ်လိုက်လေ၏။

သို့ ကြေးစည်သံလွင်လွင် ထွက်ပေါ်လာပြီး အချိန်လေး တွင် သုသာန်အစမှ 'ဂီးလ် ဂီးလ်' ဆိုသည့် ငှက်ဆိုးကောင်၏ အော်သံကို ကြားလိုက်ကြသဖြင့် အားလုံးသည် လှမ်းကဲကြည့် လိုက်ကြ၏။အသံသာကြားရ၏။ ငှက်ဆိုးကောင်ကော့ဖြင့် မတွေ့ လိုက်ပါချေ။

"ဟာ ရွာတန်းပေါ်က ဖြတ်ပျံသွားတာပဲ၊ နိမိတ်မကောင်း လိုက်တာ၊ ဘုရား ဘုရား ရသေ့ကြီးရယ် ကူညီပါဦး"

သူကြီးက သို့နှယ်ပြောပြီး ရသေ့မွှေပါလာကို ဦးထိုင်ရှိ တောင်းဆိုလာချေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရသေ့မမ္ဗပါလက ပြုံးလိုက်ချေပြီး။

"(၇)ရက်သားသမီးတွေအတွက် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းတွေအတွက် ရသေ့လုပ်နေတာပဲ၊ ရသေ့ သဘောပေါက်ပါတယ်၊ နို့ကြောင့် ရွာထဲသွားကြမယ်"

သို့ပြောလာသည့် ရသေ့မမ္ဗပါလကို ကျွန်တော် သဘော ပေါက်လိုက်ချေပြီဖြစ်၏။ သို့ကြောင့်…

"ဘယ်လိုလဲ ကိုလင်း၊ ရသေ့ကြီး ရွာထဲမယ်ဘမ္ဗဝါဖြတ် မှာကို လိုက်သွားကြဦးမလား"

ကျွန်တော်က မေးလိုက်၏။

"ကိုပိုက်တို့ အချိန်ရလျှင် လိုက်ခဲ့တာကောင်းလိမ့်မယ်"

သို့ ရသေ့မမ္ဗပါလက ပြောလေသဖြင့် ကျွန်တော်တို့သည် လည်း ရွာတန်းရှိရာဘက်သို့ လိုက်သွားကြလေ၏။

စာနည်မတစ်ယောက်ကတော့မှု မျက်စိမျက်နှာ မျက်နေ လေ၏။

"ဘာဖြစ်လို့လဲ၊ ခုထိ ရသေ့ကြီးအတွက် စိတ်မကောင်း ဖြစ်နေတာလား"

သို့ ကျွန်တော်က မေးလိုက်၏။

စာနည်မက ခေါင်းကိုခါယမ်းလိုက်ချေပြီး…

"ကျုပ်ကတော့ အယုံအကြည်မရှိဘူး၊ ဘယ်နှယ့်တော် ငှက်ဆိုး ထိုးသံကြားတာနဲ့ ရွာက လူတွေ ဒုက္ခကြုံရမယ်တဲ့လား၊ နို့ဆိုလျှင် ဖြင့် ကျုပ်တော့ ငှက်ဆိုးကောင်တွေ မွေးထားပြီး ကျုပ် မလိုတဲ့ အိမ်တွေပေါ်ကနေ အော်ဟစ်ပြီး ပျံသန်းခိုင်းမယ်၊ ဟင်း ဟင်း"





သို့ စာနည်မ၏ပြောလာသော ကြားလိုက်ဘန်တွသည့် ရသေ့ မမ္ဗပါလက…

"ရသေ့က (၇)ရက်သားသမီးတွေ စိတ်ချမ်းသာဖို့ ဦးစား ပေးတတ်လို့ပါ၊ ယုံကြည်မှုရှိတဲ့လူတွေအတွက် လုပ်ပေးတာလေ၊ ယုံကြည်မှုမရှိတဲ့ လူတွေအတွက်ဆိုလျှင်ဖြင့် ဘာလုပ်ပေးစရာလို တုံး"

သို့ ရသေ့ကပြောပြီး လက်တွင်းရှိ ကြေးစည်လေးကို "နောင် ဝေ ဝေ ဝေ"လို့ မြည်အောင် ရိုက်ခတ်လိုက်ပြန်လေ၏။

အလိုလေးဗျာ၊ ငှက်ဆိုးကောင်အသံနှင့်တော့ဖြင့် လား လားမျှ မဆိုင်ပြီကော။

သို့အသံသည်ကား သာယာနာပျော်ဖွယ်ပါကလား။

"ကြေးစည်သံလေးကိုတော့ ညည်းဘယ်လိုပြောမတုံး"

သူကြီးက စာနည်မကို မေးလေ၏။

"အမင်္ဂလာအချိန်အခါမျိုးမယ် ကြားလိုက်ရတဲ့ ကြေးစည် သံက လူကို လွမ်းဆွေးစေ၊ ဝမ်းနည်းစေတယ်၊ မင်္ဂလာအချိန်မယ် ရိုက်ခတ်လို့ ကြားလာတဲ့အသံက စိတ်နှလုံးကြည်လင်စေတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ၊ အချိန်အခါ နေရာဒေသကို လိုက်ပြီး တော့ လူတွေရဲ့ခံစားမှုကို အမျိုးမျိုးပေးစွမ်းနိုင်တယ်၊ ငှက်ဆိုးကောင် ရဲ့အသံကတော့ အဲလိုမဟုတ်ဘူး၊ ဘယ်နေရာ ဘယ်ဒေသ ဘယ် အချိန်ကာလဖြစ်ဖြစ် တစ်သံတည်းဖြစ်ပြီး ခံစားမှုတစ်ခုတည်းကို သာ ဖြစ်စေတယ်"

သို့ပြောလာသည့် စာနည်မကို ကျွန်တော်နှင့် လင်းမြင့် လှိုင်သည် အံ့သြစွာကြည့်လိုက်မိလေ၏။ စာနည်မက အတွေး

www.burmeseclassic.com



အခေါ်သည် အံ့မခန်းပါကလား။ အမှတ်တမဲ့ဆိုပါက မထူးဆန်းဟု ထင်ရသော်လည်း နက်နက်နဲနဲ စဉ်းစားကြည့်မည်ဆိုပါလျှင် အတော်လေးကို အတွေးပေါက်စေသည့်စကားပင် ဖြစ်ချေလေ၏။

သို့ဖြင့် သူကြီးအိမ်သို့ ရောက်ခဲ့ကြ၏။

"ကျုပ်အိမ်မယ် ရွတ်ဖတ်ပေးစေချင်တယ်"

သို့ သူကြီးက ပြော၏။

"သူကြီးတစ်ယောက်တည်းအတွက်လား၊ တစ်ရွာလုံးအတွက်လား"

ရသေ့မမ္မပါလ မေးလေ၏။

"တစ်ရွာလုံးအတွက်ပေါ့၊ သူကြီးက ရွာသူကြီးလေ၊ တစ်ရွာလုံးကို သူကြီးက အုပ်ချုပ်ရတာ၊ စီမံကွပ်ကဲရတာ၊ ဒီတော့ ရွာသား အားလုံးအတွက် သူကြီးကောင်းမှုလို့ပဲဆိုဆို၊ သူကြီးအိမ်မှာ ပဲလုပ်လိုက်ခြင်းအားဖြင့် တစ်ရွာလုံးအကျိုးဝင်သွားပြီလေ၊ နို့ကြောင့် ပြီးတော့ ရသေ့ကြီး အတွက် ဆွမ်းကွမ်းလည်း အဆင်ပြေတယ်၊ နေရေးထိုင်ရေးအတွက်လည်း အဆင်ပြေတယ် မဟုတ်လား"

သည်တွင် ရသေ့မမ္မပါလက ခေါင်းကို ခါယမ်းလိုက်လေပြီး…

"ရသေ့က ကောင်းမှုလုပ်နေတာ၊ လုပ်ပေးမှာ၊ ရသေ့အတွက် ဘာမှ မလိုအပ်ဘူး၊ အားလုံးကို ရသေ့ ပယ်သတ်နိုင်ပြီလို့ ပြောလို့ရတယ်၊ ရသေ့ ခု လုပ်နေတာ ရသေ့အတွက်မဟုတ်ဘူး။ သူကြီးမိသားစုအတွက်လည်း မဟုတ်ဘူး၊ ရွာသူရွာသား (၇)ရက်သားသမီးအားလုံးအတွက်လုပ်နေတာ၊ ဒီတော့ ရွာလယ်မယ် ဖျာတစ်ချပ်ပဲ ခင်းပေးစမ်းပါ၊ တစ်ရွာလုံးအတွက် လုပ်ပေးချင်တယ်"





သို့ဆိုလေတော့ သူကြီးမျက်နှာပျက်သွားလေ၏။

ရသေ့မမ္မပါလသည် သူကြီးအိမ်ခြံဝင်းသို့ မဝင်လေဘဲ ရွာလယ်သို့ လျှောက်သွားလေတော့၏။

သည်တော့ သူကြီးသည် သူ့လူတစ်ယောက်ကို ဖျာတစ်ချပ် အိမ်မှသွားယူခိုင်း၏။

ရွာလယ်တွင် သစ်မန်ကျည်းပင်ကြီးတစ်ပင်ရှိချေ၏။ ထိုအပင် အောက်ခြေတွင် ရသေ့ နေရာယူလိုက်၏။

သူကြီးလူ ခင်းပေးထားသည့် ဖျာချပ်ပေါ်၌ တင်ပျဉ်ခွေထိုင်လိုက်၏။ ရသေ့အပါအဝင် ကျွန်တော်တို့သည် ရသေ့ကြီးရှေ့တွင် ကျုံ့ကျုံ့လေးထိုင်လိုက်ကြ၏။ ရသေ့ကြီးသည် ဘုရားစာတစ်ပုဒ်ကို အသံနေအသံထားဖြင့် ရွတ်ဖတ်လိုက်၏၊ နောင် ဝေဝေ ဖေလို့ မြည်အောင် ကြေးစည်လေးကို ရိုက်ခတ်လိုက်၏။ ပြီး အသံကြည်ကြည်အပြည့်ဖြင့် ကမ္မဝါကို ရွတ်ဖတ်လေတော့၏။ သစ်မန်ကျည်းပင်ထက်တွင်ရှိ ကျေးငှက်တို့ သာသာယာယာ အသံပြုကြလေ၏။

ရွာသူရွာသားတို့ စုဝေးရောက်လာကြ၏

သည်သို့ဖြင့် ရသေ့ကြီး မမ္မပါလသည် ကြိုပင်ကုန်းရွာအတွက် ကမ္မဝါရွတ်ဖတ်လေပြီးနောက် နေရာမှ ပြည်ညင်းစွာ ထလိုက်၏။

"ရသေ့ကြီး ဘုဉ်းပေးဖို့ ကျွန်တော့အိမ် ကြွပါ"

သူကြီးက ဖိတ်မန္တကပြုလာချေ၏။

ရသေ့ကြီးက ခေါင်းကို ခါယမ်းလိုက်လေပြီး…

"ရသေ့ ဆွမ်းဘုဉ်းမပေးတာ ကြာပြီ၊ သောက်ရေတစ်



www.burmeseclassic.com

www.burmeseclassic.com



ခွက်ပဲ ကပ်လျှင်ဖြင့် ရတယ်”

သို့ဆိုတော့ သူကြီးသည် သူ့အိမ်မှရေသွားခပ်နိုင်းလေ၏။ ရသေ့ကြီးသည် သူကြီးကမ်းပေးလာသည့် သောက်ရေကို တစ်ကျိုက်မော့သောက်လိုက်ပြီး အရပ် (၁၀)မျက်နှာ မေတ္တာပို့ရင်း တလှမ်းချင်း လျှောက်သွားလေ၏။

စာနည်းမသည် ရသေ့ဓမ္မပါလကိုကြည့်ပြီး အံ့ဩနေလေ၏။

“ဘယ်လိုလဲ သေသွားတဲ့ ဒီရသေ့နဲ့ကို ဘယ်လိုမြင်လဲ”

“ဒါ ရသေ့စစ်စစ် ဖြစ်ပေလိမ့်မယ်”

သို့ စာနည်းမက ပြောလိုက်သည်တွင် လင်းမြင့်လှိုင်သည် တစ်စုံတစ်ရာကို စဉ်းစားမိလိုက်သည့်ကြောင့် ကပျာကသီပင်…

“နို့ဖြင့် သေဆုံးသွားတဲ့ ရသေ့က ရသေ့အစစ် မဟုတ်ဘူးလား”

သို့ စာနည်းမကို မေးလိုက်လေ၏။

သည်တွင် စာနည်းမသည် ရုတ်တရက်ပြောလိုက်မိသည့် သူ့စကားကြောင့် နောက်တရုပ်နှ ဖြစ်သွားချေပြီး…

“ကျုပ် အဲလိုဆိုလိုတာ မဟုတ်ပါဘူး၊ ဘာသဘောမှ မပါပေဘူး” လို့ တုန့်လှုပ်ချောက်ချားစွာ ပြောလာချေလေ၏။

လင်းမြင့်လှိုင်သည် ကျွန်တော့ဘက်လှည့်ကာ ပြုံးပြလာချေ၏။

လင်းမြင့်လှိုင် ဘယ်လိုအတွေးပေါက်သွားလေသည် မသိချေ။ ကျွန်တော်သည် စာနည်းမကို စေ့စေ့ကြည့်လိုက်ပြီး ရသေ့နောက်မှ လိုက်ခဲ့ကြ၍ တောစပ်သို့ ရောက်လာကြချေ၏။





“ကိုပိုက်တို့ ဘယ်သွားမလို့တုံး”

ရသေ့က လမ်းခွဲတစ်ခုရောက်သည်တွင် မေးလာချေ၏။

ထိုလမ်းခွဲနှစ်ခုမှ ကျွန်တော်တို့သည် အသွယ်ချောင်းဖျားသွားသည့်လမ်းကို ရွေးလိုက်၏။

“ဟုတ်ပြီ၊ ရသေ့က ဒီဘက်လမ်းသွားမှာ”

သို့ဆိုလျက် ထိုလမ်းခွဲတွင် ကျွန်တော်တို့ ရသေ့ဓမ္မပါလနှင့်လည်း လမ်းခွဲလိုက်ကြလေ၏။

“တော်တို့ ပြောင်ပစ်မယ်ဆိုတော့ စပါးကြီးမြောင်ဖျားသွားကြမယ်နော်”

သို့ စာနည်းမက ပြောလာသဖြင့်…

“ဟုတ်ပြီ၊ စပါးကြီးမြောင်သွားလမ်းကို ပြောလေ”

“ဒီလမ်းအတိုင်းသွားပါ၊ စပါးကြီးမြောင်သွား လမ်းခွဲရောက်လျှင်ဖြင့် ကျုပ်ပြောမယ်”

သို့ဖြင့် ကျွန်တော်တို့သည် တောလမ်းလေးအတိုင်း လျှောက်ခဲ့ကြလေ၏။ သို့လျှောက်ခဲ့ကြရာမှ တဖြည်းဖြည်း အောက်ပေါင်းရှုပ် တောသို့ ရောက်လာကြ၏။

မှက်၊ ခြင်၊ ဖြုတ်တို့ ပေါမှပေါ၊ နားတွင်းကပ်၍ တကျီကျီ အော်ကြသည်ကို ကျွန်တော် အရှုံမှန်းဆုံးဖြစ်ချေ၏။ သို့ကြောင့် သစ်ခက်တစ်ခုကို ချိုး၍ ယပ်သဘောမျိုး ခတ်နေလိုက်၏။

သို့ လျှောက်ခဲ့ကြရာမှ…

“ဝေါ ဝေါ ဘရော ဝေါ”

ရှေ့မှားလွယ်ခုတ်လောက်ဆီမှ တောင်းပြေးလွှားသံကြောင့် ကပျာကသီပင် သေနတ်ဖြင့် ထိုးချိန်ပြီးကာရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဘာကောင်တုံးဗျ" လို့ မေးလိုက်၏။

"ဘာကောင်မှ မဟုတ်ပါဘူး၊ တောခြောက်တာ"

သို့ပြောလာသည့် ဓာနည်မကို ကျွန်တော် မကျေမနပ်ကြည့် လိုက်လေပြီး...

"တောခြောက်တာ၊ တောမှောက်တာကို ကျွန်တော်တို့ ကောင်းကောင်းသိနားလည်ပါတယ်၊ ဒါက တောကောင်တွေ ပြေးလွှားသံအစစ်ပါ"

"ကျုပ်ပြောတာ မယုံချင်နေပေါ့"

"ဘာလို့ ယုံရမှာလဲ၊ တောလည်းနက်သေးတာ မဟုတ်ဘူး၊ နေလယ်ခင်းကြီးပဲ ရှိသေးတာ၊ တောက အောက်ပေါင်းရှုပ်တာပဲ ရှိသေးတာကို"

သို့ ကျွန်တော်က ပြောလိုက်၏။

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဟိုရှေ့မယ် ကြည့်စမ်း"

ဓာနည်မက ရှေ့မှတောတိုးရင်း ခပ်လှမ်းလှမ်း သစ်ပင်ရှိရာသို့ လက်လှမ်းထိုးပြ ပြောလာလေ၏။

အလိုလေးဗျာ... တောဝက်ကောင်ကြီးတစ်ကောင်ပါကလား။ အပင်အခြေအနီး တူးဆွနေလေ၏။

"အဲဒါ ဝက်လား"

ဓာနည်မက မေးလာ၏။

အလိုလေးဗျာ ကျားကိုက်ပါတယ်ဆိုမှ အပေါက်နဲ့လား လို့ မေးလာပြန်ပြီ။

" ကျုပ်တို့ မုဆိုးကြီးတွေပါဗျ၊ ဝက်ကို ဘာလို့မသိရမှာတုံး"



"ဝက်က ဝက်ပဲလေ၊ နို့မေမင့် ရှင်တို့ ပစ်လို့ရမှာမဟုတ်ဘူး"

"ဘာပြောတယ်"

ဓာနည်မ စကားကြောင့် ကျွန်တော် လွန်မင်းစွာ စိတ်ဆိုးသွားမိ၏။ ဘယ်တွက်ဆိုဝါမှ ဓာနည်မက ကျွန်တော်တို့ကို အထင်သေးဖန် ပြောလာခြင်းဖြစ်ချေ၏။ ဝက်ကောင်နှင့်ကျွန်တော်တို့သည် ကိုက်(၁၀၀)ပင် ဝေးလိမ့်မည်မဟုတ်သည့် အကွာအဝေးဖြစ်၏။

သို့ကြောင့်...

"ညည်းကို အသားဖျက်ခိုင်းရမယ်၊ ဒီကောင်ကို ရအောင်ပစ်မယ်"

သို့ဆိုလျက် ကျွန်တော်သည် လက်တွင်းရှိ သေနတ်ဖြင့် တောဝက်ကောင်ကို လှမ်းထိုးချိန်လိုက်၏။

အလိုလေးဗျာ... တောဝက်ကောင်ခမျာ သနားစရာပင်။ မကြာလောက်သော အချိန်ကလေးတွင် သူ့အသက်နှင့်ခန္ဓာကိုယ် ကွဲသွားလိမ့်မည်ကို သိဟန်မတူချေ၊ အပင်ခြေရင်းရှိ မြေမှုန့်တို့ကို ထိုးကော်နေလေ၏။

ကျွန်တော်သည် ကျောမေးအနေအထားဖြင့် ရှိနေသည့် တောဝက်ကောင်ကို အသေအချာ အကျအန ချိန်ရွယ်၍ သေနတ်မောင်းခလုတ်ကို တင်လိုက်၏။

"ချောက်"

"ဟင်"

အလွန်မှားပါးသော တောဝက်ကောင်ပ ကလား။ သေနတ်

www.burmeseclassic.com



မောင်းတင်သံ ကြားလိုက်ပါနဲ့တူ၏။ ချာခနဲ နောက်လှည့်လာချေ၏။ ထွက်ပြေးခြင်းတော့ မရှိပေ၊ ခေါင်းမတ်မတ်ထောင်၍ လှည့်ပတ်ကြည့်နေလေ၏။

တောဝက်ကောင်က အန္တရာယ်အငွေ့အသက် ရလိုက်ခြင်းဖြစ်ချိမ့်မည်။ သို့ပေမင့်လို့ ထွက်ပြေးခြင်းအလျှင်းမရှိ၊ သကာမကင်း အခြေအနေတော့ ရှိပုံပေါ်၏။ သို့ကြောင့် ကျွန်တော်သည် တောဝက် ကောင်ကို မပစ်သေးဘဲ ဓနုည်မကို လက်မထောင်ပြလိုက်၏။

သေချာပြီပေါ့။

ဓနုည်မက ကျွန်တော့ကို ပြောင်ချော်ချော်မျက်နှာထားဖြင့် ကြည့်နေလေ၏။

သို့ကြောင့် ကျွန်တော်သည် ငါ့ကိုလှောင်ရကော၊ အထင်သေးရကောလို့ တွက်လိုက်ကာ လက်ညှိုးလေးကို သာသာညင်းညင်း တွေးလိုက်လေ၏။

"ဒိန်း"

"ကျိုလ်"

တောဝက်ကောင် တစောင်းလဲကျသွား၏။ ငြိမ်သက်သွား၏။

ကျွန်တော် ဓနုည်မကို ကြည့် ပြုံးပြလိုက်ချေပြီး–

"ဘယ်လိုလဲ တွေ့ပြီလား၊ နို့ပေမင့်လို့ နီးနီးကပ်ကပ်ပစ်ရတာတော့ စိတ်မကောင်းဝါဘူးဗျာ" လို့ ပြောလိုက်ချေလေ၏။

ဓနုည်မက တောဝက်ကောင်ကိုကြည့်လိုက်၊ ကျွန်တော့ကိုကြည့်လိုက်ဖြင့် မျက်နှာပိုးမသေဖြစ်နေလေ၏။





"ညည်း သွားကောက်ချေ"

"ဘာကိုလဲ"

"တောဝက်ကောင်ကိုလေ"

"ဟင်း ဟင်း ဟင်း မရှိတဲ့ဝက်ကောင်ကို ဘယ်လိုကောက်ရမှာတုံး"

"ဘာပြောတယ်"

သို့ ကျွန်တော်က ဓနုည်မကို ဟိန်းဟောက်လိုက်ချေပြီး ဝက်ကောင်ရှိရာသို့ လှမ်းကဲကြည့်လိုက်ချေ၏

အလိုလေးဗျာ... ဝက်ကောင်မရှိတော့ပါ ကလား။

ဘယ်အချိန်က ထပြေးသွားတာပါလိမ့်။ သို့လည်း မဖြစ်နိုင်၊ ကိုက် (၁၀၀)အကွာအဝေးမှ မရှိသည့် ပစ်မှတ်ကို ကျွန်တော်လွဲစရာ အကြောင်းမရှိပေ၊ ကျွန်တော်မှန်းထားသည့် ပစ်မှတ်ထိမှန်သွားသည်ပဲ၊ သွေးများပင် ပေါက်ထွက်လာ၏။ တစောင်းလဲကျငြိမ်သက်သွား၏။

ကျွန်တော်၏ မိုင်(၃၇၅) မဂ္ဂနမ်ရိုင်ဖယ်ကျည်ဖူးသည် တောဝက်ကောင်၏နှလုံးကို ထိုးဖောက်ဝင်သွားပေပြီ၊ ဘယ်လိုလုပ် ပြေးနိုင်လိမ့်မည်နည်း၊ ပြေးသွားဖို့မပြောလေနှင့်၊ လှုပ်ရှားရုန်းကန်ရန်ပင် အခွင့်အရေးမရလိုက်သည်ပဲ။

"တောဝက်ကောင် ဘယ်ရောက်သွားပြီလဲ ဒါ မဖြစ်နိုင်ဘူး"

သို့ဆိုလျက် ကျွန်တော်သည် တောဝက်ကောင် သဲကျသွားရာနေရာသို့ ပြေးသွားလိုက်၏။ သူတို့နောက်မှ လိုက် ခဲ့ကြလေ၏။

အလိုလေးဗျာ၊ တောဝက်ကောင်ကို ကျည် မှန် သွားသည်



www.burmeseclassic.com

www.burmeseclassic.com



ကို အားလုံးမြင်လိုက်ကြပြီး တောသို့ဖိုင်လဲသွားသည်ကိုလည်း တွေ့လိုက်ကြ၏။ သို့ငြား ထိုနေရာတွင် တောဝက်ကောင်ရှိမနေ သည့်အပြင် သွေးစသွေးနပင် မတွေ့ပါချေ။ ဘယ်လိုဖြစ်ရတာပါ လိမ့်။ ဇာနည်မပြောသလို တောခြောက်ခံရခြင်းများလေလား၊ သို့ လည်းမဖြစ်နိုင်လောက်ဟု ထင်၏။ ထိုနေရာတစ်ပိုက် အောက် ပေါင်းရှပ်ကာ ချုံပုတ်နွယ်တို့ ရှိနေလေခြင်းကြောင့် တောဝက်ကောင် ပြေးသွားသည်ကို မတွေ့ရလေခြင်းဖြစ်နိုင်၏။ သို့ကြောင့် ပတ်ဝန်း ကျင်ကို စေ့ငုံကြည့်လိုက်ကြ၏။

"ဟာ ဟိုမယ် ဟိုမယ်"

ချုံတောတိုးပြေးလွှားနေဟန် တွေ့လေသဖြင့် ကျွန်တော်က အလောတကြီး ပြောလိုက်၏။

လင်းမြင့်လှိုင်၊ ဇာနည်မနှင့်စောကျော်ခင်တို့ ကျွန်တော် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ကြ၏။

"တောဝက်ကောင်ဖြစ်မယ်၊ ဒဏ်ရာနဲ့ထပြေးသွားတာ ဖြစ်မယ်"

သို့ လင်းမြင့်လှိုင်က ပြော၏။

"နို့ဆိုတော့ တောဝက်ကောင်စစ်စစ်ပေါ့"

သို့ စောကျော်ခင်က လှမ်းပြောလေ၏။ ဇာနည်မကတော့ မူ ကျွန်တော်တို့ကို ပြုံးစိစိကြည့်နေလေပြီး…

"တော်တို့တွေ ကောင်းကောင်းခံကြရပြီပဲ"

ဘယ်လိုကြောင့် ဇာနည်မ သို့ပြောလိုက်ပါလိမ့်။ ကျွန်တော် တို့ ဘာခံကြရတာလဲ၊ မရှင်းသဖြင့် ဇာနည်မကို မေးလိုက်၏။

"ဘာကိုပြောတာတုံး"





"ဩော်… တော်တို့ တောခြောက်ခံနေရတာကို တော ဝက်ကောင်လို့ချည်း ပြောနေလို့ပေါ့၊ ဒီလောက်လေးမှ မသိပေ ဘူးလား"

သို့ လူစာတ်လုပ်ပြောလာမြန်သဖြင့်…

"ကျွန်တော်တို့ ကောင်းကောင်းသိတာပေါ့၊ နို့ပေမင့်လို့ ဒီဟာက တောဝက်ကောင်စစ်စစ်ပါဗျာ၊ ဒီတစ်ခါတော့ အလွတ် ပေးတော့ဘူး"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် တောဝက်ကောင် လှုပ်ရှား ပြေးသွားဟန်တူသည့် လမ်းကြောင်းသို့ အပြေးကလေး သွားလေ တော့သဖြင့် ကျွန်တော်တို့သည်လည်း သူ့နောက်မှ ကပ်လိုက်သွား ကြလေ၏။ ချုံနွယ်တို့ထူထပ်သဖြင့် ကျွန်တော်တို့ ခရီးသိပ်မပေါက် ကြချေ။

လင်းမြင့်လှိုင် ရှေ့ဆုံးက ကျွန်တော်နှင့်စောကျော်ခင်က အလယ်က ဇာနည်မက နောက်ဆုံးမှဖြစ်၏။ သူမသည် ကျွန်တော် တို့ကို အလကားအကြောင်းမဲ့ အချိန်ဖြုန်းနေကြသူများဟု ထင်ထားပုံ ရချေ၏။ တုံ့နှေးလျော့ရဲလှမ်းလာခြင်း ဖြစ်၏။

"ဟာ… ဟိုမယ် ဟိုမယ် တွေ့ပြီ"

ရှေ့မှသွားနေသော လင်းမြင့်လှိုင်က အားရဝမ်းသာပြော သဖြင့် နောက်မှနေ၍ သူ့ကိုကျော်ကာ လှမ်းကြည့်လိုက်၏။

"ဘာမှ မတွေ့ပါကလား"

"ကိုလင်း ဘယ်မတုံး၊ မတွေ့သေးဘူးဗျ"

သို့ ကျွန်တော်က ပြောလိုက်၏။

"ကြောကနေ မြောင်ထဲဆင်းသွားပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလျက် လင်းမြင့်လှိုင်သည် တောင်ကြောအောက်ဘက် ပြေးဆင်းသွားသည်တွင် အမြန်ရောက်လိုသည့်ကြောင့်ထင်၏ ဖင်ချ လျှောတိုက်ဆင်းသွားချေ၏။

ကျွန်တော်သည် သူ့နောက်မှလိုက်ဆင်းရာ တောင်ကြောသည် အနည်းငယ်မျှ မတ်စောက်လေသည်ဖြစ်၍ လဲပြိုလိမ့်ဆင်းသွားလေ၏။

"အလိုလေးဗျာ"

ဘယ်လိုက ဘယ်လို မြောင်ကျပ်ထဲရောက်သွားလေသည်မသိ၊ ပက်လက်အနေအထားမှ ကုန်းထလိုက်၏။

လင်းမြင့်လှိုင်သည် မြောင်အောက်ဘက်သို့ ပြေးဆင်းသွားချေပြီဖြစ်၏။ စောကျော့်ခင်နှင့်ဇာနည်မကို နောက်လှည့်ကြည့်လိုက်၏။ ဇာနည်မလည်း မတွေ့၊ စောကျော့်ခင်လည်း မတွေ့ပါကလား။

ကျွန်တော်အတန်ကြာမျှ နောက်လှည့် စောင့်ကြည့်နေသေး၏။ မည်သူမျှ ရောက်လာခြင်းမရှိသဖြင့် လင်းမြင့်လှိုင်ပြေးသွားရာ မြောင်အောက်ဘက်သို့ အပြေးလိုက်သွားမိလေ၏။

"ဒိန်း"

ကျွန်တော့်ရှေ့ခပ်လှမ်းလှမ်းမှ သေနတ်သံတစ်ချက် ပေါ်ထွက်လာလေ၏။ လင်းမြင့်လှိုင်ပစ်လိုက်ခြင်းမှလွဲ၍ အခြားမဖြစ်နိုင်ချေပြီ၊

သို့ဖြင့် ကျွန်တော်သည် မြောင်ပေါက်နားသို့ရောက်လာသည်တွင် မြောင်ထိပ်တွင် ကျောမေးရပ်နေသည့် လင်းမြင့်လှိုင်ကို တွေ့လိုက်သဖြင့် အနားသွားလိုက်၏။





"ဘာကောင်တုံး၊ တောဝက်ကောင်ပဲလား"

သို့ ကျွန်တော်က မေးလိုက်၏။

"ဟိုမယ်လေ"

အလိုလေးဗျာ... မြောင်ဝထိပ် ချောင်းထဲတွင် မျောက်တစ်ကောင် ပြုတ်ကျသေနေပါရောလား။

"ကိုလင်း ပစ်လိုက်တာလား"

ကျွန်တော်က မေးလိုက်၏။

"မဟုတ်ဘူး"

"နို့ဖြင့်"

"ကိုပိုက် မျောက်ကောင်ကို အသေအချာကြည့်စမ်းလေဗျာ"

သို့မှ ကျွန်တော် သတိထားမိ၏။ မျောက်ကောင်၏လည်တိုင်တွင် မြားတစ်စင်း ထုတ်ချင်းပေါက်ဝင်နေလေ၏။

သို့ဆိုတော့ ထိုမျောက်ကောင် မသေမီ ခပ်ကြာ အတော်ကလေး ခံစားရပေရော့မည်။

"မြားတံပိုင်ရှင် ဘယ်သူပါလိမ့်။ ရင်ခေါက်လိုက်တာ"

"နို့ဖြင့် ကျွန်တော် ကြားလိုက်တဲ့ သေနတ်သံကတော့ ကိုလင်းပစ်လိုက်တာမဲ မဟုတ်လား"

သို့ ကျွန်တော်က မေးလိုက်၏။

"သေနတ်က ကျွန်တော်ပစ်လိုက်တာ"

"ဘယ်လို အာကိုပစ်လိုက်တာ"

"မျောက်ကောင်ကို ရက်ရက်စက်စက် ..တ်ဖြတ်ခိုက်တဲ့သူကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်… နို့ဖြင့် ကိုလင်း အဲဒီရက်စက်သတ်ဖြတ်သူကို တွေ့လိုက်တယ်ပေါ့"

သို့ ကျွန်တော့အမေးကို လင်းမြင့်လှိုင်သည် ဂဃနဏ ပြောလာခြင်းမရှိပါတော့ချေ။ တွေဝေနေလေပြီးမှ…

"တွေ့တော့ တွေ့လိုက်တယ်၊ နို့ပေမင့်"

"နို့တော့ဖြင့် ရှင်းအောင်တစ်ခါတည်း ပြောချေဗျာ"

"ထူးဆန်းနေလို့ပါ"

"ဘယ်လို"

"ကျွန်တော် လှမ်းတွေ့လိုက်တယ်၊ အသက် ဆယ့်လေးငါးနှစ်အရွယ် ကလေးတစ်ယောက်ဆေပဲဗျ"

"အလိုလေးဗျာ… ဒီတောတောင်ထဲမယ် အဲဒီအရွယ်ကလေး ရှိတယ်လား"

ကျွန်တော်က တအံ့တသြမေးလိုက်၏။

"ဘယ်သူကများ ခေါ်လာတာဝါလိမ့်"

"ကျုပ်မြင်တာကတော့ သူတစ်ယောက်တည်းပဲ၊ နို့ပေမင့် လို့ဗျာ၊ သူ့အရပ်က အတော်ရှည်တာကလား"

"ကိုလင်းကလည်း ဒီတောတောင်သားတွေက အရပ်ရှည်ကြတာပဲဗျ၊ ဒါဘာဆန်းလဲ"

"အဲလိုဟုတ်သေးဘူး၊ ကိုပိုက်ရဲ့"

"နို့ဖြင့် ပြောချေဗျာ"

"သူ့အရပ်က သူ့အရွယ်နဲ့ မဖြစ်လောက်တဲ့အရပ် ဖြစ်နေသဗျ"

"ဘယ်လောက်ရှည်လို့တုံး"





"အနည်းလေး ဆယ်ပေတော့ ရှိလိမ့်မယ်"

"ဗျာ"

"ဟင်"

"မဖြစ်နိုင်ဘူး ကိုလင်း၊ မျက်စိအမြင်မှားတာများလား နို့မှမဟုတ် ပေမှန်း အတိုင်းပြောတာ လွဲချော်မှုဖြစ်လိမ့်မယ်"

သို့ ကျွန်တော်က ဖြစ်နိုင်ခြေကို ပြောလိုက်၏။

"ဘယ်လိုမှားနိုင်မှာတုံး ကိုပိုက်ရယ်၊ ပြီးတော့ အဲဒီကောင်လေးက မြားကိုင်းကို အသေအချာ ဆုပ်ကိုင်ထားသဗျ၊ ကျွန်တော်ကသာ သူကိုတွေ့တာ၊ သူက ကျွန်တော့ကို တွေ့ပုံမပေါ်ဘူးလေ"

"ဟင်"

သို့ဆိုလည်း ဘာဆန်းတာမှတ်လို့။

"ဒါ အနည်းမ ပြောသလို တောခြောက်ခံရတာဖြစ်မယ်"

သို့ ကျွန်တော်ကပြောပြီး လင်းမြင့်လှိုင်နား တိုးကပ်သွားလိုက်၏။

"လာဗျာ ကိုပိုက်၊ သေချာအောင် အဲဒီခုံပုတ်ပင် နောက်ကွယ်ဘက် သွားကြတာပေါ့"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ကျွန်တော့ကို လက်ဆွဲခေါ်သွားလေ၏။

"ဟောဒီမယ် တွေ့ပြီး ခြေရာ"

ချုံပုတ်ပင်နောက်ကွယ် မြေသားပျော့ပျော့ပေါ်တွင် ထင်ကျန်နေသည့်ခြေရာကို အားရဝမ်းသာပြလာချေ၏။ ဦး လင်းမြင့်လှိုင် ထိုခြေရာများတွင် ဆောင့်ကြောင့်ထိုင်ချလိုက်၏။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သည်လည်း လင်းမြင့်လှိုင်နံ့ဘေး ကပ်ထိုင်လိုက်လေ၏။

"ကိုပိုက်ရေ… ဒီခြေရာက အဆန်းသာကလား"

လင်းမြင့်လှိုင်က ခြေရာထင်းထင်းကိုကြည့်၍ ပြောလာချေ၏။

"ဘာဆန်းလို့တုံး"

"ကျွန်တော် မြင်လိုက်တဲ့ကောင်လေးက အရပ်အတော်ရှည်တာဓော့ ထားပါတော့၊ ခု ဒီခြေရာက သူ့ခြေရာကလွဲလို့ အခြားမဟုတ်လောက်ဘူးလေ၊ နို့ပေမင့်လို့ ဒီခြေရာဟာ လူကြီးတစ်ယောက်ရဲ့ ခြေရာကြီးဖြစ်နေတဲ့အပြင် မြေကြီးထဲကို အတော်နှစ်ဝင်နေတာဆိုတော့ ကျွန်တော်မြင်ခဲ့တဲ့ကလေးရဲ့ အလေးအချိန်က ဒီခြေရာရှင်ရဲ့ အလေးချိန်ထက် နည်းလောက်မယ်ဗျ၊ ခုက ဘယ်လိုကြောင့် အဲလိုဖြစ်ရတာပါလိမ့်"

လင်းမြင့်လှိုင်သည် ခြေရာကို စေ့စေ့ကြည့်ရင်း မကျေမနပ်ဖြစ်ပြောနေလေ၏။

ကျွန်တော် ခြေရာကိုစေ့စေ့ကြည့်လိုက်၏။

အလိုလေးဗျာ… ဟုတ်ပါရဲ့။ ခြေရာက မြေကြီးအတွင်း နစ်ဝင်နေလေ၏။ လွန်စွာ ခွန်အားဗလတောင့်သော လူတစ်ယောက်နင်းချထားသည့် ခြေရာမျိုးဖြစ်နေလေ၏။

"ကိုလင်း"

"မြေကြောင့်လား"

"ဒါ လူသားစစ်စစ်မှ ဟုတ်ပါလေစ"

သို့ သွေးတိုးစမ်းမေးလိုက်၏။

"ကိုပိုက်ကလည်းဗျာ၊ ကလေးလည်းမဟုတ်ဘဲနဲ့၊ ဘယ်





လိုကြောင့် အဲလိုထင်ရတာတုံး"

သို့ ပြောရင်း လင်းမြင့်လှိုင်က ကျွန်တော့ကို မကျေမနပ်ကြည့်လာချေ၏။

"နို့ဖြင့် ဘယ်လိုဆက်လုပ်မလဲ"

ကျွန်တော်က လင်းမြင့်လှိုင်ကို မေးလိုက်၏။

"ဟိုနှစ်ယောက်ရော"

နောက်ဘက်သို့ လှမ်းကဲကြည့် မေးလိုက်၏။

"နှစ်ယောက်စလုံး ကျွန်တော့နောက် လိုက်လာဟုံမရဘူး၊ ကျွန်တော် ကိုလင်းနောက် အမီဆိုပြီး တောင်ကြောပေါ်ကနေ ပြေးဆင်းလာတာမှာ ဟပ်ထိုးလဲတလိမ့်ခေါက်ကွေး ကျလာရလေတော့ မြောင်ထဲတန်းရောက်သွားတာပဲ၊ တော်ပါသေးရဲ့၊ ဘာမှထိခိုက်ဒဏ်ရာမရပေလို့၊ ကျွန်တော်မြောင်ထဲကနေ သူတို့ပေါက်လာမလား စောင့်နေသေးတယ်၊ မတွေ့ဘူး၊ တောင်ကြောပေါ်ာ ကျန်ခဲ့လား၊ ဘယ်ရောက်သွားကြလဲ မသိဘူး"

သို့ ကျွန်တော်က ရှင်းပြလိုက်၏။

ပြီး…

"သူတို့ရှိနိုင်တဲ့ တောင်ကြောပေါ် ပြန်သွားကြမလား၊ ဒီကပဲ သူတို့ရောက်အလာကို စောင့်မလား"

သို့ ကျွန်တော်က မေးလိုက်ပြန်၏။

သည်တွင် လင်းမြင့်လှိုင်က တွေဝေစဉ်းစား ‌နေ‌န် ပြုလိုက်ချေပြီး…

"စောစောခြင်က ဒီရွာသား၊ တောကျွမ်းသူ၊ စာနည်းသလည်း မှုစရာမလိုဘူး။ ဒီအေသကပဲလေ၊ ဒီတော့ ကျွန်တော့



www.burmeseclassic.com

www.burmeseclassic.com



သဘောပြောရလျှင် အဲဒီကောင်လေးနောက် လိုက်သွားကြမယ်ဗျာ"

"ကိုလင်း သဘောပဲလေ၊ ကျွန်တော်လည်း အဲဒီလောက် အရုပ်ရှည်တယ်ဆိုတဲ့ ကောင်လေးကို တွေ့ချင်မြင်ချင်လိုက်တာဗျာ"

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ခြေရာတို့ကို မြေပြင်တွင် ရှာဖွေရင်း တောတိုးလျှောက်ခဲ့ကြလေ၏။

ခြေရာတို့သည် မြေပြင်တွင် ထင်းထင်းရှိသေးခြင်းကြောင့် အခက်အခဲတော့ဖြင့် သိပ်မရှိပါချေ။ ရံခါ လမ်းခုလတ်တွင်ရှိ ရေအိုင်၊ ဗွက်အိုင်တို့ ဖြတ်သွားသည့်အခါမျိုးသာလျှင် ခြေရာပျောက်သွားရခြင်း ဖြစ်လေ၏။

သို့သော်မင့်လို့ ရေအိုင်၊ဗွက်အိုင်တို့ကိုကျော်၍ သွားလိုက်ပြန်လျှင် ထိုထင်းထင်းခြေရာကို အမြဲ တွေ့နေတတ်မြဲပင်။

"ကိုလင်း... ဒီကောင်လေးက ခြေလည်း သွက်ပုံပေပဲဗျ"

"အေးဗျာ၊ ခြေသံရှည်သလောက် အမြေးသွက်ပုံရတယ်"

သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် အောက်ခြေကို ကြည့်ရင်း ခြေရာနောက် တကောက်ကောက်လိုက်ခဲ့ကြလေ၏။

သည်သို့ဖြင့် ကျွန်တော်တို့နှစ်ယောက်သည် ပန်းစုံတောသို့ ရောက်လာကြ၏။ သည်တွင် ကျွန်တော်တို့ခြေရာခံ လိုက်ခဲ့ကြသော အရုပ်ရှည်မျောမျော လူငယ်လေးကိုလည်း မျက်ခြည်ပြတ်သွားကြလေ၏။

"ဘယ်လိုလုပ်မလဲ ကိုလင်း"

ကျွန်တော်က စင်ပြွမ်းတစ်ပင်အောက်ခြေတွင် ရပ်နားလိုက်လေပြီး သို့ မေးလိုက်၏။





"ကိုပိုက် ညောင်းနေပြီဆိုလျှင် နားကြဘာစေ့"

"နို့ဖြင့် ကောင်လေးကို အလွှတ်ပေးလိုက်ရတော့မပေါ့"

"သည်သဘောပဲ ဖြစ်နေတော့မပေါ့"

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် စင်ပြွမ်းပင် အောက်ခြေကို အနည်းငယ်မျှ ရှင်းလိုက်ကြ၏

"ဟာ"

"ဟင်"

စင်ပြွမ်းပင်အောက်ခြေတွင် မြက်ရိုင်း၊ငင်တို့ ဖုံးလွှမ်းနေသည့်ကြောင့် ကျွန်တော်တို့ ရှင်းနုတ်လိုက်သည်နှင့် အဝါအနက် ကွက်ရှိသည့် မြွေကြီးတစ်ကောင် ခွေလိမ်အိပ်နေသည်ကြောင့် ရုတ်တရက်မို့ ထိတ်လန့်သွားမိ၏။

"အတော်ပေပဲဗျ"

ကျွန်တော်က လက်တွင်းရှိသေနတ်ဖြင့် ထိုစပါးကြီးမြွေ၏ ဦးခေါင်းကို တေ့ချိန်လိုက်သည်တွင်...

"ဓုစ်"

"ဟာ"

"ဟင်"

ကျွန်တော့်နားနှင့် တစ်ထွာမျှဝေးသောနေရာမှ မြားတံတစ်ချောင်း လေကိုခွင်း ဖြတ်ထွက်သွားသည်ကြောင့် နားတွင် လေဟပ်သွားရချေ၏။

လင်းမြင့်လှိုင်သည်ပင် ထိတ်လန့်သွား ုံ ၊ ချေ၏

မြားတံလာရာလမ်းကြောင်းဘက် ကပ္ ကသိ လှမ်းကြည့် လိုက်ကြ၏။ လက်တွင်းရှိ သေနတ်ကိုလည်း ၊ ၊ ခြည်ကျချယ်

www.burmeseclassic.com



လိုက်ပြီး ဖြစ်လေ၏။

"ဟိုမယ် ဟိုမယ် မြေးပြီ"

အလိုလေးဗျာ… ကျွန်တော်တို့ခြေရာခံလိုက်နေသည့် ကောင်လေး များလေလား။ လူရိုပ်သဏ္ဌာန်ကိုသာ တွေ့လိုက်၏။

"ကိုလင်း၊ ကျွန်တော်တို့ တွေ့ချင်နေတဲ့ ကောင်လေးများ လေလား"

"လာချေဗျာ"

လင်းမြင့်လှိုင်က ကျွန်တော့အမေးကို မဖြေ၊ ရှေ့ဆက် ခရီး သူဦးဆောင်မည့်ပုံပင်။

သို့ဆိုတော့ ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နောက် လိုက်သွားရချေ၏။

လူရိပ်သဏ္ဌာန် လှမ်းတွေ့လိုက်သည့်နေရာရောက်သည် တွင်…

"ကိုပိုက်ရေ၊ ဒီမယ် ခြေရာတွေ့တယ်ဗျ"

ကျွန်တော် ငုံ့ကြည့်လိုက်၏။

အလိုလေးဗျာ… ဟုတ်ပါရဲ့၊ သို့သော်မင့် လူငယ်တစ် ယောက် ခြေရာတော့ဖြင့် မဟုတ်လောက်ချေပြီ။

"ဘယ်လိုလဲဗျာ"

သို့ လင်းမြင့်လှိုင်ကို မေးလိုက်၏။

"ဒီကိစ္စ အဖြေမှန်သိဖို့က ကောင်လေးကို အရအမိ လိုက်ဖမ်းနိုင်မှ တော်ကာကျမယ်ဗျ"

"ဟုတ်တာပေါ့၊ ကျွန်တော်တို့ စပါးကြီးကောင်ကိုပဲ သွား ပြန်ဖမ်းကြတာပေါ့"





သို့စီစဉ်လိုက်သော်မင့် စင်ပြွမ်းပင်အောက်တွင် စပါးကြီး ကောင် ရှိမနေပါတော့ချေ။

မြွေကောင်သည် ဘယ်ထွက်သွားလေပြီ မသိချေ။

သို့သော်မင့် မြွေကောင်ထွက်သွားသည့် ပုံသဏ္ဌာန်တော့ဖြင့် ထိုနေရာ တစ်ဝိုက်တွင် မမြင်မိပါချေ။

အံ့ဖို့ပင် ကောင်းသေးလေ၏။

"နို့ဖြင့် အချိန်ရှိတုန်း ကောင်လေးနောက် လိုက်သွားမယ် ဗျာ"

သို့ လင်းမြင့်လှိုင်က ညည်းတွားပြောလာလေ၏။

"နို့ဖြင့်လည်း နောက်မကျလောက်သေးပါဘူး၊ လိုက်သွား ကြတာပေါ့"

သို့ဆိုလျှက် ကျွန်တော်သည် ထိုနေရာလေးမှ လှည့်ထွက် သည့်အလုပ်တွင် လင်းမြင့်လှိုင်က ကျွန်တော့ရှေ့မှ ကာဆီးရပ်လာ ချေပြီး…

"ကျွန်တော်တို့ စားစရာတစ်ခုခု ရှာဖွေစားပြီးမှ ဘာဆက် လုပ်ကြမယ် တိုင်ပင်တာ ပိုကောင်းပါလိမ့်မယ်"

လို့ ပြောလာလေ၏။

သို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုနေရာလေး တွင် အတန်ကြာမျှ ထိုင်လိုက်ကြပြီး စီးကရက်တစ်ငုံစီ မောသောက်လေ ပြီး စီးကရက်တစ်လိပ်စီ ဖွာရှိုက်လိုက်ကြလေ၏။

လတ်ဆတ်သောအခေါ်ခံပါ ဒူးယားဖြစ်ခြင်းကြောင့် ခံတွင်း တွေ့လှချေ၏။

ဒူးယားနံ့လေးကလည်း မွှေးသင်းလို့ပါကလား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ဆေးလိပ်တစ်လိပ်စီမျှ သောက်လိုက်ကြပြီးနောက် ထိုနေရာလေးမှ ထွက်ခဲ့ကြလေ၏။

"ကိုပိုက်ရေ… ရှေ့မြောင်ဆင်းလေးကျလျှင် မြောင်ထဲဆင်းကြတာပေါ့"

သို့ လင်းမြင့်လှိုင်ပြောသည်ကို ဆင်ခြေလျှောတောင်ကြောစွယ်လေးတစ်ခုမှ တောတိုးဆင်းခဲ့ကြလေ၏။

ထိုတောင်ကြောစွယ်လေးတွင် ပေါက်နေသည့် ပျဉ်းမရွက်ကြီးပင်အမြင့် ကိုင်းထက်တစ်ခုတွင် ရတနာရွှေခက် သစ်ခွပင်တို့တွေ့လိုက်သဖြင့် ကျွန်တော့သမီးကို သတိရမိသေးတော့၏။

သမီးအတွက် ခူးဆွတ်ချင်ပေမင့် အခွင့်အရေးမရလိုက်ပါကလား။

"လာဗျာ ကိုပိုက်၊ ကျွန်တော့နားထဲမယ် ချေကောင်လေးဟောက်သံ ကြားသလိုပဲ"

သို့ဆိုလျက် လင်းမြင့်လှိုင်က ပြောလေသဖြင့် သူ့နောက်အလျှဉ်မီလိုက်ခဲ့ရချေ၏။

သမီးအတွက် ကြံ့တုန်းကြံ့ခိုက် ရတနာရွှေခက်ကို လက်လွှတ်လိုက်ရချေ၏။

"ကိုပိုက် အသာနေချဦး"

မြောင်တွင်းရောက်နှင့်သော လင်းမြင့်လှိုင်က နောက်လှည့်လှမ်း ပြောသဖြင့် ကျွန်တော်သည် မြောင်ထဲသို့မဆင်းလေဘဲ တောင်ကြောစွယ်ထိပ်တွင် ဆိတ်ငြိမ်စွာ ရပ်နေလိုက်ရင်း လင်းမြင့်လှိုင် အရိပ်အကဲကို ကြည့်လိုက်လေ၏။

လင်းမြင့်လှိုင် သားကောင်တွေ့ထားဟန် တူချေ၏။





သစ်ပင်ငယ်တစ်ခုကို အကာအကွယ်ယူ၍ သေနတ်ကို ရှေ့သို့ ထိုးချိန်ထားလိုက်၏။

ကျွန်တော်သည် လင်းမြင့်လှိုင် လက်ညှိုးလေးကို ကြွေးမည့်အချိန် စောင့်နေလိုက်၏။

တကယ်တော့ လင်းမြင့်လှိုင်သည် သေနတ်မောင်းထိန်းခလုတ်ကို ဆွဲညှစ်လိုက်ပြီး ကျွန်တော်အချိန်အတော်ကြာကြာကို ရင်မောစွာ စောင့်နေလိုက်ရသည်ဟု ထင်လိုက်၏။

"ဒိုန်း"

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံနှင့်အတူ…

"အိုကေတယ် ကိုပိုက်" ဆိုလာသည့် လင်းမြင့်လှိုင်၏ စကားသံကို ကြားလိုက်ရသဖြင့် ဝမ်းသာသွားမိလေ၏။

အကောင်ရယ်လို့တော့ဖြင့် မသိပေမင့် ကျွန်တော်တို့အတွက် အစာရပြီဖြစ်ခြင်းကြောင့် ဝမ်းသာသွားရခြင်းဖြစ်လေ၏။

တကယ်တော့ လင်းမြင့်လှိုင်ပစ်လိုက်သည်မှာ တောဝက်လေးတစ်ကောင်ဖြစ်ချေလေ၏။

အကောင်ပင်သေးသော်ငြား အစွယ်လေးကား ရှိချေ၏။ ကျွန်တော်သည် လင်းမြင့်လှိုင်ထံမှ ထိုဝက်စွယ်ကို တောင်းယူလိုက်၏။

ထိုသွေးသံရဲရဲ ဝက်စွယ်နှစ်ချောင်းကို အင်္ကျီအိတ်ထဲတွင်း ထည့်လိုက်၏။

သည့်နောက် ကျွန်တော်တို့သည် တောဝက်ကောင်လေးကို မြောင်ထဲသို့ မ,ယူခဲ့ကြချေ၏။

မြောင်တို့၌ တော်သေးတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မြောင်ဝသို့ ရောက်သည်တွင် အတန်အသင့်ကျယ်သော ချောင်းတွင်းသို့ ရောက်လာကြလေ၏။

ရေစီးအနည်းငယ်တော့ ရှိနေလေ၏။

သို့ကြောင့် ကျွန်တော်တို့သည် ထိုမြောင်ထိပ် တောင်ကြော အစပ်ပေါ်သို့ တက်လိုက်ကြ၏။ စခန်းနေရာဟု သတ်မှတ်လိုက်ကြလေ၏။

တောဝက်ကောင်ကို ကျွန်တော်တို့ အသားဖျက်လိုက်ကြပြီးနောက် ဖာစို့ထိုးမီးကင်ထားလိုက်၏။

လင်းမြင့်ရှိုင်နှင့်ကျွန်တော်သည် ဝက်သားတွဲတို့ကို မီးကင်နေတုန်း အချိန်ကလေးမှာပင် သစ်ပုပ်ပင်ကြီးတစ်ပင်အောက်ခြေတွင် ရှင်း၍ သက်သောင့်သက်သာ ထိုင်လိုက်ကြလေ၏။

ပင်ပန်းနွမ်းနယ်ခြင်း၊ ဆာလောင်ခြင်းကြောင့် သစ်ပင်ကို ကျောမှီလိုက်သည်နှင့် မျက်လုံးများမှေးစင်းလာလေ၏။ သည့်နောက် ကျွန်တော် အိပ်ပျော်သွားပုံရချေလေ၏။ မည်သို့မျှမသိတော့ပါကလား။

"ဒိန်း"

ပြင်းထန်သောသေနတ်အားပေါက်ကွဲသံတစ်ခု အနီးကပ်ကြားလိုက်ရသဖြင့် အိပ်ပျော်နေရာမှ မျက်လုံးကျယ်လာချေလေ၏။

"ကိုလင်း ဘာကောင်ကို ပစ်လိုက်ပြန်တာတုံး"

ပြောင်းဝတွင် မီးခိုးတလူလူရှိနေဆဲမှာပင် ကျွန်တော်က မေးလိုက် ၏။

"ခြောက်လှန့်ပစ်လိုက်တာပါ"

"ဘာကိုလဲ"





"ကျွန်တော်တို့ကို တစ်စုံတစ်ဦးက နောက်ယောင်ခံလိုက်နေချောင်းနေမှုပေပဲဗျ"

"အလိုလေးဗျာ ဘယ်သူများပါလိမ့်"

"နို့တော့ ကိုပိုက်ပဲ စုံစမ်းချေတော့ဗျာ၊ ကျွန်တော်က ဘယ်လိုသိရမှာတုံး"

"နို့ဖြင့်လည်း ဘာလို့ခြောက်လှန့်ပစ်ဘော့မှာတုံး၊ တဲ့သာ ပစ်လိုက်ချေဗျာ"

"အလိုလေးဗျာ၊ ကိုပိုက်က တယ်ဒေသထွက်လွယ်ပါကလား၊ အဲလိုလုပ်လို့ မဖြစ်ဘူးလေ၊ လူသတ်မှုနဲ့ ကျွန်တော် ထောင်ထဲ သွားနေရဦးမယ်"

"ကဲပါ ကိုလင်းရယ်၊ ကျွန်တော်တို့ သွားကြတာပေါ့"

"သွားမယ်ဆိုလျှင်ဖြင့်လည်း စားသောက်ပြီးမှ သွားကြတာပေါ့ဗျာ"

သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ဝက်ကင် စားနိုင်လောက်သည်အထိ ဝီစကီကိုထုတ်သောက်၊ ဝက်ကင်ကိုအမြည်းလုပ်လိုက်ချေလေ၏။

"ဆာနေလို့လား မသိဘူး၊ ဝက်ကင်က စားကောင်းသားဗျ"

လင်းမြင့်လှိုင်က ပြောလည်း ပြော၊ နေရာမှ ထလိုက်၏။

"သွားကြမလို့လား"

"ကျွန်တော်တို့ ဝက်အသားကင် နည်းနည်းယူသွားကြမယ်"

သည်နောက် ကျွန်တော်တို့သည် ထိုနေရာလေးမှ ထွက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြပြန်၏။ သို့ ထွက်ခဲ့သည်ဆိုရာ၌ ချောင်းအထက်သို့လည်းကောင်း၊ အောက်သို့လည်းကောင်း၊ သွားရောက်ရန် မစဉ်းစားလေဘဲ ချောင်းတစ်ဖက်ကမ်းသို့ တက်သွားလိုက်ကြလေ၏။ ချောင်းကမ်းအားလောက်တွင်သာ သစ်ပင်ကြီးများရှိလေပြီး တောင်ကြောအလယ်လောက်တွင်မှ ဝါးတောဖြစ်ချေ၏။

တစ်ပင်တိုင်ဝါးတောဟု ပြောရလိမ့်မည်ပင်၊ ဝါးရုံတို့ရှိကြသည်ဆိုငြား ဝါးဘိုးဝါးကြီးများသာလျှင် ဖြစ်ချေ၏။

သို့ဆိုတော့ အောက်ပေါင်းရှင်းသည့်ကြောင့် အတော်လှမ်းလှမ်းနေရာများသို့ လှမ်းမြင်ရလေ၏။

"ကျွန်တော့အထင် ကောင်လေး ဒီဝါးတောထဲ ဝင်သွားတာဖြစ်မယ်"

"ကိုလင်း ဘယ်လိုကြောင့် အဲလိုထင်ရတာတုံး"

ဟိုရှေ့ခပ်လှမ်းလှမ်းမယ် ကြည့်လေ၊ တောကျိုးကန်းကောင်တွေ လန့်ဖျပ် ထပျံနေကြပြီလေ"

"အလိုလေး… ဟုတ်ပါ့"

"သည်ကောင်လေး အဲဒီအောက်ဖြတ်လျှောက်သွားလို့ တောကျိုးကန်းကောင်တွေ လန့်ဖျပ်ပျံနေကြတာဖြစ်မယ်"

"အဲဒီမယ် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ သွားကြမယ်ဗျာ၊ တစ်ခုခုတော့ ထူးခြားမှု ရှိလိမ့်မယ်ထင်တယ်"

သို့ လင်းမြင့်လှိုင်ထင်သလိုပင် ထိုကျိုးကောင်တို့ လန့်ဖျပ်ပျံသွားသည့် နေရာရောက်သည်တွင် လွန်မင်းစွာ ထိတ်လန့်ဖွယ်ကောင်းသော၊ အံ့ဖွယ်ကောင်းသော မြင်ကွင်းတစ်ခုကို တွေ့လိုက်ကြ၏။





ဘုရားရေ…။

စောကျော်ခင်တစ်ယောက် မှောက်ခုံကြီးလဲကျသေဆုံးနေပါရောလား။ သူ၏ကျောတွင်လည်း မြားတံတစ်ချောင်း စူးနစ်ဝင်နေလေ၏။

စောကျော်ခင်ကို သို့အခြေအနေဖြင့် မြင်လိုက်ရသဖြင့် ဇာနည်မကိုလည်း သတိရလိုက်လေ၏။

ဇာနည်မ ဘယ်ရောက်နေလေပြီလဲ၊ စောကျော်ခင်နှင့်သူမ တူတူ သွားလာကြသည်လား၊ တစ်ယောက်တကွဲတပြားစီလားမသိပေ။

စောကျော်ခင်ကျောတွင် စိုက်ဝင်နေသည့် မြားတံသည် ဘယ်သူပစ်လိုက်တာပါလိမ့်။

ကျွန်တော်တို့ ခြေရာခံလိုက်နေသည့် ကောင်လေး လက်ချက်များလေလား။ သို့တည်းမဟုတ်…

ဇာနည်မတွင်လည်း မြားကိုင်းနှင့်မြားတံ ပါသွားသည်ပဲ၊ ဇာနည်မ လက်ချက်လည်း ဖြစ်နိုင်၏။ ဘယ့်အတွက်မှ…

"တော်တို့နဲ့ပါလာတဲ့အကောင်က ကျုပ်ကို ရိသဲ့သဲ့နဲ့နော်၊ ကြည့်ပြောထားဦး၊ ကျုပ်လက်စာမိသွားလိမ့်မယ်၊ မိန်းမသားဆိုပြီး အထင်မသေးလေနဲ့"

သို့ဆိုသလို ဇာနည်မရှိစဉ်က ကျွန်တော့်ကို ပြောဖူး၏။ ကျွန်တော် သို့ သူမ ပြောပြီးသည့်နောက် စောကျော်ခင်ကို လမ်းတစ်လျှောက် တစေ့တစောင်း လှေ့လာဖူး၏။

ဇာနည်မ ပြောသလိုပင် စောကျော်ခင်သည် သူမတို့ စိတ်ဝင်စားနေပုံ၊ တောတောင်ထဲတွင် တွေ့ရသည့် [illegible]

www.burmeseclassic.com



တစ်ယောက်ကို ကျွန်တော်တို့နှစ်ယောက်သာမပါလျှင် သူ့အနေနှင့် ဇာနည်မကို မဖွယ်မရာကြံစည်လေမည့် အနေအထားကို တွေ့ရလေ၏။

"စောကျော်ခင်··· မင်း ဘယ်လိုပဲဖြစ်စေ၊ ဇာနည်မကိုတော့ မင်း စိတ်နဲ့တောင် မပြစ်မှားသင့်ဘူးနော်"

"အာ··· ဆရာလေးကလည်း၊ ကျုပ်မယ် အဲလိုစိတ် လုံးဝ မရှိပါဘူးဗျာ၊ ဟဲ··· ဟဲ··· မယားမှတ်မှတ်၊ သားမှတ်မှတ် ပေါင်းသင်း လိုစိတ်တော့ဖြင့် တစ်ခါတစ်ရံစိတ်ကူးမိသားကလား"

သို့ဆိုသလိုတော့ဖြင့် စောကျော်ခင်ပြောဖူးခဲ့၏။

သို့ကြောင့် ယခု စောကျော်ခင် သေဆုံးရခြင်းသည် ဇာနည်မ၏ လက်ချက်လည်း ဖြစ်နိုင်၏။

ဟုတ်ချင်မှလည်း ဟုတ်လိမ့်မည်။

ကျွန်တော်တို့ ခြေရာခံလိုက်နေသော ကောင်လေး၏ လက်ချက်လည်း ဖြစ်နိုင်၏။ သူတို့နှစ်ယောက်မှလွဲ၍ အခြားလူ တော့ဖြင့် မရှိနိုင်ချေ။ ပြီး ဘယ့်အတွက်မူ သည်တောသည်တောင် ထဲတွင် မြားကိုင်လူဆိုလို့ ဇာနည်မနှင့်ကောင်လေးသာ ရှိသည် မဟုတ်ပါကလား။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် စောကျော်ခင်၏ အလောင်းကို မြေမြှုပ်ခဲ့ကြပြီးနောက် ထိုနေရာတစ်ဝိုက်တွင် လူသတ် သမား၏ခြေရာလက်ရာ ကျန်၊ မကျန် စေ့စေ့ကြည့်လိုက်ကြ၏။ မည်သည့် သဲလွန်စမျှမတွေ့ပါချေ။ ခြေရာပင် တင်မကျန်ခဲ့ခြင်းကြောင့် ကျွန်တော်တို့သည် အတော်ကလေးပင် စိတ်မာတ်ကျ သွားမိလေ၏။





"ခြေရာလက်ရာ မကျန်တာထက်၊ ဘယ်ဘက်ကို လိုက်ရ မလဲတောင် မဆုံးဖြတ်တတ်တော့ဘူးဗျ"

သို့နှယ့် လင်းမြင့်လှိုင်က ညည်းတွားပြောလေ၏။

"ဝုစ်"

"ဟာ"

သို့ရှိစဉ် ကျွန်တော်ရှေ့တည့်တည့်လောပါးဝါးမှ လေကိုခွင်း ၍ မြားတစ်ချောင်း လျှပ်တစ်ပြက်ရောက်လာချေ၏။

ကျွန်တော် လက်တွင်းရှိ သေနတ်ဖြင့် ကာရိုက်လိုက်၏။ သို့ပြား မြားတံက မြန်ဆန်လွန်းလှချေ၏။

ကျွန်တော်၏ရင်ဘတ်အတွင်းသို့ စိုက်ဝင်သွားလေ၏။

"ဒုတ်"

"အား"

"ဒိန်း"

လင်းမြင့်လှိုင်က အရိပ်အခြည်ကို ရုတ်ခြည်းနားလည်သွား ဟန်တူချေ၏။ သူ၏လက်တွင်းရှိ သေနတ်ဖြင့် မြားတံလာရာ တောင်ကြောဘက်ကမ်းသို့ လှမ်းပစ်လိုက်ချေလေ၏။

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံဆုံးသည်နှင့် မြားတံ ရှင်သည် တောတိုးပြေးသွားလေတော့၏။

တကယ်တော့ လင်းမြင့်လှိုင်သည် လူသတ်သမားကို တွေ့ လိုက်၍ ပစ်လိုက်ခြင်းတော့ဖြင့်မဟုတ်၊ ရမ်း၍ ခြောက်လှန့်ပစ်လိုက် ခြင်းသာဖြစ်ချေ၏။

"ဖောင်း ဝေါ ဘရော ဖလပ် ဖငပ် ဖလင် ဝေါ ဘရော"



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်သည် ထိုသူနောက် ပြေးလိုက်သွားခြင်းမရှိသလို ထပ်မံ ပစ်ခတ်ဟန့်တားခြင်းလည်း မပြုပါချေ။

ကျွန်တော့ဘက်သို့ ကပျာကယာလှည့်ကြည့်လာချေပြီး…

"ကိုပိုက် ဘယ်ထိသွားတာတုံး"

စိုးရိမ်တကြီး မေးလာလေ၏။

"ကျွန်တော့ကို ဝက်ကောင်က ကယ်လိုက်တာလေ"

"ဗျာ"

"ဒီမယ်လေ၊ မနေ့က ဝက်ကောင်ရဲ့ အစွယ်နှစ်ချောင်း ကျွန်တော် နုတ်ယူပြီး အင်္ကျီအိတ်ထဲမယ် ထည့်ထားတယ်လေ၊ မြားတံက ကျွန်တော့ရဲ့နှလုံးသားတည့်တည့် ထိုးဖောက်ဝင်လာပေမင့် ဝက်စွယ်ကိုထိမှန်သွားတာကြောင့် ကျွန်တော် ကံကောင်းသူဖြစ်သွား ရတာပေါ့ဗျာ"

"ဟင်း"

သည်တော့မှ လင်းမြင့်လှိုင် သက်ပြင်းချလိုက်နိုင်တော့၏။

လင်းမြင့်လှိုင်က မြားတံကို ကောက်ယူလိုက်ချေပြီး ရှူးအဖျားကို စေ့စေ့ကြည့်နေလေပြီး…

"အဆိပ်လူးတာတော့ မရှိပေဘူးဗျ"

သို့ပြောပြီး မြားတံကို လွှင့်ပစ်ခြင်းမရှိလေဘဲ ထက်ပိုင်းချိုး၍ ခေါင်းဘီအိတ်ကပ်တွင်း ထည့်ထားလိုက်လေ၏။

"ကဲ ကိုပိုက်၊ ကျွန်တော်တို့ လူသတ်သမားကို မိနိုင်တဲ့ အခြေအနေရှိတယ်လို့ ထင်တာပဲဗျ၊ လာချေဗျာ၊ သွားကြစို့"

သို့ဆိုလျှက် လင်းမြင့်လှိုင်သည် ရှေ့တောင်ကြောသို့ တောတိုးလျှောက်သွားချေတော့၏။





မြေပြင်သို့လည်းကောင်း၊ ဘေးဝဲယာ တစ်ဖက်တစ်ချက်သို့လည်းကောင်း၊ စေ့စေ့ကြည့်သွားလေတော့၏။

သို့သွားနေရင်းမှ…

"ဟာ… ဒီမယ် ကိုပိုက်"

သို့ဆိုလျှက် မြေပြင်သို့ထိုင်ချလိုက်၏၊ လင်းမြင့်လှိုင် ဘာတွေ့သွားတာပါလိမ့်၊ ကျွန်ဘော်သည်လည်း သူ့နံဘေး ဆောင့်ကြောင့် ထိုင်ချလိုက်လေ၏။

ခြေရာပါကလား၊ လူတစ်ယောက်၏ ခြေရာဖြစ်၏။

"ဒီခြေရာကြည့်ခြင်းအားဖြင့် ကိုပိုက်ကို လုပ်ကြံတဲ့သူကတော တွင်းသားတစ်ယောက် ဖြစ်နိုင်တယ်ဆိုတော့ ဟိုလူငယ်လေးများ ဖြစ်နေမလားပဲ၊ နို့ပေမင့်လို့ ဒီသူငယ်လေးဆိုပါလျှင်ဖြင့် ဒီခြေရာက သူ့ခြေရာမဖြစ်နိုင်လောက်ဘူး"

"နို့ဖြင့် စာနည်းမ၊ လူငယ်လေး ဒီအပြင် မြားကိုင်လူတစ်ယောက် ဒီတောထဲမှာ ရှိနေလေတာပေါ့"

သို့ ကျွန်တော်က ပြောလိုက်၏။

"ပြောတတ်ပေဘူးဗျ၊ ယေဘုယျအားဖြင့် အဲလိုတွက်ရမှာပဲ၊ ကဲပါဗျာ၊ ခြေရာခံရတာနဲ့ လိုက်သွားကြစို့"

၄င်းနေရာမှ ထွက်ခဲ့ကြပြန်၏။ သို့ဖြင့် ကျွန်တော်တို့သည် ထိုတောင်ကြောအတိုင်း လျှောက်ခဲ့ကြရာမှ သွားလမ်းသည် ကျဉ်းမြောင်း ဖြည်း ဦးမော့လာချေ၏။

သို့ဆိုတော့ ကျွန်တော်တို့တောင်ကြော ဆ တက်နေကြသည်ပေပဲ၊ တောင်ကြောအပေါ် ရောက်လုတွ ခတ်ဆေးဘက်လို လာချေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ကျွန်တော်တို့သည် တွဲကာ၊ခိုကာ၊ဆွဲကာဖြင့် တောင်ကြောပေါ်သို့ ရောက်ခဲ့ကြလေ၏။

"နားချေဦးမယ်ဗျာ"

သို့လည်း လင်းမြင့်လှိုင်က ပြောလိုက်၏။

လင်းမြင့်လှိုင်သည် ကျွန်တော့နံဘေးတွင် ထိုင်လာချေပြီး…

"ခဏတော့ နားချေဗျာ၊ ငါးမိနစ်ပေါ့"

"ဒီလောက်ဆိုလျှင်ဖြင့် လုံလောက်ပါတယ်"

သို့ဆိုလျက် ကျွန်တော်သည် လင်းမြင့်လှိုင်ထံမှ ဝီစကီပုလင်းပြားလေးကို လှမ်းတောင်းလိုက်သည်တွင် လင်းမြင့်လှိုင်က ကမ်းပေးလာ၏။

အဖုံးဖွင့် တစ်ငုံမော့သောက်လိုက်၏။ ဖြည်းဖြည်းချင်း သောက်လိုက်တော့၏။

ရင်တွင်း ပူဆင်းသွားသည်၊ ဝမ်းဗိုက်တွင်း ရောက်သွားသည့်အခါ ပို၍အနေချင်စိတ်ဖြစ်လာလေ၏။

"ဒါလေး စားလိုက်ချေဦး"

လင်းမြင့်လှိုင်က ဝက်ကင်တစ်ဖတ်ကို ကမ်းပေးလာ၏။

ကျွန်တော် ကပျာကသီယူကာ ဝါးစားလိုက်၏။

ချိုသားကလား။

ကျွန်တော်သည် အရက်အရသာကို ခါးသီးစွာ ခံခဲ့ရပြီး ဝက်သားကိုတော့မှ ချိုမြိန်စွာ စားရချေလေ၏။

လင်းမြင့်လှိုင်သည်လည်း တစ်ငုံမော့သောက်လိုက်လေပြီး ရုတ်ခြည်းဆိုသလို ထိုင်နေရာမှထလိုက်၏။ သို့ကြောင့်…





"နေဦးဗျ၊ ငါးမိနစ် မရှိလောက်သေးပါဘူး"

"မသွားသေးပါဘူး"

သို့ပြောပြီး လင်းမြင့်လှိုင်သည် တောင်ကြောအထက်၊ အောက်သို့ လှမ်းကြည့်လိုက်ချေပြီး…

"ကိုပိုက်ရေ၊ ဟောဟိုတောင်ကြောစွယ်ခုနက မီးခိုးအူ ထွက်နေတယ်ဗျ"

သို့ကြောင့် ကျွန်တော်တို့ ကြည့်လိုက်၏၊ ဟုတ်ပါ၏၊ ကျွန်တော်တို့ ထူးခြားသည်တော့ဖြင့်မဟုတ်၊ တစ်ဖက်တောင်ကြောစွယ်လေးမှ ဖြစ်ချေ၏။ ကျွန်တော်တို့ တောင်ကြောအောက်ဆင်းပြီး တစ်ဖက်တောင်ကြောသို့ ဖက်တွယ်တက်ရနိုင်မည်ဆိုပါက မီးခိုးအူရာသို့ ခဏလေးနှင့်ရောက်သွားနိုင်ချေ၏။

သို့ကြောင့်…

"ကျွန်တော်တို့ အဲဒီသွားမလား"

သို့ လင်းမြင့်လှိုင်ကို မေးလိုက်၏။

"ဒီလမ်းပဲ ရှိတော့တာပဲ"

သို့ လင်းမြင့်လှိုင် ပြောသလိုပင် ကျွန်တော်တို့သည် မီးခိုးတလူလူရှိ တောင်ကြောအခြေသို့ ရောက်သွားကြချေ၏။

တောင်ကြောပေါ်သို့ ကုပ်တွယ်တက်လိုက်ကြ၏။

အလိုလေးဗျာ… တဲတစ်လုံးပါကလား၊ တောင်ကြောအစပ်တွင် ဆောက်ထားခြင်းဖြစ်၏။

မီးခိုးတလူလူသည် ထိုတဲရှေ့ထင်းမီးဖို မှ ဖြစ်ချေ၏။ သစ်ကိုင်းအစိုများဖြင့် မီးဆိုင်ထားသည်ကြောင့် မီးခိုး တို့ အူထွက်နေခြင်း ဖြစ်ချေ၏။



www.burmeseclassic.com

www.burmeseclassic.com



တဲရှင်ကိုတော့ဖြင့် မတွေ့ပါချေ။

သို့ပေမင့်လို့ တဲပေါ်တွင် မြားတံဘူးကို တွေ့လိုက်ရ၏။ ဝါးချောင်းလေးများကိုလည်း တွေ့ရ၏။

မြားတံလုပ်ရန် ဖြစ်ချိမ့်မည်။ နှီးဖျာခားပါးလေးလည်း တွေ့သည်ကိုး။

"တဲရှင်တို့ မရှိဘူးလား"

ကျွန်တော်က တဲနောက်ဘက်၊ ဘေးဘက်၊ ချုံပုတ်နွယ်လေးတို့တွင် လှမ်းကဲကြည့် အော်လိုက်၏။

တဲရှင် တမိုတပါးသွားနေခြင်းလည်း ဖြစ်နိုင်သည်ကိုး။

"တဲရှင်တို့ မရှိကြဘူးလား"

အကြိမ်ကြိမ်ခေါ်ပြီးသည့်နောက် တဲနောက်ဘက် ချုံပုတ်ပင်တို့ကြားမှ လူတစ်ယောက် ထွက်လာချေလေ၏။

အရပ်ရှည်ရှည် တောင်တောင်မောင်းမောင်း မုတ်ဆိတ်ပါးသိုင်း ထူလပျစ်နှင့် ဖြစ်ချေ၏။

အမွေးအမှင်တို့ကြားမှ ထင်းထင်းထွက်နေသော ပါးစပ်သည် ရဲရဲနီ လို့ နေချေ၏။

ကွမ်းသွေးများ ပေကျံနေခြင်းကြောင့်ဖြစ်ချေ၏။

ယခုလည်း ကွမ်း[illegible]မြုံ့မြုံ့စားရင်း ကျွန်တော်တို့အနားရောက်လာ ခြင်းဖြစ်ချေ၏။

"မုဆိုးတွေလား"

သို့ အသံမာမာဖြင့် မေးလာလေ၏။

"ဟုတ်တယ်၊ သွားရင်းလာရင်း တဲတွေ့လို့ ဝင်လာတာ"

"နို့ဖြင့်လည်း ထိုင်ကြချေဗျာ"





သို့ကြောင့် ကျွန်တော်တို့သည် ထိုသူ၏တဲပေါ်တွင် တက်ထိုင်လိုက်ကြ၏။

"သည်ဝါးချောင်းတွေက မြားတံလုပ်တာလား"

လင်းမြင့်လှိုင်က ဝါးခြမ်းတစ်ခုကို ကောက်ယူလှည့်ပတ်ကြည့်ပြီး မေးလိုက်၏။

"ဟုတ်တယ်"

"နို့ဖြင့် ခင်ဗျားက မြားသမားပေါ့"

"မဟုတ်ဘူး"

"ဟင်... နို့ဖြင့် ဘာလို့မြားတံတွေ လုပ်နေရတာတုံး"

"ကျုပ်တူလေးကို ပေးဖို့"

သို့ ပြောလာသဖြင့် လင်းမြင့်လှိုင်က ကျွန်တော့ကို အဓိပ္ပာယ်ပါပါ ကြည့်လာချေလေ၏။

ကျွန်တော် သဘောပေါက်လိုက်လေပြီ ဖြစ်၏။

မြားတံကိုင်လူငယ်လေးက ထိုလူ၏တူတော်သူ ဖြစ်နေသည်များလား။

"ကိုလင်း တွေ့လိုက်တဲ့မြားကိုင်သူငယ်လေးများ ဖြစ်နေမလား"

ကျွန်တော်က အနားကပ် တိုးညင်းသောလေသံနှင့် မေးလိုက်၏။

"ကောင်လေးကိုတွေ့လျှင်ဖြင့် သိနိုင်တယ်"

"မျက်နှာကို အသေအချာ မြင်လိုက်[illegible]တယ်လား"

"အင်း... အမှတ်တမဲ့ပေပဲဗျ။ ဘယ်ဒုံးခါမလဲ ဖျတ်ခနဲ တွေ့လိုက်တာဆိုတော့ တိတိကျကျတော့ဖြင့် မပြောနိုင်သေးတော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ… ဒါက ကိစ္စမရှိပါဘူး၊ ကောင်လေးကိုတွေ့လျှင်တော့ အတပ်ပြောနိုင်တဲ့ တစ်ချက်တော့ရှိတယ်"

"ပြောပါဦး"

"အင်မတန်အရွယ်နဲ့ မမျှအောင် အရစ်ရှည်တဲ့ကောင်လေး ဖြစ်နေတာကိုး"

ကျွန်တော် သဘောပေါက်လိုက်လေပြီ ဖြစ်၏။

"နို့ဖြင့် ခင်ဗျားတူလေးက ဒီမယ်နေတာလား၊ ခု သူ ဘယ်သွားတုံး"

လင်းမြင့်လှိုင်က မေးလိုက်၏။

"သူက ရွာမှာနေတာ"

"ဗျာ"

"ဟင်… ဘယ်ရွာတုံး"

"စမ်းရွာလေ"

"မသိဘူး"

လင်းမြင့်လှိုင်က ပြောလေ၏။

"ဒီစခန်းနဲ့ (၅)မိုက်လောက် ဝေးတယ်"

"ဪ… ဟုတ်ပြီ၊ သဘောပေါက်ပြီ၊ ခင်ဗျားက တောတောင်ထဲ အလုပ်တစ်ခုခုလုပ်ဖို့လာရင်း ဝါးပေါတာနဲ့ ကောင်လေးအတွက် မြားတံတွေလုပ်ပြီး အပြန်ယူသွားမှာကိုး"

"ဟုတ်တယ်"

သို့ဆိုတော့ လင်းမြင့်လှိုင်တစ်ယောက် စိတ်ရှော၊ လူမော ဖြစ်သွားရချေလေ၏။

သို့ဆိုလျှင် ခြေတံရှည်ရှည်ကောင်လေးကို ကျွန်တော်တို့





ထိပ်တိုက်မတွေ့နိုင်လောက်ပေပြီဝဲ။

"ကျုပ်မယ် စားစရာဆိုလို့ မျောက်ချေးခါးမဲ ရှိတယ်"

သို့ဆိုလျက် တိုရှူသည် ဟောလစ်ပုလင်းဖြင့် ထည့်ထားသည့် မျောက်ချေးခါးများကို ရှေ့သို့လာချပေးလေ၏။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်တို့မယ်တော့ ဝက်သားကင်တွေပါတယ်"

သို့ဆိုလျက် လင်းမြင့်လှိုင်က သူယူလာသည့် ဝက်သားကင်များကို ထုတ်ပေးလိုက်လေ၏။

"ကျေးဇူးတင်လိုက်တာဗျာ"

ထိုသူက ဝမ်းသာအားရ ပြောလာချေ၏။

"ဒီမယ် တစ်ညအိပ်သွားကြပါကလား"

သို့ ဖိတ်မန္တကပြုလေခြား…

"ကျွန်တော်တို့ ခဏတစ်ဖြုတ်နားပြီး သွားကြမှာပါ"

"ဘယ်ကိုတုံး"

"ခြေဦးတည့်ရာပေါ့ဗျာ၊ သားကောင်မတွေ့မချင်းပေါ့"

"ဟား ဟား ဟား ဟား အတော်ရယ်စရာကောင်းတဲ့သူတွေပဲကလား၊ ဦးတည်ချက်တစ်ခုခုတော့ ထားကြရမှာပေါ့ဗျာ"

"ဘာကို ဦးတည်ချက်တုံး"

"ဆိုပါစို့၊ ပြောင်ရှာပစ်မယ်၊ ဆတ်ကောင်ရှာပစ်မယ်၊ ဘာကောင် ညာကောင်ရှာပစ်မယ်ပေါ့"

လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်လေပြီး…

"ဒီတော့မယ် ကျွန်တော်တို့ဦးတည်ချက်ပေါ်းပြီး ဒီတော့မယ် ဘာပစ်ချင်တယ်၊ ညာပစ်ချင်တယ်လုပ်ပြီး ဘာလုပ်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးပဲ တွေ့တဲ့သားကောင်ကို ပစ်ကြရမှာပေါ့"

"ခင်ဗျားတို့ပြောတာ ဟုတ်သင့်သလောက် ဟုတ်တယ်၊ ဒီလိုရှိသေးတယ်ဗျ"

"ပြောကြည့်ပေါ့"

"ဆိုပါစို့၊ ကျပ်မြှောင်ဘက်မယ် ဝံကောင်တွေပေါတယ်၊ ဒီတော့ ဝံကောင်ပစ်လိုလျှင် ကျပ်မြှောင်ဘက်ကို မုဆိုးတွေသွားကြတယ်၊

အဲ ချေ၊ ဆတ်ပစ်ချင်တယ်ဆိုလျှင်ဖြင့် ကဒွတ်မြှောင်ကို သွားကြတယ်၊ အဲဒီမယ် ချေ၊ ဆတ်ပေါတယ်"

"ဒီလောက်ပြောတာနဲ့ ကျွန်တော်တို့ သဘောပေါက်ပါပြီ၊ နို့ပေမင့်လို့ ကျွန်တော်တို့က လှစ်မ်းတွေလေ"

"နို့ဖြင့် ဒီတောဘက် ဘယ်လိုကြောင့် ရောက်လာကြတာတုံး၊ ကိုယ်နဲ့စိမ်းတဲ့တောလေ၊ တောထဲလမ်းပျောက် မပြန်နိုင်ဘဲ တဝဲလည်လည်ဖြစ်နေလျှင် ဘယ့်နှယ့်လုပ်မလဲ၊ ဒီတောတောင်ထဲမယ် ဝါးခုတ်၊ သစ်ခုတ်သမားတွေ မရှိဘူး၊ မုဆိုးဆိုတာတောင်မှ တစ်ယောက်တလေပဲ ရှိတတ် တွေ့တတ်တာ"

"ကျွန်တော် သဘောပေါက်ပါတယ်၊ ခု ကျွန်တော်တို့ လာကြတာ လမ်းပြပါတယ်"

သို့ ကျွန်တော်က ပြောလိုက်၏။

"နို့ လမ်းပြဘယ်ရောက်သွားပြီလဲ"

ကျွန်တော် ထိုလူစကားကြောင့် စိတ်ထဲတွင် တစ်မျိုးကြီးဖြစ်သွားလေ၏။

လမ်းပြရောလို့ မမေးလေဘဲ လမ်းပြဘယ်ရောက်သွား





ပြီလဲ မေးလာသဖြင့် အံ့ဩမိခြင်းဖြစ်လေ၏။

ကျွန်တော်တို့လမ်းပြ သေဆုံးသွားသည်ကို သိနေလို့များလား။

သို့ဆိုလျှင် စောကျော်ခင်သေဆုံးနေခြင်းသည် ထိုလူနှင့်ရော ပတ်သက်မှုရှိနေလေမည်လား။

သို့ ကျွန်တော်စဉ်းစားမိစဉ်မှာပင်...

"ကျွန်တော်တို့လမ်းပြ သေသွားပြီ" သို့ လင်းမြင့်လှိုင်က ပြောလိုက်ချေလေ၏။

"အလိုလေးဗျာ... မြွေကိုက်ခံရလို့လား"

ကျွန်တော်နှင့် လင်းမြင့်လှိုင် ထိုသူကို အံ့သြတကြီးကြည့်မိကြလေ၏။

ဘယ်လိုသဘောနှင့် သို့မေးလာတာပါလိမ့်။

"တစ်မျိုးမထင်နဲ့နော်၊ ဒီတောမယ် မြွေဆိုးပေါတယ်၊ နို့ကြောင့်လည်း သစ်ခုတ်၊ ဝါးခုတ်သမားတွေ ရောက်မလာကြတာ"

သို့ပြောလာတော့လည်း လက်ခံရမလိုဖြစ်လေ၏။

"နို့ မေးရဦးမယ်၊ ခင်ဗျား မုဆိုးဘား"

"မဟုတ်ဘူး"

"နို့ဖြင့် လမ်းပြလား၊ ဒီမယ် ဘယ်လိုရောက်လာတာတုံး၊ နဂိုကတည်းက နေ၊နေတာလား"

လင်းမြင့်လှိုင်က ထပ်မေးလိုက်၏။

"ကျုပ် လမ်းပြဝဲ"

"နို့ဖြင့် ဘယ်သူ့ကို လမ်းပြလာတာဘုံး"



www.burmeseclassic.com

သို့ လင်းမြင့်လှိုင်က မေးလာသည်တွင် ထိုသူသည် လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်လိုက်ချေပြီး…

"ပြောခွင့်လည်းမရှိဘူး၊ ပြောလည်း မပြောနိုင်ဘူး၊ ကဲ… ကဲ… ခင်ဗျားတို့ မျောက်ချေးခါးစားကြချေ။ ပြီးလျှင်ဖြင့် ခရီးဆက်နိုင်ပြီ"

ထိုသူသည် ကျွန်တော်တို့ကို လိုလားဟန် မရှိကြောင်း သိလိုက်လေ၏။

ဘယ်လိုကြောင့် သို့ပြောင်းလဲသွားပါလိမ့်။

"ဘယ်လိုလဲ ကိုလင်း"

ကျွန်တော်က တီးတိုးမေးလိုက်၏။

"မျောက်ချေးခါးစားပြီး သွားကြတာပေါ့"

"ဟင်"

ကျွန်တော် ထင်ထားသည်မှာ လင်းမြင့်လှိုင်သည် ထိုမှတ်ဆိတ်ဗရပျစ်နှင့်လူ၏ တဲတွင် တစ်ညတော့ဖြစ်ဖြစ် တည်းခိုခွင့်တောင်း ခံလိမ့်မည်ပေါ့။ ယခုတော့ သို့မဟုတ်ပါကလား။

ကျွန်တော်တို့ ဘယ်သွားကြမှာမို့လဲ။

ကျွန်တော်တို့အတွက် ထိုသူ့တဲတွင် ညအိပ်ညနေတည်းခိုလေမှ အဆင်ပြေကြမည် မဟုတ်ပါကလား။

သို့ပေမင့်လို့ လင်းမြင့်လှိုင်က သွားမယ်ဆိုတော့လည်း သွားလိုက်ကြရပေါ့။

သို့ဖြစ်၍ ကျွန်တော်တို့ ထိုလူ၏တဲတွင် မျောက်ချေးခါးကို စားလိုက်ကြပြီးနောက် ထိုလူဦးဆောင်မှုဖြင့် ထိုတဲမှ ထွက်ခဲ့ကြလေ၏။





ထိုသူ၏တဲနှင့် အတန်လှမ်းလှမ်းအရောက်တွင် ပျဉ်းမတောတွင်း ရောက်လာကြလေ၏။ ပျဉ်းမရွက်ကြီးပင်တို့ တောဖြစ်၏။ အောက်ပေါင်းရှင်းလေ၏။ မြေသားမှာ ပျော့ ဖြစ်ချေ၏။

ကျွန်တော်တို့ကို ထိုသူက…

"ဒါ ပျဉ်းမတောပေပဲ၊ ခင်ဗျားတို့သွားချင်တဲ့ဆီကို ဒီကနေ ခရီးစဉ်စသွားလို့ရတယ်၊ ဘာလို့လဲဆိုတော့ ဟောဒီရှေ့က လူသွား လမ်းလေး တွေ့လား"

ထိုသူပြောလာသဖြင့် ကြည့်လိုက်၏။ ချုံပုတ်ပုလေးများကြားမှ လူသွားလမ်းကြောင်းလေး တွေ့ရ၏။

"ဒီလမ်းက သွားမယ်ဆိုရင်ဖြင့် 'ကျုပ်မြောင်' ကို ရောက်မယ်၊ ဝဲကောင်ပေစ်လိုလျှင် ဒီလမ်းသွား၊ ပြီးတော့ ဆင်စခန်းတစ်ခုကို ရောက်မယ်။

ပြီးတော့ ဟောဒီလမ်း ဖုန်နေသောလမ်းကို ပြလာချေ၏။ ထိုဆင်လမ်းဟောင်းသည် လူသွားလမ်းကြောင်းနှင့် ဆန့်ကျင်ဘက် အရပ်သို့ ဦးတည်နေလေ၏။

"ဒီလမ်းကတော့ စမ်းရှာသွားတဲ့လမ်းပေပဲဗျ၊ ကဒွတ်မြောင်ကို ရောက်မယ်၊ ချေ ဆတ်ဝစ်လိုလျှင် အဲဒီလမ်းသွားကြချေ ခင်ဗျားတို့ သွားချင်တဲ့ဆီ သွားတော့"

သို့ပြောပြီး မှတ်ဆိတ်သည် ချာခနဲလှည့် ထွက်သွားလေ၏။ သူကြည့်ရသည်မှာ အရေးတကြီး ခရီးသွားနေ မှိုနေပုံပင် ကျွန်တော်တို့ကို မကျေးမွေးနိုင်သော ကလေးတာ ခ ဘတ်ကို တော ထဲ လာချပစ် ပြန်သွားသည့်လူလို ဖြစ်နေလေ၏

"ကိုလင်း ဘယ်လိုလုပ်ကြမလဲ"

www.burmeseclassic.com



"စမ်းရွာဘက် သွားချင်တယ်"

"ဘယ်လိုဖြစ်နိုင်မှာလဲ ကိုလင်းရယ်၊ ဒီကနေ (၅)မိုင်လောက်ဝေးတယ်ဆိုဗျ၊ အချိန်မှမရှိတော့တာ၊ လမ်းမှာ ညအိပ်ရလိမ့်မယ်၊ ဒီတောဒီတောင်အကြောင်း သိတဲ့ကျွမ်းတဲ့ ဓားကျော်ခင်ကလည်း သေပြီ၊ ကျွန်တော်တို့က ဒီလမ်းမကျွမ်းဘူး၊ ဟိုဘက်လမ်းသွားမယ်ဆိုလျှင်ဖြင့် ဆင်စခန်းရှိတာသိပေမင့် ဘယ်လောက်ဝေးလဲ မမေးလိုက်မိဘူး"

သို့ ကျွန်တော်က စိတ်ပျက်စွာပြောလိုက်မိ၏။

"နို့ဖြင့် ကျွန်တော်တို့ မုတ်ဆိတ်တဲကို ပြန်သွားကြမယ်"

"အလိုလေး--- ကိုလင်းရယ်၊ မုတ်ဆိတ်က ကျွန်တော်တို့ကို လက်မခံချင်လို့ ဒီအထိလိုက်ပို့ခဲ့ပြီပဲ"

"နို့တော့ဖြင့် ဟုတ်ပေမင့် ကျွန်တော်က မုတ်ဆိတ်ကို သင်္ကာမတင်းသေးဘူးဗျ"

"ဘာလို့တုံး"

"ဓားကျော်ခင်ကို သတ်တာ သူဖြစ်နိုင်တယ်"

"သူမယ် လေးမြားမရှိဘူးလေ၊ မြားတံပဲ ရှိတယ်၊ နို့တောင်မှ သူများအတွက် လုပ်ပေးနေတာဆိုပဲ"

"ဒါကတော့ သူ့အပြောလေဗျာ၊ သူ့လမ်းပြတစ်ယောက်ဆိုတာလည်း ဟုတ်ချင်မှဟုတ်လိမ့်မယ်"

"ဘာကြောင့်တုံး ကိုလင်းရဲ့"

"အလိုလေးဗျာ--- လမ်းပြဆိုသူတွေက ဘယ်သူ့ကိုမဆို လမ်းလိုက်ပြရလျှင်ဖြင့် အခကြေးငွေ တောင်းတတ်ကြတာချည်းပဲ၊ ခုကြည့်--- ကိုပိုက် စဉ်းစားကြည့်၊ ကျွန်တော်တို့ကို ဒီနေရာ





လိုက်ပို့တယ်၊ လမ်းညွှန်တယ်၊ ဘယ်မှာပိုက်ဆံတောင်းလို့လဲ၊ ဒါ မထူးဆန်းပေဘူးလား၊ နို့ကြောင့် သူက လမ်းပြတစ်ယောက်မဖြစ်နိုင်ဘူး၊ မုဆိုးလည်း မဟုတ်သလို သစ်ခုတ်၊ ဝါးခုတ်သမားလည်း မဟုတ်လောက်ဘူး"

"နို့ဖြင့် တောတောင်ထဲ ဘယ်လိုကြောင့် လာနေရတာတုံး"

"အဲဒါကို ကျွန်တော်သိချင်တာပဲ ကိုပိုက်ရဲ့"

"နို့ဖြင့်"

"ကျွန်တော်တို့ သူ့တဲပြန်သွားကြမယ်"

"ဖြစ်ပါ့မလား၊ သူ ဘယ်လက်ခံပါ့မလဲ"

"သူ့တဲ သွားကြမယ်ဆိုပေမင့် သူ့တဲ သွမ်းတွေ့ရတဲ့ တစ်နေရာ လောက်မှာ ခိုအောင်းပြီး သူ့အရိပ်အကဲကြည့်တာပေါ့"

"ဟုတ်ပြီ၊ သဘောပေါက်ပြီ ကိုလင်း"

သို့ဆိုလျက် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ချုံးမတောလေးတွင်းရှိ ချုံးမပင်ကြီးတစ်ပင်အောက်တွင် ထိုင်လိုက်ကြပြီး ဗီစကီတုတ်သောက်လိုက်ကြ၏။ အချိန်ဖြုန်းလိုက်ခြင်းလည်းဖြစ်၏။

သို့ရှိစဉ် ကျွန်တော်တို့ နောက်ဘက်လှမ်းလှမ်း ဆင်လမ်းဟောင်းပေါ်မှ စကားသံသဲ့သဲ့ ကြားလိုက်ကြသဖြင့် ကမ္ဘာကာသီးစိမ်းရာ ချုံပုတ်တစ်ခုနောက်တွင် ပုန်းကွယ်နေလိုက်ပြီး ရောက်လာမည့်သူကို ချောင်းမြောင်းကြည့်နေလိုက်ကြလေ၏။

အလိုလေးဗျာ၊ လူငယ်လေးတစ်ယောက်ပါလာသလား၊ ထိုလူငယ်သည် သူနှင့်သက်တူရွယ်တူလောက်ရှိ မောင်လေးနှစ်ယောက်နှင့် အတူတူလျှောက်လာနေခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အလိုလေးဗျာ၊ ကောင်လေးသည် ခြေတစ်ဖက်စာနေလေ၏။ ထော့နင်း ထော့နင်းဖြင့် လျှောက်လာနေခြင်းဖြစ်၏။ ဒုက္ခိတလေးတစ်ယောက်ပါကလား၊ သို့ပေမင့် သူ့လက်ထဲတွင်မတော့ မြားကိုင်းပါလာချေ၏။ မြားတံဘူးကိုတော့ဖြင့် လျှော်ကြိုးဖြင့် စလွယ်သိုင်းထား၏၊ ကျွန်တစ်ယောက်ကတော့မူ ရဲတင်းကို လက်မှ ဆကာ,ဆကာလုပ်ရင်း ကိုင်လာချေ၏။ သူတို့လျှောက်လှမ်းတွင် အန္တရာယ်ပေးနိုင်သည့် လူ၊ သို့မဟုတ် တိရစ္ဆာန်ရိုင်းကောင်ပေါ်လာပါလျှင် လက်မနှေး၊ ရဲတင်းနှင့်လှမ်းခုတ်၊ လှမ်းပစ်လိုက်မည့်ပုံမင် ဖြစ်ချေ၏။

"ကိုပိုက် အဲဒီကောင်လေးက ကျွန်တော်မြင်ဖူးတဲ့ မြားကိုင် ကောင်လေးနဲ့ဆင်တယ်ဗျာ၊ နို့ပေမင့်လို့ မဟုတ်လောက်ဘူးဗျို့ ကောင်လေးက အရပ်အရှည်ကြီးရယ်၊ ဒီကောင်လေးက သာမန်အရပ်လောက်ပဲ ရှိတာဗျ"

သို့ ကျွန်တော်တို့ ကြည့်နေရာမှ ကျွန်တော်တို့ရှေ့ ခပ်လှမ်းလှမ်း နေရာသို့ရောက်လာကြသည့်တွင် လူငယ်နှစ်ယောက်က ရုတ်ခြည်းရပ်လိုက်လေပြီး မစွမ်းမသန်ကောင်လေးနှင့် မျက်နှာချင်းဆိုင်ရပ်လိုက်ကာ…

"ကဲ… မင်းက ဒီလမ်းသွား၊ ငါတို့ ဒီလမ်းသွားမယ်၊ လမ်းခွဲကြတာပေါ့"

သို့ဆိုလျက် ကောင်လေးနှစ်ယောက်သည် ဒုက္ခိတ မစွမ်းမသန်ကောင်လေးကို နှုတ်ဆက်လိုက်ချေပြီး ထိုနေရာလေးမှ ဆန့်ကျင်ဘက်အရပ်သို့ ထွက်သွားချေလေ၏။

ဒုက္ခိတကောင်လေးသည် လူပင် မစွမ်းမသန်ဖြစ်ငြား





အားမာန်အပြည့်ရှိပုံပင်။

သူ ဘယ်သွားမှာပါလိမ့်။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ထိုကောင်လေးနောက်သို့ ခြေရာခံ လိုက်သွားကြလေ၏။ ကျွန်တော်တို့သည် အတတ်နိုင်ဆုံး ခြေသံ လုံလုံ သွားလိုက်ကြချေငြား၊ ကောင်လေးသည် သူ့စိတ်ထဲတွင် တစ်စုံတစ်ရာဖြစ်နေဟန်တူချေ၏။ နောက်သို့ ပြန်လှည့်ကြည့်လာချေ၏။

အင်မတန် နားပါးသည့်ကောင်လေးဖြစ်နိုင်၏။ ကျွန်တော်တို့သည် သူမမြင်နိုင်သည့်နေရာလောက်ဆီမှ နောက်ယောင်ခံလိုက်လာခဲ့ကြခြင်းဖြစ်၏။

"သူ မုတ်ဆိတ်ဆီကို သွားတာဖြစ်မယ်"

သူသွားနေသည်မှာ ကျွန်တော်တို့ မုတ်ဆိတ်နှင့်လာခဲ့သော လမ်းဖြစ်နေသဖြင့် သို့ တွက်လိုက်မိခြင်းဖြစ်ပေ၏။

သည်သို့ဖြင့် မုတ်ဆိတ်၏တဲသို့ နီးကပ်လာချေ၏။

"ရှီးလ်"

အလိုလေးဗျာ… ကောင်လေးက ရုတ်ခြည်းဆိုသလို သွားနေရင်း လက်ခေါက်မှုတ်လိုက်ချေ၏။

မုတ်ဆိတ်ကို အချက်ပေးခေါ်လိုက်ခြင်းပေလား၊

သို့ကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ချုံပုတ်ထူထူ နောက်ကွယ်သို့ ပြေးကပ်ပုန်းလိုက်ကြလေ၏။

ကောင်လေးသည် သို့လက်ခေါက်မှုတ်၍ အချက်ပေးလိုက်ပြီးငြား၊ လျှောက်သွားမပျက် ရှေ့ဆက်သွားနေပေ၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သူ့နောက် လိုက်သွားကြခြင်း ဖြစ်ပြီလော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ချုပ်တပ်ပင်နောက်ကွယ်မှာပင် ပုန်းအောင်းချောင်းမြောင်း ကြည့်နေမြဲဖြစ်ချေ၏။ ရှေ့ခပ်လှမ်းလှမ်းတွင် မုတ်ဆိတ်၏တဲကို မြင်နေရပြီပဲ၊ ကောင်လေး မုတ်ဆိတ်တဲသို့ သွားနေခြင်းသာဖြစ်သည်ကိုး။ သို့ဆိုတော့ ကောင်လေး မုတ်ဆိတ်တဲတွင် ညအိပ်ရန် ဖြစ်နိုင်ခြေများပေ၏။

"ဟာ… ကိုလင်း၊ ဟိုမယ်ကြည့်စမ်း"

မုတ်ဆိတ်သည် သူ့တဲမှအပြေးကလေး ထွက်လာချေ၏။ ကောင်လေးနှင့် လက်တစ်ကမ်းအကွာ အရောက်တွင် ရုတ်ခြည်းဆိုသလို ဒူးထောက်ထိုင်ချလိုက်လေ၏။

အလိုလေးဗျာ… ဘယ်လိုဖြစ်တာပါလိမ့်။

"သခင်လေး ကျုပ်ကိုခွင့်လွှတ်ပါ၊ လာကြိုမလို့ပဲ၊ ဒီမယ် ညွှေ့စိမ်းနှစ်ယောက် ရောက်လာလို့ သူတို့ကို ပထုတ်နေရသေးလို့ပါ"

တကယ်တော့ ကျွန်တော်တို့နှင့်သိပ်မဝေးလှခြင်း၊ ပြီးတော့ သူတို့က လေအထက်ကဖြစ်နေခြင်းကြောင့် သို့စကားသံကို ကြားလိုက်ရခြင်းဖြစ်၏။

"ဘာပြောတယ် လူစိမ်းနှစ်ယောက်၊ ခု သူတို့ရော"

"ကျုပ် ဖျည်းမတော်အနား လိုက်ပို့လိုက်တယ်၊ သူတို့ဘယ်ဘက်သွားကြလဲတော့ မသိဘူး၊ သခင်လေးနဲ့ လမ်းမှာ မတွေ့ဘူးလား"

"ဟင်အင်း"

"နို့ဖြင့် သူတို့ကျုပ်မြောက်ဘက် အမဲပစ်သွားကြပြီ ထင်တယ်"





"အဲလို ထင်တယ်၊ နို့ပေမင့်လို့ ကျုပ်နောက်ကို တစ်စုံတစ်ဦး က လိုက်လံချောင်းမြောင်းနေသလိုတော့ ခံစားခဲ့ရတယ်"

သို့ ဒုက္ခိတကောင်လေး ပြောလာသဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင် မျက်လုံးပြူးခဲ့ရ၏။ သူ ရိပ်မိနေပါရောလား။

"အင်းလေ… စိတ်ထင်လို့လည်း ဖြစ်မှာပေ့၊ ကဲပါ… မြားတံတွေ ရပြီလား"

"ဒီမယ်"

အလိုလေးဗျာ… ကျွန်တော်တို့ သူ့တဲရောက်တုန်းက မြားတံ သုံး၊ လေးချောင်းသာ တွေ့ခဲ့ရ၏။ ယခုတော ဖြင့် နှစ်ဆယ်၊ အစိတ်ခန့် ဖြစ်ချိမ့်မည်။

ကောင်လေးသည် မြားအားလုံးကို တစ်ချောင်းချင်း ဆေ့စပ်သေချာ စစ်ဆေးကြည့်နေလေ၏။ ပြီးနောက် မြားတံတစ်ချောင်းကို ယူ၍ လေးကိုင်းတွင်တင်ကာ ခွဲပစ်လိုက်ချေ၏။

"ဖွစ်"

သူ ဘာကိုပစ်လိုက်တာပါလိမ့်။

မြားတံသွားရာနောက် ကျွန်တော်တို့ လိုက်ကြည့်ကြ၏။

အလိုလေးဗျာ… ခပ်လှမ်းလှမ်းရှိ ကျွန်းပင် ကိုင်းထက်မှ ငှက်လေးတစ်ကောင် နားနေသည့်သစ်ကိုင်းသို့ မြားတံ ဝိုက်ဝင်သွားချေ၏၊ ငှက်ကလေး ကံကောင်းလိုက်တာ ခြည်းဆိုသလို ထပျံသန်းသွားလေ၏။

"ဒီမြားတံက ကြယ်သောင်းဝါးကို လုပ်ထားတာလား"

သို့ မေးလိုက်သဖြင့် မုတ်ဆိတ်သည် ချက်ချင်းပင်



www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားပြီး ခေါင်းကို ငုံ့လိုက်ကာ…

"ဟုတ်မှာတ်ပါတယ်၊ ဘယ်လိုလုပ်သိတုံး" လို့ မေးလေ၏။

"မြင်းတံက ပေါ့နေတယ်လေ၊ လေကိုခွင်းပြီးသွားတယ် ဆိုပေမင့် လေထုကို အန်မတုနိုင်ဘူးလေ၊ လေတိုက်နှုန်း ပြင်းပြင်း ရှိနေတာ ပစ်မှတ်လွဲချော်ရတာပေါ့၊ နို့ကြောင့် ငှက်လေး အသက် ချမ်းသာရသွားတာ"

အလိုလေးဗျာ… မြင်းဝစ်မှုဆိုးကောင်းတစ်ယောက်ပါ ကလား၊ သူ ကိုင်တွယ်သည့် လက်နက်အပေါ် အလေးအနက်ထား ပုံ၊ ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်တတ်ပုံပါကလား၊ သို့ဆိုတော့ မုဆိုးကောင်းတစ်ယောက်လို့ ပြောရချိမ့်မည်။ သည့်နောက် ကောင်လေးသည် မြင်းတံများမှ တစ်ဝက်ကျော်ကျော်တို့ကို ဘေးသို့ ပစ်ချလိုက်လေပြီး၊ ကျန်အနည်းငယ်မျှသော မြင်းတံတို့ကိုသာ သူ၏မြားဘူးအတွင်းသို့ ထည့်လိုက်ချေ၏။

"ဒါတွေပဲ အသုံးဝင်တယ်၊ မျှင်ဝါးအရင့်ကို လုပ်ထားတာပဲ"

မည်သို့ပင်ဆိုစေ၊ ကောင်လေးသည် မြားနှင့်ပတ်သက်၍ လွန်မင်းစွာ ကျွမ်းကျွမ်းကျင်ကျင်ရှိပြီး ရင်းနှီးပုံဖြစ်ချေ၏။

သည့်နောက် ကောင်လေးသည် မှတ်ဆိတ်၏တဲပေါ်သို့ တက်ထိုင်လိုက်လေ၏။

"သူ သည်မယ် ညအိပ်လိမ့်မယ်"

လင်းမြင့်လှိုင်က ပြောလေ၏။

"ဘယ်လိုဆက်လုပ်ကြမလဲ"





ကျွန်တော်က မေးလိုက်၏။

"ဟိုရှေ့နားက သစ်ပင်ပေါ် တက်အိပ်ကြမယ်၊ ဒီည ပေါ့"

ကျွန်တော် လှမ်းကြည့်လိုက်၏။

သစ်မန်းကျည်းပင်ဖြစ်ချေ၏။

အထက်တွင် အကိုင်းအခက်တို့ ယှက်နွယ်ရှုပ်ထွေးနေလေ၏။ ကျွန်တော်တို့အတွက် အိပ်စရာနေရာကောင်း ဖြစ်ချေ၏။ ထို သစ်မန်ကျည်းပင်၏ခွဆုံသည်လည်း ကြီးကြီးမားမား ဖြစ်နေခြင်း ကြောင့် လင်းမြင့်လှိုင်က စခန်းချညအိပ်ရန် ရွေးချယ်လိုက်ဟန်တူ ချေ၏။

"နို့ဖြင့်လည်း သွားကြတာပေါ့"

"ဘယ်လိုဖြစ်နိုင်မှာတုံး၊ ခုနေ ထသွားလျှင်ဖြင့် သူတို့ တွေ့သွားနိုင်တယ်လေ"

"ဟုတ်ပါရဲ့"

"နို့ဖြင့် ညမှောင်မှ ဒီက ခွာကြရတော့မှာပေါ့"

"အဲလိုပဲ လုပ်ရမှာပဲ"

"နို့ဖြင့်လည်း ပေးချေဦးဗျာ"

ကျွန်တော် စိတ်ရှုပ်ထွေးနေလေခြင်းကို မေ့ပျောက်ရန် အလို့ငှာ ဝီစကီပုလင်းကို တောင်းလိုက်လေခြင်း ဖြစ်၏။

"ရော့ဗျာ"

သို့ဆိုသလို လင်းမြင့်လှိုင်က ကျွန်တော့်လက်တွင်း ဝီစကီ ပုလင်းပြားလေးကို ထည့်ပေးချေလေ၏။

"နေဦး ကိုပိုက်"



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်က သို့ပြောလာသဖြင့် ကျွန်တော်သည် ပုလင်းပြားလေးကို အဖုံးမဖွင့်သေးဘဲ လက်ဖြင့်ဆုပ်ကိုင်လို့သာ ထားလိုက်၏။ လင်းမြင့်လှိုင် ဘာလုပ်ချင်လို့ပါလိမ့်။

လင်းမြင့်လှိုင်က သစ်ရွက်လေးရွက်ကိုယူ၍ လက်တစ်ဆန့် မြှောက်ကာ သစ်ရွက်လေးကို လွှတ်ချလိုက်၏။ ဪ… လေ ဘယ်ကတိုက်နေလေသည်ကို သိလိုခြင်းပါကလား။

ကျွန်တော် သဘောပေါက်လိုက်လေပြီ ဖြစ်၏။ လေသည် မုတ်ဆိတ်တို့တဲဘက်မှ ကျွန်တော်တို့ဘက် တိုက်ခတ်နေခြင်းဖြစ်၍ တော်သေးလေ၏။

ကျွန်တော်တို့ဘက်မှ မုတ်ဆိတ်တို့ဘက် တိုက်ခတ်နေပါလျှင် ကျွန်တော်တို့အတွက် သောက်၍မဖြစ်တော့ချေ။

ဘယ့်အတွက်မှု အရက်ပုလင်းအဖုံး ဖွင့်လိုက်သည်နှင့် အရက်နံ့ပြင်းပြင်းသည် လေဖြင့်ပါသွားပါလျှင် ကောင်လေးနှင့် မုတ်ဆိတ် သိသွားနိုင်၏။ အရက်နံ့ရလျှင် လူစိမ်းတို့ သူတို့တဲနား ရောက်နေပြီကို သိသွားပေမည်ကိုး၊ ကောင်လေးကို လျှော့တွက်၍ မရနိုင်ပါကလား၊ သို့တွက်ထားမိ၍လည်း လင်းမြင့်လှိုင်က အစစ အရာရာ ဂရုစိုက်နေခြင်း ဖြစ်ပေ၏။

"ရပြီဝေ့"

သို့ဆိုလျှက် ကျွန်တော်သည် အရက်ပုလင်းအဖုံးကို ဖွင့်၍ တစ်ငုံမော့သောက်လိုက်ချေလေ၏။

ပြီး လင်းမြင့်လှိုင်ကို ကမ်းပေးလိုက်၏။

သည်သို့ဖြင့် တစ်ယောက်တစ်ပြန် အပေးအယူသည် သောက်လိုက်ကြသည်မှာ ပုလင်းပြားလေး တစ်ဝက်မက ကုန်သွား





ချေပြီ ဖြစ်၏။ အမြည်းတော့ဖြင့် မရှိ။

"ဂွစ်"

"ဟာ"

"ဟင်"

သို့ရှိစဉ် ကျွန်တော်တို့ ပုန်းအောင်းရာ နေရာ အထက် လေဝါက်မှ မြွေတစ်စင်း လေကိုခွင်း၍ ထွက်သွားသည်ကို သိလိုက်ကြ၏။

ဘုရားရေ… ကျွန်တော်တို့ ရှိနေသည်ကို ကောင်လေး သိသွား၍များလေလား။

"ဘုတ်"

အလိုလေးရော… မျောက်လေမွေလေး ဘင်ကောင်သည် ကျွန်တော်တို့ ပုန်းအောင်းရန် ရည်ရွယ်ထားသည့် သစ်မန်ကျည်းပင်ပေါ်မှ ပြုတ်ကျလာလေ၏။

မျောက်ကောင်၏ ရင်ညွှန့်တွင် မြှားတန် သန်းဖြင့် ဖြစ်ချေ၏။ ကျွန်တော်သည် တိုဒုက္ခိတကောင်လေးကို ချဲ့ကြည့်မိသေးတော့၏။ သို့ကြောင့်…

"ဒီကောင်လေးက ကိုလင်းပြောတဲ့ မြှားကိုင်ကောင်လေး ဖြစ်မလားပဲ"

"မဖြစ်နိုင်ဘူး၊ ဟိုတစ်ယောက်က အရ အနည်းမြင့်တယ်ဗျ။ နို့ဖြင့်လည်း ကျွန်တော်တို့ အဲဒီတဲသွားပြီး ချောင်းကြည့်တာပေါ့"

"မုတ်ဆိတ်က ကျွန်တော်တို့ကို လ ခံ ခံဘူးလေ သွားလည်း အတိုပဲ ဖြစ်မပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နို့ကတော့ အဲဒီတုန်းက မုတ်ဆိတ်ပဲ ရှိတာလေ၊ ခု ကောင်လေးရှိနေတော့ တစ်မျိုးဖြစ်ကောင်းဖြစ်လာနိုင်တာပေါ့၊ ဘာ လို့ဆိုတော့ မုတ်ဆိတ်က ကောင်လေးအပေါ် ဆက်ဆံတာ တလေး တစားဆိုတော့ မဟုတ်မှလွဲဗျာ၊ မုတ်ဆိတ်က ကောင်လေးရဲ့ နောက် လိုက်လိုမျိုးပဲ ဖြစ်နိုင်တော့တာ၊ ကျွန်တော်တို့က ကောင်လေးနဲ့ ထိပ်တိုက်တွေ့တော့မှာလေ၊ ကောင်လေး သဘောထားက တစ်မျိုး ဖြစ်လျှင်ဖြစ်မှာပေါ့"

သို့ လင်းမြင့်လှိုင်က ပြောလိုက်သည်တွင် ကျွန်တော် တွေဝေစဉ်းစားသွားချေလေ၏။ အတန်ကြာကြာ စဉ်းစားလေပြီး…

"ဒီတစ်ခါ ကိုလင်းအကြံကို ယူသင့်တယ်ထင်ပါ့"

"ဒါက လုံးဝဖြစ်မလာနိုင်တဲ့ကိစ္စနော်"

"ဟင်"

"အို"

သို့အသံကြောင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် နောက်သို့ လှည့်ကြည့်လိုက်ကြ၏။

အလိုလေးဗျာ… ဇာနည်မပါကလား၊ ဘယ်အချိန်က ဘယ်လို ကျွန်တော်တို့နောက်မှာ ရောက်နေလေသည် မသိချေ။

"ဟဲ့ ဇာနည်မ၊ ညည်းဘယ်လိုက ဘယ်လို ဒီရောက် နေတာတုံး၊ ဘယ်လိုကြောင့် လျှောက်သွားနေတာတုံး။ ပြီးတော့ စောကျော်ခင် ညည်းနဲ့ပါသွားတာ မဟုတ်လား"

သို့ဆိုသလို ကျွန်တော်က သိချင်သည်များကို ဒရစပ် မေးလိုက်လေ၏။

"ရှုးတိုးတိုး"





ဇာနည်မက သို့နှယ်သတိပေးလာကာ ကျွန်တော်တို့နား ရောက်လာချေ၏။ ပြီး သစ်မန်ကျည်းပင်အောက်သို့လည်း မေးငေါ့ပြ လေသဖြင့် လှမ်းကြည့်လိုက်၏။

မျောက်ကောင်လေးကို လာရောက်ကောက်ယူသည့် မုတ်ဆိတ်သည် သူ့စိတ်တွင်း တစ်စုံတစ်ရာဖြစ်နေဟန်တူ၏။ ပတ် ဝန်းကျင်သို့ ဝေ့ဝိုက်ကြည့်နေလေ၏။ ကျွန်တော်တို့ ပုန်းအောင်းရာ ချုံပုတ်ပင်ကြီးသို့လည်း အတန်ကြာကြာ စူးစူးစိုက်စိုက် ကြည့်နေ လေသဖြင့် ကျွန်တော်တို့ ပုန်းကွယ်နေမှန်းသိများသွားသည်လား ဟုပင် ထင်မိသေးတော့၏။

"ဟိတ်လူ… ဘာလုပ်နေတာတုံး၊ မြန်မြန်လာလေဗျာ"

တဲပေါ်တွင် ကျန်ရစ်ခဲ့သည့် ဒုက္ခိတလူငယ်လေးက မုတ်ဆိတ်ကို လှမ်းခေါ်လေသဖြင့် မုတ်ဆိတ်သည် မျောက်ကောင် ကို ကောက်ယူ၍ ထွက်သွားလေ၏။ သို့ဖြင့် ကျွန်တော်တို့ ပုန်း အောင်းနေသည့် ချုံပုတ်ပင်ကြီးရှိရာသို့ သက်ာမကောင်းလှည့်ကြည့် လှည့်ကြည့် လုပ်နေချေလေ၏။

"ဒီကောင် ကျွန်တော်တို့ရှိတာ သိနေပြီလားပဲ"

သို့ ကျွန်တော်က ပြောလိုက်၏။

"မဖြစ်နိုင်ဘူး" ဇာနည်မက ပြော၏။

"ခင်ဗျားကသာ မဖြစ်နိုင်ဘူးလို့ပြောတ ါ၊ ဟိုမယ်ကြည့် လေ၊ ကောင်လေးကို သူဘာတွေပြောနေလဲ မသ ား၊ ဟော… ဟောဒီဘက်ကိုလည်း လက်ညှိုးထိုးထိုးပြနေသေ ်ရဲ"

သို့ ကျွန်တော်က ပြောလဲပြော၊ လက်တွ ား သေနတ်ကို လည်း အရန်သင့်ပစ်လွှတ်ရန် ဆုပ်ကိုင်ထားလို ်၏။



www.burmeseclassic.com

www.burmeseclassic.com



အကာယ်ရှင်များ ကျွန်တော်တို့ကို အန္တရာယ်ပေးဖို့ ရည်ရွယ်လာပါက လက်ဦးမှုရယူရန် ဖြစ်လေ၏။

ကျွန်တော်၏အကြံကို ရိပ်မိသွားဟန်တူသော လင်းမြင့်လှိုင်က…

"ကိုမိုက် စိတ်မပူပင်သောက ဖြစ်မနေပါနဲ့ဗျာ၊ ဒီကောင်ကျွန်တော်တို့ ရှိမှန်းလုံးဝမသိပါဘူး၊ သူလှမ်းပြတာ ကျွန်တော်တို့ ချုံမှတ်ရှေ့ ခပ်လှမ်းလှမ်းက သစ်ပင်ကိုပါဗျ။ ကိုမိုက် အသေအချာကြည့်လေ၊ ရှေ့နားက သစ်ပင်မယ် ဘာတွေ့တုံး"

သို့ဖြစ်၍ ကျွန်တော်သည် ရှေ့ကိုက်ငါးဆယ်လောက်တွင်ရှိ သစ်ပင်ကို စေ့စေ့လှမ်းကြည့်လိုက်၏။

အလိုလေးဗျာ… သင်းခွေကျပ်တစ်ကောင်၊ သစ်ပင်စည်တွင်းမှ ပိုးမွှားကို့ကို သူ၏ရှည်လျားသောလျှာဖြင့် ထိုးဆွ၊ ရှာဖွေစားနေလေခြင်းပါကလား။ ကြည့်စမ်း… သို့ဆိုပါက မုတ်ဆိတ်သည် အမြင်စူးရှလှန်းသူ ဖြစ်ချေ၏။ ထိုတဲဆီမှ လှမ်းမြင်လေသည်ကိုး။

"ဟာ ကိုလင်း၊ ကောင်လေးလည်း သူပြလို့ မြင်သွားပုံပဲဗျ၊ ဟော… ဟော… မြားနဲ့ပစ်ဖို့ စိတ်ကူးလိုက်ချေပြီပဲ"

"ဒီတစ်ခါတော့ ဒုက္ခတော့ဖြစ်ပြီ ထင်ပါရဲ့"

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ကျွန်တော် နားမလည်နိုင်စွာ ကြည့်လိုက်လေ၏။

"တော်တို့သာ ငြိမ်ငြိမ်နေ၊ ဘာဒုက္ခမှ မရောက်နိုင်ဘူး၊ အေး ဂဏာမငြိမ်ဖြစ်ပြီး လှုပ်လှုပ်ရှရှဖြစ်သွားလို့ကတော့ ရှင်တို့လည်း မြားစာမိပြီမှတ်"

"ဗျာ"





"ဟင်"

"ကျုပ်ပြောသလိုသာ တော်တို့ ငြိမ်ငြိမ်နေပေးပါ"

"တော်နေ ကောင်လေးက သင်းခွေချပ်ကောင်ကို လှမ်းပစ်လိုက်လို့က တည့်မှန်သွားလျှင် အကြောင်းမဟုတ်ပေဘူးဗျ၊ လွဲချော်သွားလို့ကတော့ အဲဒီမြားတံက ကျွန်တော်တို့ဆီကို တန်းတန်းမတ်မတ် ဝင်လာလိမ့်မယ်၊ ဒီအခါ ကျွန်တော်တို့ သုံးယောက်ထဲက တစ်ယောက်တော့ မြားစူးမှာ အသေအချာပဲ"

သို့ လင်းမြင့်လှိုင်က ပြောလာသဖြင့် ကျွန်တော်သည် ထိတ်လန့်တကြားဖြစ်သွားကာ…

"နို့ဖြင့်လည်း ကောင်လေး သင်းခွေချပ်ကို မပစ်အောင် လက်ဦးမှုယူ တားဆီးသင့်တာပေါ့"

ကျွန်တော်က တွေးဆမိသလို ပြောလိုက်၏။

"ဘာလဲ… တော်က ကောင်လေးကို သေနတ်နဲ့အသေပစ်မယ် စိတ်ကူးရှိလို့လား"

သို့ မေးလာသည့် ဇနည်မကို စေ့စေ့ကြည့်လိုက်ပြီး…

"အဲလိုတော့ မဟုတ်ဘူးပေါ့ဗျာ၊ ခြောက်လှန့်ပစ်မှာပါ"

"နို့ဖြင့် တော့်စိတ်ကူးကို အိမ်မက်ကောင် မမက်သင့်ဘူး"

"အလိုလေးဗျာ၊ ဘာလို့တုံး"

"သူက ကြည့်တော့က ဒုက္ခိတ၊ အင်္ဂါချို့တဲ့ပေမယ့် ရောင်းတဲ့သူပဲ"

"ခင်ဗျား ဘယ်လိုပြောနိုင်သလဲ"

လင်းမြင့်လှိုင်က မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သူ့အကြောင်း ကောင်းကောင်းအသိဆုံးက ဒီလောကမှာ ကျုပ်ပဲ ရှိတာလေ"

"ဟင်"

ကျွန်တော်သည် နံဘေးမှ လင်းမြင့်လှိုင်ကို ကြည့်လိုက်မိလေ၏။

"ဒီထက်ရှင်းအောင် ပြောလိမ့်မယ် စောင့်ပါရဲ့ဗျာ"

လင်းမြင့်လှိုင်က သွားတက်လေးပေါ်ရုံ ပြုံး၍ ဓာနည်မကို ပြောလိုက်လေ၏။

"သူက လူသတ်မသား၊ လက်မရှိလို့တောင် ပြောသင့်တယ်"

"ဟင်"

"ဘယ်လို"

"ကျုပ်အစ်ကိုကိုသတ်တာ သူပဲ"

သို့ပြောလာသည့် ဓာနည်မကို တအံ့တဩကြည့်မိကြလေ၏။

ဓာနည်မ ပြောစကား ကျွန်တော်တို့ ဘယ်လိုလက်ခံရမည်နည်း၊ ဖြစ်နိုင်ပါရောလားဆိုသည့် အတွေးလေး ဝင်မိလေတော့၏။

"ဟင်း ဟင်း ခုလို ရုတ်တရက်ကြီးပြောတော့ တော်တို့ ဘယ်ယုံကြပါ့မလဲ၊ အင်းလေ… သူ့ကိုကလည်း မထင်ရက်စရာ ပုံပန်း သဏ္ဌာန်ရှိနေတာကိုး"

ကျွန်တော်တို့နှစ်ယောက် သူ့စကားကို ယုံသင့်၊ မယုံသင့် စဉ်းစားချင့်ချိန်နေသည်ကို ရိပ်မိလိုက်ဟန်တူသည့် ဓာနည်မက သို့ပြောပြီး ကောင်လေးနှင့်မုတ်ဆိတ်ရှိရာသို့ စူးစူးရဲရဲ မျက်ဝန်းဖြင့်





စိုက်ကြည့်နေလေတော့၏။

သူတို့ကိုကြည့်ရင်း ဘာရယ်ကြောင့်မသိ ဝမ်းနည်းသွားဟန်တူချေ၏။

သူမမျက်ဝန်းမှ မျက်ရည်တို့ စီးကျလာလေသည်။

"ခင်ဗျားဘာလို့ ဝမ်းနည်းသွားရတာတုန်း"

"သူ့ကိုတွေ့တော့ အစ်ကို့ကို သတိရလို့ပါ"

အလိုလေးဗျာ… သို့ဆိုပါလျှင် ဓာနည်မသည် သူတို့နှင့် တစ်ချိန်က ရင်းရင်းနှီးနှီး ပတ်သက်မှုရှိနိုင်မပေလော့မည်။

"ဒီလောက်ဆို သဘောပေါက်ပြီ၊ ခင်ဗျား ပြောကြည့်လေ၊ ကျွန်တော်တို့ စိတ်ဝင်စားပါတယ်"

လင်းမြင့်လှိုင်က သို့ပြောလိုက်လေ၏။

"တော်တို့ ခဏနေ၊ ကျုပ် သူ့ဆီသွားမယ်၊ နို့မှ သူတို့ တော်တို့ကို ဒုက္ခပေးလာနိုင်စရာအကြောင်း ရှိနိုင်တော့မှာ မဟုတ်ဘူး"

"ခင်ဗျားကို ယုံရမှာလား"

သို့ပြောလိုက်မိသည့် ကျွန်တော့ကို ဓာနည်မက မကျေမနပ် ကြည့်လာလေ၏။ လင်းမြင့်လှိုင်က ကျွန်တော့ကို လှောင်ရည်ရန်ကော သဘောပါသည့်အကြည့်ဖြင့် စိန်းစိန်းကြီး ကြည့်လာချေလေ၏။

"ကျွန်တော်တော့ ယုံတယ်ဗျာ"

သို့ပြောလိုက်သည့် လင်းမြင့်လှိုင်ကိုပေ ဓာနည်မက အပြုံးလေးဖြင့် စိုက်ကြည့်လာချေတော့၏။ ထို့ကြောင့်လည်း လင်းမြင့်လှိုင်က လင်းမြင့်လှိုင် ဖြစ်နေတာတိုး မ… ခုလဲ ဤတို့၏

www.burmeseclassic.com



အရိပ်သုံးပါးကို အကဲခတ်ကျွမ်းကျင်သောလင်းမြင့်လှိုင်ကို ဇာနည်မက စိတ်ဝင်စားနေသည်လား၊ လင်းမြင့်လှိုင်သည် ပီယဝါစာစကားကို ပြောတတ်၏။ သွားတက်လေးပေါ်ရုံ ပြုံးပြတတ်၏။ သူ၏အပြုံးသည် တစ်ဖက်သူကို ကြည်နူးမှုဖြစ်စေလေပြီး မုဆိုးကောင်းတစ်ယောက်လည်း ဖြစ်ချေ၏။

"ဟာ"

"ဟင်"

ဇာနည်မသည် သို့ လင်းမြင့်လှိုင်ကို ကျေနပ်ပြုံးဖြင့် ပြုံးပြလိုက်ပြီးသည်နှင့် လျှပ်တစ်ပြက်ဆိုသလိုပင် သူ့လက်တွင်းရှိ မြားဖြင့် သင်းခွေချပ်ကောင်ကို လှမ်းပစ်လိုက်လေ၏။ သင်းခွေချပ်ကောင် မြားတန်းလန်းဖြင့် မြေပေါ်ပြုတ်ကျလာလေ၏။

အလိုလေးဗျာ… အင်မတန်ကဲဆိုးရှာသော သင်းခွေချပ်ပါကလား၊ သူ့တွင် မြားနှစ်ချောင်း စိုက်ဝင်လို့ပါကလား။ သည်မှာဘက်မှ ဇာနည်မ ;ဝစ်လိုက်သော မြားတံသည် သင်းခွေချပ်ကောင်၏ ဘယ်ဘက် လက်ပြင်တွင် စိုက်ဝင်နေသလို ဒုက္ခိတကောင်လေးပစ်လိုက်သောမြားတံသည် သင်းခွေချပ်ကောင်၏ ညာဘက်ခြမ်း လက်ပြင်အောက်သို့ စူးနစ်ဝင်လာလေခြင်း ဖြစ်ပေလေသည်။

ဇာနည်မ ချုံပုတ်မှ ထွက်သွားလိုက်၏။

"တော်တို့တွေ ငြိမ်ငြိမ်နေခဲ့ချေ။ သည်ညတော့ ဟိုရှေ့နားက သစ်မန်ကျည်းပင်ပေါ်မယ် အိပ်ကြချေ။ မနက်ကျမှ တော်တို့ ဘယ်လိုဆက်လုပ်ရမယ်ဆိုတာ ကျုပ်လာပြောမယ်"

"အလိုလေးဗျာ… ဇာနည်မကို လှောအွက်လို့ မရပါကလား"





"ကိုသင်းရေ… ဇာနည်မကို ဘယ်လိုမြင်တုံး"

"အင်မတန်ချောမောလှပတဲ့ ကောင်မလေးတစ်ယောက်လို့ မမြင်တယ်၊ ပြီးတော့ စိတ်သဘောထားဖြူစင်တယ်၊ ရဲဝံ့တယ်၊ အဲလိုတော့ အပေါ်ယံကြည့် ထွက်ပြောလို့ရနိုင်ကောင်းပါရဲ့ ဟင်း ဟင်း ဟင်း"

"ဝေး"

"ဟော့ ဇာနည်မ"

"ဝေး ကျော်စွာ"

အလိုလေးဗျာ… ဇာနည်မကိုမြင်သည်နှင့် ဒုက္ခိတကောင်လေးသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပုံရချေ၏။

အပြန်အလှန် နှုတ်ဆက်ရင်း ဇာနည်မက သူတို့တဲရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွားလေ၏။

"ကိုလင်းရေ ဇာနည်မက အင်မတန်စိတ်ဝင်စားစရာကောင်းတာဗျ"

"စိတ်ဝင်စားပုံကိုလည်း ပြောဦးမှပေါ့"

သို့ဆိုသလို လင်းမြင့်လှိုင်က ပြုံးစစမျက်နှာလေးဖြင့် ပြောလာလေ၏။

"ကိုလင်းရယ် ကျုပ်တော်ဆိုလိုချင်တာက သူ့ချောပုံ၊ လှပုံ ချစ်စရာကောင်းပုံကို ဆိုလိုချင်တာ မဟုတ်ဘူး"

"ဟင်း ဟင်း သိပါတယ် ကိုပိုက်ရယ်၊ သင်္ကေတ်စတာပါ၊ ဟုတ်တယ်ဗျာ၊ ဇာနည်မက တကယ်ပဲ အများပြောကြသလို ထူးဆန်းတဲ့ မိန်းမတစ်ယောက်ပေပဲဗျာ၊ သူ့မယ် စိတ်ဝင်စားစရာကောင်းတဲ့ လူမှုရေးကိစ္စတွေ ရှိပါသေးတယ်ဗျ၊ ကျုပ်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



အကြမ်းဖျင်းသိရသလောက် လူဖလံလေးအစ်ကိုနဲ့ မောင်နှမနှစ်ယောက်နေကြတယ်၊ သူက မိန်းမသားတန်မဲ့ မြားပစ်ကျွမ်းကျင်တယ်၊ သူ ကျွမ်းကျင်တဲ့အလုပ်ကလည်း အမဲလိုက်တာပဲလေ၊ အဲ... မောင်နှမနှစ်ယောက် တောတောင်ထဲ လှည့်လည်အမဲပစ်စားကြရင်း အစ်ကိုဖြစ်သူ သေဆုံးသွားတယ်၊ အစ်ကို သေပြီးနောက် ဓာနည်မက အမဲမလိုက်တော့ဘူး၊ ဘာကြောင့်လဲတော့ မသိဘူး၊ ရွာသုသာန်မှာပဲ အနေများတယ်၊ ရစ်ရွာရဲ့နာရေးကိစ္စကို သူက သူ့သဘောနဲ့သူ ကူညီလုပ်ဆောင်ပေးတယ်၊ ဒါဟာ သူ့ရဲ့အပြစ်တွေ ကျေရာကျေကြောင်း ကျေးဇူးဆပ်တာလို့ပြောတယ်၊ ဟော ပြီးတော့ သူ အားကိုး အားထားပြုတဲ့ ရသေ့ကြီးတစ်ပါး သူရှိတဲ့သုသာန်ကို သေလူတွေကို သရဏဂုံတင်ပေးဖို့ ရောက်လာတယ်၊ အသတ်ခံရတာပဲလေ၊ ဒီနောက် သူ လေးမြားပြန်ကိုင်ပြီး ကျွန်တော်တို့နဲ့ အမဲဝင်လိုက်ခဲ့တယ်၊ ဒီလိုနဲ့ ဓာနည်မနဲ့စောကျော်ခင် ကျွန်တော်တို့နဲ့ လမ်းကွဲသွားကြတယ်၊ ဟော... စောကျော်ခင် အသတ်ခံရပြန်တယ်၊ ဓာနည်မနဲ့ အတူတူရှိနေတုန်းလား၊ နို့မှမဟုတ် တစ်ယောက်တကွဲစီ ရှိတုန်းလားဆိုတာတော့ မပြောတတ်ဘူး၊ ဓာနည်မကို မေးကြည့် ရဦးမှာပဲ၊ ဟော... ခု မကြာခင်ပဲ ဓာနည်မ ကျွန်တော်တို့နား ပြန်ရောက်လာတယ်၊ ပြီးတော့ ကျွန်တော်တို့ စိတ်ဝင်တစားရှိနေတဲ့ မြားပစ်သမားလေးဒုက္ခိတကောင်လေးနဲ့ သူ ဆက်စပ်မှု ရှိနေပြန်တယ်''

သို့ဆိုသလို လင်းမြင့်လှိုင်က ပြောပြလာချေ၏။

''ကိုလင်း... ဓာနည်မကို ယုံရပါ့မလား''

''ကိုပိုက် ဘယ်လိုသဘောနဲ့ မေးတာတုံး''





''ဪ... သူ့နဲ့ကောင်လေး ဘယ်လောက်အထိ ရင်းနှီးကြသလဲ၊ ပတ်သက်ကြသလဲ မသိဘူးလေ၊ ဒီတော့ ကျွန်တော်တို့ကို ဓာနည်မက ကောင်လေးနဲ့ပူးပေါင်းပြီး ဒုက္ခပေးမလာနိုင်ဘူးလို့ ကိုလင်း တွက်မိသေးလား''

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က ပြုံးသွားချေပြီး...

''ကျွန်တော်တော့ လုံးဝကို ယုံတယ်''

''ဗျာ''

လင်းမြင့်လှိုင်တစ်ယောက် ဓာနည်မ၏ အလှအပတွင် ယစ်မူးသွားလေပြီလားဟု ထင်လိုက်မိ၏။ လင်းမြင့်လှိုင်သည် ဘယ်လိုမှ ဓာနည်မအပေါ် သံသယမရှိပါကလား။

''ဘာလဲ၊ ကိုပိုက်က ကျွန်တော့ကို ဓာနည်မနဲ့ပတ်သတ်လို့ သံသယဖြစ်နေလား''

''အမှန်ပြောရလျှင်တော့ အဲလိုထင်မိတယ် ကိုလင်းရယ်၊ တောင်းပန်ပါတယ်''

''ဟင်း ဟင်း ဟင်း ကျွန်တော် နားလည်ပါတယ် ကိုပိုက်ရယ်၊ အမှန်ပြောရလျှင်ဖြင့် ကျွန်တော် ဓာနည်မကို စိတ်ဝင်စားတဲ့အထဲမှာ သူမရဲ့အလှအပလည်း ပါတယ်လေ၊ ကျွန်တော် ဝန်ခံပါတယ်၊ နို့ပေမင့်လို့ သည့်ထက်ပိုပြီး စိ[illegible]င်စားစရာ တော့...''

သို့ဆိုလျက် လင်းမြင့်လှိုင်သည် စီးကရက်[illegible]ဆေးလိပ် ဖွာ လိုက်လေပြီး ကျွန်တော့ကို ကမ်းပေးလာ၏။ ပြီး [illegible]ဆက်ပြော သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထူးခြန်းတဲ့မိန်းကလေးဆိုတဲ့အတိုင်း သူ့ဘဝ နောင်
ကြောင်းကလည်း အင်မတန် စိတ်ဝင်စားဖွယ်ကောင်းလိမ့်မယ်
ထင်တယ်၊ ကျွန်တော်တို့ သိရအောင်တော့ဖြင့် ကြိုးစားရလိမ့်မယ်"

"နို့တော့ ကျွန်တော်လည်း တောက်ခံတယ်ဗျာ၊ ဓာနည်
အတွက် တစ်ခုပဲ စိုးရိမ်တာရှိတယ်"

"အလိုလေးဗျာ၊ တိုမိုက်က ဓာနည်မအတွက် စိုးရိမ်
ဖော် ဖြစ်နေပါကလား၊ ဟင်း ဟင်း ဟင်း"

"ကိုလင်း ထင်ချင်သလို ထင်လို့ရတယ်၊ ကျွန်တော်
ငြင်းလည်း မငြင်းဘူး၊ ဝန်ခံခြင်းလည်း မပြုနိုင်ဘူး၊ အင်း...
တစ်ခုတော့ ပြောလို့ရတယ်"

"ပွင့်ပွင့်လင်းလင်း ပြောပါ ကိုမိုက်"

"ဒီလောက် ချောမောလှပပြီး ကျက်သရေရှိတဲ့ ကောင်မ
လေးကို လူသတ်သမား မဖြစ်စေချင်ဘူးဗျာ"

"ဟင်း"

ကျွန်တော်စကားဆုံးသည်နှင့် လင်းမြင့်လှိုင်က သက်ပြင်း
အရှည်ကြီးချလိုက်လေတော့၏။ သို့ကြောင့်...

"ကိုလင်း ဓာနည်မနဲ့ပတ်သက်လို့ ဘာများသိထားတာ
ရှိတုံး၊ ကျွန်တော့ကို ပွင့်ပွင့်လင်းလင်းပြောစမ်းပါ"

"လူ့စိတ်ဆိုတာ ပြောရခက်သားကလား၊ တကယ်တော့
ကျွန်တော်လည်း ကိုမိုက်လို စိုးရိမ်စိတ် ဖြစ်နေမိပါတယ်ဗျာ၊ ဝန်
ပါတယ်"

"ကဲ... ကိုလင်းရေ၊ သူတို့တဲပေါ်မှာ နားနေစားသောက်
နေကြတုန်း သူတို့ ဒီဘက် အာရုံမရောက်လာခင် သစ်မန်ကျည်းပင်





ပေါ် တက်လိုက်ကြစို့"

သို့ဖြင့် လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် ချုံပုတ်ပင်နောက်
ကွယ်မှ ပုန်းလျှိုးကွယ်လျှိုးထွက်ကာ သစ်မန်ကျည်းပင် အခြေသို့
ကပ်သွားလိုက်ကြ၏။

တော်ပါသေး၏၊ သစ်မန်ကျည်းပင်သည် တက်ရလွယ်ချေ
၏။ သည်သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် သစ်မန်ကျည်း
ပင် ခွဆုံသို့ ရောက်သွားကြ၏။

"ဒီခွဆုံမှာ အိပ်မယ်"

သို့ ကျွန်တော်က ပြောလာသည်တွင် လင်းမြင့်လှိုင်က
ခေါင်းကို ခါယမ်းပြလေပြီး

"စိတ်မချရဘူး၊ အပေါ် ဆက်တက်ကြမယ်"

သို့ကြောင့် ကျွန်တော်တို့သည် သစ်မန်ကျည်းပင် အကိုင်း
အခက်တို့ကြားတွင် အိပ်စရာနေရာလုပ်လိုက်ပြီး ဖြစ်ချေလေသည်။

ကျွန်တော်တို့သည် သစ်မန်ကျည်းပင်ပေါ်တွင် တစ်ညတာ
အချိန်ကို ဖြန်းလိုက်ကြ၏။ လုံးလုံးလျားလျားဖြင့် အိပ်ပျော်သည်
တော့ မဟုတ်၊ မိုးလင်းလုပိုင်းလေးတွင်သာလျှင် အိပ်ပျော်သွားကြ
ရ၏။

"ဂစ် ဂီးလ်"

သို့ ငှက်ဆိုးကောင်သည် ကျွန်တော်တို့ ရှေ့တည့်တည့်မှ
သို့ အော်ဟစ်ပျံသန်းသွားသဖြင့် အိပ်လျက်နေရာမှ နိုးလာရ၏။

"ငှက်မသာကောင် စောစောစီးစီး လာ မကောင်းလိုက်
တာ"

သို့ ကျွန်တော်က ပြောလိုက်၏။ ပြီး ဓာနည်မတို့ရှိသည့်

www.burmeseclassic.com



အောက်သို့ လှမ်းကဲကြည့်လိုက်၏။

"အလိုလေးဗျာ"

ကျွန်တော် လွန်မင်းစွာ အံ့သြသွားၡ၏။ တဲတွင် မည်သူမျှ မရှိကြပါကလား၊ သို့ကြောင့် လင်းမြင့်လှိုင်ကို နိုး၍ပြောလိုက်၏။

"မိုးလင်းနေပြီပဲ၊ ဟိုနားသည့်နား သွားကြတာဖြစ်မပေါ့၊ ဇာနည်မကလည်း ကျွန်တော်တို့ကို မနက်လာခေါ်မယ် ပြောခဲ့တာပဲ"

"နို့ဖြင့် ဇာနည်မ ကျွန်တော်တို့ကို လိမ်ညာသွားတာပဲ ဗျ"

သို့ ကျွန်တော်က မကျေမနပ်ပြောလိုက်၏။

"လာဗျာ၊ တဲဆီသွားကြမယ်"

"နေပါဦးဗျာ၊ ခဏတစ်ဖြုတ်တော့ စောင့်ကြည့်ချေပါဦး"

လင်းမြင့်လှိုင်ပြောသလို ကျွန်တော်တို့သည် နာရီဝက်မက သစ်မန်ကျည်းပင်ပေါ်မှပင် စောင့်ကြည့်နေကြလေ၏။ မည်သည့် ထူးခြားသည့် အရိပ်အယောင်မျှ မတွေ့လေသည့်ကြောင့် စိတ်ပျက်စွာဖြင့် သစ်မန်ကျည်းပင်ပေါ်မှ အောက်သို့ဆင်းခဲ့ကြလေ၏။

"အလိုလေးဗျာ"

သစ်မန်ကျည်းပင် အောက်ခြေသို့ ရောက်သည်တွင် လွန်မင်းစွာ အံ့အားသင့်ဖွယ်မြင်ကွင်းကို တွေ့လိုက်ရ၏။

ခပ်လှမ်းလှမ်း ချုံပုတ်နွယ်ပင်နောက်ကွယ်မှ လူတစ်ယောက် ဖြတ်ပြေးသွားသည်ကို တွေ့လိုက်ရသည်ဖြစ်၏။ ထိုလူငယ်သည် အရပ်ရှည် ကလန်ကလားကြီး ဖြစ်နေသောကြောင့်ပင်။







"ကိုလင်း ကိုလင်း၊ ဟိုမယ် ကောင်လေးမဟုတ်လား၊ သူ 'ကျော်စွာ' မဟုတ်လား"

"တူတာ ဖြစ်မယ်၊ ကျော်စွာက ခြေမသန်ဘူးလေ၊ လိမ်ဖည် လိမ်ဖည်သွားရတာလေ၊ ခု သူက အရပ်ရှည်လွန်းတယ်၊ ပြေးတာလည်း သာမန် လူတစ်ယောက်လို ပြေးသွားတာလေ၊ သူ့ကို ကျွန်တော် အလျင်က မြင်မြင်နေတာဗျ"

"ဟုတ်ပါ့၊ သည်ကောင်လေးက အရပ်ရှည်တယ်၊ သာမန်လူတစ်ယောက်ပဲ ကျော်စွာက ခြေမသန်ဘူးလေပဲ"

"နို့ သူတို့တွေ ဘယ်ထွက်သွားကြတာပါလိမ့်၊ ဇာနည်မကလည်း မနက်ကျ ကျွန်တော်တို့ကို လာခေါ်မယ်ပြောပြီး သူပါ ပျောက်နေတယ်"

ဇာနည်မနဲ့ မုတ်ဆိတ်၊ ကျော်စွာတို့က တစ်ဖွဲ့တည်းသားတွေများလား၊ ဘယ်လိုတွေ ပတ်သက်နေကြတာပါလိမ့်။

"ဇာနည်မပြောတော့ ကျော်စွာက လူသတ်မသား ဆိုပဲ ဗျ"

"နို့ သူ့အပြောပါဗျာ၊ သူနဲ့ပတ်သက်ဆက်နွယ်မှုဟာ အတော် ကလေးကို တရင်းတနှီးရှိပုံပေပဲဗျ၊ လာချေဗျာ၊ တဲဆီ သွားကြမယ်၊ ကျွန်တော်တို့အတွက် တစ်ခုခုတော့ ထူးခြားမှုရနိုင်ပါ လိမ့်မယ်"

သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တဲရှိရာသို့ ခပ်သွက်သွက် သွားလိုက်ကြလေ၏။

တဲသို့ရောက်သည်တွင် ကျွန်တော်တို့အလ... မည်သည့် သဲလွန်စမျှ မကျန်ခဲ့သည်ကို သိလိုက်သဖြင့် လွန်မင်းစွာ စိတ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



ကျသွားရချေတော့၏။

"ဘယ်လိုလုပ်ကြမလဲ"

"ခဏတစ်ဖြုတ်နားပြီး သွားကြတာပေါ့၊ ကျွန်တော်တော့ အိပ်ရေးမဝသေးဘူး၊ ခဏလောက်မှိန်းလေပြီးမှ သွားကြတာပေါ့"

သို့ ကျွန်တော်က လင်းမြင့်လှိုင်ကို တောင်းဆိုလိုက်၏။

သည်သို့ဖြင့် တဲတွင် ခဏတစ်ဖြုတ် လဲလျောင်းအိပ်လိုက်ပြန်၏။ သက်သောင့်သက်သာဆိုတော့ အိပ်ပျော်သွားပြန်၏။

မည်မျှကြာကြာ အိပ်ပျော်သွားလေသည် မသိ၊ ကျွန်တော့်အား ပုတ်ခတ်နှိုးလာလေသည့်ကြောင့် လန့်နိုးလာရပြန်၏။

"ဘာတုံး ကိုလင်းရဲ့"

"အချိန်ရှိတုန်း သွားကြမယ်"

"ဘယ်ကိုတုံး"

"ကျောက်စွာနဲ့ မုတ်ဆိတ်၊ ပြီးတော့ စနည်းမကို လိုက်ရှာရမပေါ့"

"ဘယ်သွားမှန်း မသိဘဲနဲ့ ဖြစ်ပါ့မလား"

"ကျွန်တော်တို့ ဟိုးရှေ့က တောင်ကြောအခြေကို သွားရမှာ"

ကျွန်တော် လင်းမြင့်လှိုင် ညွှန်ပြရာသို့ လှမ်းကြည့်လိုက်၏။

အလိုလေးဗျာ… လင်းမြင့်လှိုင် လှမ်းပြသော တောင်ကြောအခြေတွင် မီးခိုးတလူလူထွက်နေသည်ကို တွေ့ရချေ၏။

"သူတို့ အဲဒီမယ် ရှားမပေါ်လား"

"ဖြစ်နိုင်ခြေများတယ်"



"နို့ဖြင့် သွားကြစို့"

"နေဦး၊ သူတို့ညက မီးကင်စားထားတဲ့ တောကြောင်ကင်သားတွေ ကျန်သေးတယ်၊ စားလိုက်ပါဦး"

လင်းမြင့်လှိုင်က ပြောလည်း ပြော၊ တောကြောင်သားမီးကင်အသားတစ်တုံးကို ကမ်းပေးလာသည်။ လှမ်း ယူလိုက်၏။ ပူလောင်လောင်ရှိချေ၏။

"ကိုလင်း မီးပြန်ကင်ထားတာလား"

"ဟုတ်တယ်"

ကျွန်တော်သည် အသားမီးကင်ကို ပူပူလောင်လောင်ကြားမှ ကိုက် ဝါးလိုက်၏။

"မိုးလိ"

ပူလောင်လွန်းသည့်ကြောင့် သွားတို့ကျွတ်ထွက်သွားတတ် ခံစားလိုက်ရ၏။

"အအေးခံလိုက်ပါဦးလားဗျာ"

သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ကြောင်သားကင် အသားတင် ဃက်ကျန်တို့ကို အပြတ်ရှင်းလိုက်ကြပြီးနောက် မီးခိုးတလူလူထွက်နေသည့် တောင်ကြောသို့ တောတိုးထွက်ခဲ့ကြသ၏။ စောစောစီးစီး ဝါးသည်းတောကို ဖြတ်ခဲ့ရသည်ကြောင့် အကဲ ခြေတစ်ပြင်လုံး ရွှံ့စိုနေလေ၏။ ဘယ်အတွက်မှ နှင်းငွေ့ ဝါးသည်းရွက် တို့မှတစ်ဆင့် ကျွန်တော်တို့ကို တပ်မိလေသည်ကြောင့် စိုချေ၏။ တစ်ချက်တစ်ချက် လေပြင်းတိုက်သည်တွင် အေးအေးစက် ရပြန်၏။ သို့ဖြင့် ကျွန်တော်တို့သည် မီးခိုးတလူလူရှိရာ သို့ ဆောက် ကြတော့၏။

www.burmeseclassic.com



"ဟင်"

သစ်ကိုင်းအစိုများဖြင့် ဖိုခုံလောက်ဆိုင် ထင်းမီးပုံကိုသာလျှင် တွေ့ရ၏။ လူတော့ဖြင့် မတွေ့ပါချေ။

"ဒီမယ် သူတို့စခန်းချ စားသောက်သွားကြတာဗျ"

လင်းမြင့်လှိုင်က ထင်းမီးပုံနံဘေးရှိ ခြေရာကို စေ့စေ့ကြည့်ပြီး ပြောလေ၏။

"ထူးဆန်းတယ်ဗျ"

"ဘာတုံး ကိုလင်းရဲ့"

"ဒီမယ် ခြေရာကြည့်ရတာ။ ဒီခြေရာ ခပ်ကြီးကြီးက မုတ်ဆိတ်ရဲ့ခြေရာဖြစ်မယ်ဗျ၊ ဒီခပ်သေးသေးက ကျော်စွာ ဖြစ်မယ်၊ အင်း… ဓာနုညီမ ခြေရာတော့ မတွေ့သေးဘူးဗျ"

"နို့ဖြင့် သည်ရောက်လာတာ၊ မုတ်ဆိတ်နဲ့ ကျော်စွာပဲလို့ ပြောချင်တာပေါ့"

"အဲလို ဖြစ်နေတာလေ"

"ကဲ… ကိုလင်း၊ ဒီခြေရာနောက်လိုက်ကြစို့"

သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ထိုခြေရာတို့ကို ကောက်၍ လိုက်ကြပြန်၏။

သို့လျှောက်ခဲ့ကြရာမှ ရှေ့မှသွားနေသော လင်းမြင့်လှိုင်သည် ရုတ်တရက်သွားနေသော ခြေလှမ်းကိုရပ်၍ ပတ်ဝန်းကျင်သို့ သင်္ကာမကင်းဟန်ဖြင့် လှည့်ပတ်ကြည့်နေလေသဖြင့်…

"ဘာတုံး"

တိုးညင်းစွာ မေးလိုက်၏။

"ကျွန်တော်တို့ အားတစ်ဖက်တစ်ချက်ကနေ သတ္တဝါ





ကောင်၊ နို့မှမဟုတ် လူတစ်ယောက် ချောင်းမြောင်းလိုက်နေသလားလို့"

ကျွန်တော်ဖြင့် သတိမထားမိပါချေ။ သို့ကြောင့်…

"စိတ်ထင်လို့ ဖြစ်ပါလိမ့်မယ်"

သည်တွင် လင်းမြင့်လှိုင်က ပတ်ဝန်းကျင်သို့ အသေအချာကြည့်လိုက်ရင်း လက်တွင်းရှိသေနတ်ဖြင့် ပစ်ခတ်ရန်အလို့ငှာ ချိန်ရွယ် ထားလေ၏။

အတန်ကြာကြာ မည်သည့်ထူးခြားမှု မရှိလေမှ…

"အင်း… ကျွန်တော့စိတ်က ထင်တာဖြစ်ပါလိမ့်မယ်၊ တစ်ယောက်ယောက်ရှိနေမယ်ဆိုလျှင် ပြေးထွက်သွားပြီပေါ့"

သို့ဖြင့် ကျွန်တော်တို့ ရှေ့ဆက်လျှောက်ခဲ့ကြပြန်၏။

"ဟာ ဟိုမယ် ဟိုမယ်"

ကျွန်တော်သည် လင်းမြင့်လှိုင်နောက်မှသာ လိုက်သွားသည် ဆိုစေမင့် ရှေ့ခပ်လှမ်းလှမ်းသို့ လှမ်းကဲကြည့်ရင်း သွားနေသူဖြစ်ခြင်းကြောင့် အရပ်ရှည်ရှည်ကောင်လေးကို လှမ်းတွေ့လိုက်သဖြင့် သို့ လင်းမြင့်လှိုင်ကို အလန့်တကြား ပြောလိုက်ခြင်းဖြစ်၏။

"ချောက်"

လင်းမြင့်လှိုင်လည်း တွေ့မုံပင်၊ သူ့လက်တွင်းမှ သေနတ်ကို မောင်းတင်လိုက်သံ ကြားရချေ၏။ သူ ခြေထောက်ရှိရာသို့ မှန်းပစ်လိုက်ဟန် ဖြစ်ချေ၏။

ထိုသူငယ်သည် တောတိုးသွားနေခြင်း ဖြစ်၏။ ကျွန်တော်တို့နှင့်ဆိုပါလျှင် ကိုက်(၁၀၀)လောက်သာ ဝေး၏။ နည်း၊ လူတစ်ရပ်နီးနီး သစ်ပင်ချုံပုတ်တို့ရှိသောကြောင့် ကျွန်တော်တို့သည် သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ချုံနွယ်နှင့်ကွယ်နေသဖြင့် သူက ကျွန်တော်တို့ကို မမြင်ရခြင်းဖြစ်၏။ သူကတော့မူ အရပ်ရှည်လွန်းသူဖြစ်သဖြင့် ချုံနွယ်တို့အထက်တွင် ခေါင်းပေါ်ထွက်နေလေခြင်းကြောင့် ကျွန်တော်တို့က သူ့ကို တွေ့မြင်ရခြင်းဖြစ်၏။

"ကိုလှုင်း တကယ်ဝစ်မှာလား"

"ဒါပေါ့"

သို့ကြောင့် ကျွန်တော်သည် နံဘေးမှရပ်၍ ငြိမ်သက်စွာ ကြည့်နေလိုက်၏။

လင်းမြင့်လှိုင်သည် တောင်လေး၏ခြေထောက်ရှိရာသို့ မှန်း၍ သေနတ်ဖြင့် ပစ်ခတ်လိုက်ရန် အလို့ငှာ သေနတ်မောင်းချိန်လိုက်သည်။ ပြီးနောက် လက်ညှိုးလေးကို ကွေးလိုက်မည်အလုပ်တွင်…

"ဟာ"

"ဟင်"

ဘယ်လိုဖြစ်ရလေသည်မသိ၊ ကောင်လေးသည် ခွေလဲသွားလေ၏၊ သို့ကြောင့် ကျွန်တော်သည် ကပျာကသီပင် လင်းမြင့်လှိုင် သေနတ်ကိုင်လက်ကို တွန်းလိုက်လေ၏။

"ကိုပိုက် ဘာလုပ်တာတုံး"

လင်းမြင့်လှိုင်က တစ်ဖက်သို့ စောင်းလဲကျသွားရာမှ ကပျာကသီ ပြန်ထကာ ပြောလာချေ၏။

"ဘယ်လိုဖြစ်ရမှာတုံး ကိုလင်းရယ်၊ ဟိုမယ် ကောင်လေး လဲကျသွားပြီလေ၊ ကိုလင်းက သူ့ရဲ့ခြေထောက်ကို ပြေးမသွားနိုင်အောင် ပစ်လိုက်မယ်ဆိုပေမင့် သူလဲပြီသွားတော့ သူ့ခြေထောက်ကို သွားမမှန်လေဘဲ၊ သူ့ခန္ဓာကိုယ်ကြီးကို သွားမှန်ပါလျှင်ဖြင့် ကောင်







လေး သေပြီပေါ့"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်က ပြုံးဖြုလာချေပြီး ခပ်သဲ့သဲ့ ရယ်မောလိုက်ကာ…

"ဟင်း ဟင်း ဟင်း ကျွန်တော်လည်း တွက်မိလို့ မောင်း သိန်းခလုတ်ကို ခွဲမညှစ်လိုက်တာပေါ့ဗျာ"

ဟုတ်သားကလား၊ ကျွန်တော်သာလျှင် အစိုးရိမ်လွန်၍ သို့ဖြစ်သွားရခြင်း။ ဟင်း…။

"လာဗျာ၊ ကောင်လေး ဘာဖြစ်လဲ၊ သွားကြည့်ကြတာ ပေါ့"

သို့ဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ကောင်လေးဆီသို့ ခပ်သုတ်သုတ် သွားလိုက်ကြလေ၏။

"ဟင်"

"ဟာ"

ကောင်လေး၏လက်ပြင် ကျောဘက်တွင် မြားတံတစ်ချောင်း၊ စူးနစ်ဝင်နေပါကောလား၊ ဘယ်သူပစ်လိုက်တာပါလိမ့်၊ သို့ကြောင့် ကောင်လေးခွေလဲကျသွားခြင်းပါကလား၊ ထိုသည်ထက် ပို၍ အံ့ဖွယ်ကောင်းသည်မှာ ကျွန်တော်တို့ထင်ထားသည်မှာ ကောင်လေးသည် ခြေတံရှည်ရှည်၊ ယခုတွေ့လိုက်သည်မှာ ခြေမသန်သော ကောင်လေးတစ်ယောက် ဖြစ်နေပါရောလား၊ ဘယ်လိုပါလိမ့်။ သို့ကြောင့် လင်းမြင့်လှိုင်ကို ကြည့်လိုက်ချေလေ၏။

လင်းမြင့်လှိုင်တစ်ယောက် အဖြစ်မှန်ကို ရှင်းပြတတ်ပါ လေမည်လားလို့…

လင်းမြင့်လှိုင်က ခေါင်းခါပြလာချေ၏။ ဪ တော့ ကောင်



www.burmeseclassic.com

www.burmeseclassic.com



ဆေးကိုလည်း အသေအချာကြည့်နေလိုက်၏။

"မင်းကို ဘယ်သူပစ်လိုက်တာတုံး"

ကောင်လေးအား ထိုင်ချလိုက်လေပြီး မေးလိုက်လေ၏။

ကောင်လေးသည် လင်းမြင့်လှိုင်ကို အသေအချာ စူးစိုက်ကြည့်နေရင်းမှ–

ချာခနဲ ဘေးဘီကို လှည့်ပတ်ကြည့်လိုက်၏။ တစ်စုံတစ်ရာကို ရှာနေခြင်းဖြစ်သည်ကြောင့် ကျွန်တော်က...

"မင်း ဓာနည်မကို ရှာတာလား"

ကျွန်တော့ထံသို့ စိုက်ကြည့်လာပြန်၏။

"မုတ်ဆိတ်"

"ဘာရယ် မုတ်ဆိတ်၊ ဟုတ်လား"

"ဟုတ်တယ်"

"နို့... နေပါဦး၊ မင်းကို ငါတို့သိထားတာလေ၊ ခြေတံရှည်ရှည်လူတစ်ယောက်၊ ခုတော့ မင်းဟာ သာမန်လူတစ်ယောက်လိုပါပဲကလား၊ မင်း ခြေမသန်တာတစ်ခုပဲ ကွာတယ်"

သို့ ကျွန်တော်က ပြောရင်း သူ့ခြေထောက်အစုံကို စူးစူးကြည့်နေလိုက်လေ၏။

"ဟင်း... ဟင်း"

ကောင်လေးကျော်စွာက သို့သော မချိပြုံး ရယ်ပြလာချေ၏။

"မင်း ပြောကြည့်လေ"

လင်းမြင့်လှိုင်က ဝင်ပြောလာပြန်၏။

"အားလားလား"

ကောင်လေးသည် ကျွန်တော်တို့နှင့် စကားပြောနေရမည်





ထင်လား မသိ၊ ရင်ဘတ်တွင် စူးနစ်ဝင်နေသည့် မြားတံကိုကိုင်၍ နာကျင်ဟန်ပြလာချေလေ၏။

အမှန်တကယ်လည်း ဟုတ်ချင်မှဟုတ်လိမ့်မည်။

သို့ကြောင့် ကျွန်တော်သည် ကောင်လေးကို ပွေ့မလိုက်၏။ မြားတံကို ဆွဲနုတ်လိုက်လျှင် ကောင်းလေမလား၊ စဉ်းစားရင်း မြားတံအရင်းကို လက်ဖြင့် ဆုပ်ကိုင်လိုက်မည်အလုပ်တွင် ကောင်လေးလက်က ကျွန်တော့လက်ကို တွန်းထုတ်လာလေ၏။

မြားတံကို မနုတ်ရန်သတိပေးလာခြင်းဖြစ်၏။

ပြီး သူ့လက်ဖြင့် ဆုပ်ကိုင်ထားသည်။ မြားတံကို လက်ဖြင့် ထက်ပိုင်းချိုးလိုက်ချေလေ၏။

"ကိုမိုက် သူ့ဒဏ်ရာက သွေးတိတ်အောင် လုပ်ပေးစမ်းပါဦး"

သို့ဆိုလျက် ပတ်တီးစနှင့်ဂွမ်းစကို သူ၏ ဘောင်းဘီအိတ်ကပ်တွင်းမှထုတ်၍ လှမ်းပစ်ပေးလာချေသဖြင့် ကျွန်တော်သည် ကျော်စွာ ရင်ဘတ်မှ စီးကျနေသည့် သွေးစတို့ကို ပတ်တီးစအနည်းငယ်ဖြင့် သပ်ယူလိုက်လေ၏။

"အ"

"နာလို့လား"

နာတော့မပေါ့၊ သူ့ရင်ဘတ်က ဒဏ်ရာသည် သွေးတို့မနည်းစိုရွှဲထွက်နေလေသည်ကိုး။

"မင်း ဓာနည်မကို ရှာနေတာလား"

လင်းမြင့်လှိုင်က စမေးလိုက်လေ၏။

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညက မင်းတို့တဲမှာပဲ မဟုတ်လား၊ ဘယ်လိုကြောင့် ပျောက်သွားရတာတုံး"

"ဘာကို ပြောတာတုံး"

"စာနည်မကို ပြောတာလေ၊ ဘယ်လိုကြောင့် မင်းတို့နဲ့ တကွဲစီဖြစ်သွားရတာတုံး"

သည်တွင် ကျော်စွာက ဟိုဟိုသည်သည် စေ့စေ့လှမ်းကာ ကြည့်လိုက်လေပြီးမှ…

"ကျုပ် စာနည်မကိုရှာနေတာ အကြောင်းရှိတယ်၊ တွေ့လျှင်ဖြင့် လုံးဝအလွတ်ပေးမှာ မဟုတ်ဘူး"

အလို ဘယ်လိုဖြစ်သွားရတာပါလိမ့်၊ သို့ကြောင့်…

"ရှင်းအောင် ပြောနိုင်မလား"

မေးလိုက်၏။

"ခင်ဗျားတို့ တကယ်သိချင်လား"

မေးလာပြန်သဖြင့်…

"သိပ်သိချင်နေတာပေါ့ကွာ"

"နို့ဖြင့်လည်း မပြောဘူး"

အလိုလေးဗျာ။

"ကောင်းပြီလေ၊ လုံးဝမပြောနဲ့"

သို့ဆိုလျက် ကျွန်ုပ်တော်က လင်းမြင့်လှိုင်ကို မျက်ရိပ်ပြလိုက်၏။ ကျွန်ုပ်တော် ဘာလုပ်ချင်သည်ကိုသိသည့် လင်းမြင့်လှိုင်က နေရာမှ ရပ်လိုက်ကာ…

"နို့ဖြင့်လည်း ကိုယ့်လမ်းကိုယ်သွားကြတာပေါ့ကွာ"

"ဘာဗျ၊ ဒီလိုတော့ လုံးဝခွင့်မပြုနိုင်ဘူး"





သို့ဆိုလျက်…

ကောင်လေး၏အပြုအမူလေးကိုကြည့်၍ ကျွန်ုပ်တော် သဘောမကျဖြစ်သွားသဖြင့်…

"မင်းက အင်မတန်ရယ်စရာ လုပ်ချင်တဲ့ကောင်လေးပဲ၊ မင်းမယ် ဒဏ်ရာကြီးနဲ့လေ၊ မင်း ဘယ်လောက်ကြာကြာ ခံနိုင်မှာတုံး"

သို့ လင်းမြင့်လှိုင်က ပြောလိုက်လေ၏၊

"နို့ဖြင့်လည်း ကျုပ်ဆာတယ်ဗျာ၊ ဟစ်ခုခုကျွေးပါဦး၊ စားသောက်ပြီးလျှင်ဖြင့် ကျုပ် အလုံးစုံပြောပြပါမယ်"

သို့ဆိုတော့ ကျွန်ုပ်တော်နှင့်လင်းမြင့်လှိုင်သည် သူ့ထံသို့ ပြန်လှည့်သွားလိုက်ကြချေ၏။

"ကောင်းပြီလေ၊ မင်းအတွက် ငါ တစ်ခုခုသွားရှာချေမယ်"

သို့ဆိုလျက် လင်းမြင့်လှိုင်က ကျွန်ုပ်တော့အား ကောင်လေးနှင့်အတူ နေခဲ့ရန် ပြောလေပြီး ထွက်သွားချေ၏။

ကျွန်ုပ်တော်သည် လင်းမြင့်လှိုင်ထံမှ စီးကရက်ပုလင်းပြားလေးကို ယူထားလိုက်လေပြီး ကောင်လေးနှင့်မနီးမဝေးရှိ သစ်ပင်အခြေတွင်ထိုင်ရန် ခြေလှမ်းလိုက်သည်တွင်…

"အွန့်"

"ဟာ"

"ဒိန်း"

မြန်ဆန်လှသည့် အဖြစ်အပျက်ကြောင့် ကျွန်ုပ်တော်သည်လည်း ဘာလုပ်ရမှန်း မသိ၊ လက်တွင်းရှိသေနတ် ဒွင်ဆော့ ကျည်ပေါက်…



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချေ၏။

ခစ်လှမ်းလှမ်းနေရာလောက်ဆီမှ လူတစ်ယောက်ကို ရိပ်ခနဲ တွေ့လိုက်သည့်ကြောင့်ပင်။

အလိုလေးဗျာ။

ကောင်လေးတစ်ယောက် လျှာထွက်၊ မျက်လုံးပြူးလျက် ငြိမ်သက်နေသွားပါရောလား၊ သို့ကြောင့် ဘယ်လိုဖြစ်ရတာပါလိမ့်၊ သိလိုသဖြင့် အနားသွားလိုက်၏။

"ဟာ"

လည်ပင်းတွင် ထုတ်ချင်းပေါက် မြားတစ်ချောင်း စိုက်ဝင်နေပြန်ပါရောလား၊ သို့ဆိုတော့ ကောင်လေးဘယ်လို အသက်ဆက်ရှင်နိုင်ပါလိမ့်မည်နည်း။

"ဒိန်း"

သို့ရှိစဉ် လင်းမြင့်လှိုင်ထွက်သွားရာဘက်မှ သေနတ်သံတစ်ချက် ကြားလိုက်ရ၏။ လင်းမြင့်လှိုင် သားကောင်ကိုပစ်လိုက်ခြင်းဖြစ်မည်။

အတန်ကြာတွင်...

လင်းမြင့်လှိုင်တစ်ယောက် မျောက်ကောင်သေကို ပုခုံးထက် ထမ်းပိုးလျက် ပြန်လာလေပြီဖြစ်၏။

"သေနတ်သံကြားလိုက်ပါရဲ့"

သို့မေးလာ၏။ သို့ကြောင့် အကြောင်းစုံကို ပြောပြလိုက်၏။

"လူသတ်သမားက ဇာနည်မ သေချာပြီပေါ့"

သို့ဆိုသလို လင်းမြင့်လှိုင်က စိတ်မကောင်းစွာ





ပြောပြလိုက် ၏။

"နို့ဖြင့် ကိုပိုက် ရိပ်ခနဲမြင်လိုက်တာ၊ ဘယ်သူဖြစ်နိုင်မလဲ၊ ယောကျ်ား၊ မိန်းမတော့ ခွဲခြားနိုင်လောက်မှာပေါ့"

ကျွန်တော် ခေါင်းကို ခါယမ်းလိုက်၏။

"ဝေးလည်းဝေးတယ်၊ မြန်လည်းမြန်တယ်"

"အင်း... မှတ်ဆိတ်လည်း ပျောက်နေတယ်၊ မှတ်ဆိတ်နဲ့ ကောင်လေးက အင်မတန်ရင်းနှီးကြပုံပဲဗျ။ နို့ကြောင့် ဇာနည်မပဲ ဖြစ်နိုင်မှာပါ"

"ဘယ်လိုလုပ်ကြမလဲ"

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် မျောက်သေကောင်ကို အနားရှိ အရိပ်ကောင်းကောင်း သစ်ပင်အခြေတွင် ပစ်ချထားကာ ကောင်လေး၏ရုပ်အလောင်းကို မြေမြှုပ်လိုက်ကြ၏ ပြီး ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်၏။

မျောက်ကောင်ကိုတော့မူ ကောင်လေး၏မြေပုံတွင် လင်းမြင့်လှိုင်က တင်ထားလိုက်လေပြီး...

"ကျော်စွာရေ၊ ငါ မင်းအတွက်ဆိုပြီး သွားရှာခဲ့တဲ့ မျောက်ကောင်ပဲ၊ သည်တော့ မင်းအတွက်ပဲ ထားခဲ့တယ်"

သို့ ပြောခဲ့ချေ၏။

"ကိုပိုက် ရိပ်ခနဲမြင်လိုက်တယ်ဆိုတာ ဘယ်နားလေးလဲ"

သို့ဖြင့် ကျွန်တော်တို့သည် ရိပ်ခနဲမြင်လိုက်သောနေရာသို့ ဦးတည် သွားလိုက်၏။ အလိုလေးဗျာ၊ ခြေရာတော့ ဖွင့် တွေ့ရှိတ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက် ခြေရာဖြစ်သည်။ ထိုဆိုလျှက် ကောင်လေးကို မြားတံနှင့်လှမ်းပစ်လိုက်သည်မှာ ဇာနည်မ ဟုတ်ချင်မှဟုတ်လိမ့်မည်။

"ဒီခြေရာနောက် လိုက်တာကောင်းမယ်"

သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ထိုခြေရာရှင်နောက် သဲကြီးမဲကြီး လိုက်ခဲ့ကြပြန်၏။ လူသတ်သမားကို အလွတ်မပေးလို၍ ဖြစ်ချေ၏။

ဇာနည်မ၏မိတ်ဆွေ ရသေ့ကိုသတ်လိုက်သော လူသတ်သမားနှင့် ယခု လမ်းပြစောကျော်ခင်နှင့်ကောင်လေးကို သတ်လိုက်သော လူသတ်သမားတစ်ယောက်တည်းများလေလား။ သို့ တစ်ယောက်တည်းဆိုပါလျှင် လူသတ်သမားသည် ဇာနည်မတော့ မဖြစ်နိုင်ချေပြီ။ ရသေ့အသတ်ခံရစဉ်က တောထဲတွင်ဖြစ်ပြီး သို့အချိန်တွင် ဇာနည်မသည် သုသာန်ဇရပ်တွင် ရှိနေသည်ပဲ။ သို့ပေမင့် တစ်ယောက်စီဖြစ်နေပါက ဇာနည်မကိုလည်း သင်္ကာမကင်းစာရင်းတွင် ထည့်ထားရပေဦးမည်။

"ဇာနည်မလိုလူမျိုးက လူသတ်ပါ့မလား"

တောတိုးသွားရင်း လင်းမြင့်လှိုင်က ဘာစိတ်ကူးပေါက်သွားလေသည် မသိ၊ ပြောလာလေ၏။

"အသေချာတော့ ပြောလို့ဘယ်ဖြစ်ပါ့မတုံး"

ကျွန်တော်က ပြောလိုက်၏။

သို့ဖြင့် ကျွန်တော်တို့သည် ချောင်းတစ်ခုသို့ ရောက်ကြ၏။

ချောင်းသည် ကျောက်ချောင်းဖြစ်၏။





"ရေသောက်ချင်တယ်ဗျာ၊ ခြေလေးလက်လေးလည်း ဆေးကြောချင်တယ်"

သို့ဖြစ်၍ ကျွန်တော်တို့သည် ချောင်း၏အောက်ဘက်သို့ လျှောက်ခဲ့ကြ၏။ ရေစီးအနည်းငယ်မျှဖြင့်သာ ချောင်းဘွင်ရှိနေ၏။ ချောင်း၏တစ်ဖက်ကမ်းနံဘေးမှ အနက် ခြေဖဝါးသာရှိ ရေကြည်လေး စီးဆင်းနေခြင်း ဖြစ်၏။

ကျွန်တော်တို့သည် ထိုရေစီးလေးနံဘေးမှ ကပ်လျှောက်ခဲ့ကြခြင်းဖြစ်၏။

ကျောက်ချောင်းဆိုပေမင့် ထိုရေစီးနှင့်ကပ်လျက်တွင် သဲနုမြေတို့ ရှိချေ၏။

"ဟာ... ကိုပိုက်ရေ၊ ကျွန်တော်တို့အတွက် အစာရပြီဗျို့"

သို့လင်းမြင့်လှိုင်က ပြောလေ၏။ သူ့လက်ထဲတွင် မည်သည့်စားစရာမျှ မတွေ့ပါချေ။ ခပ်လှမ်းလှမ်းတွင်လည်း သားကောင်ကို မတွေ့မိပါချေ။

"ဘယ်မတုံးဗျ"

"ဒီမယ်လေ"

လင်းမြင့်လှိုင်က သဲနုမြေတို့ကို ငုံ့ကြည့်ပြောလာ၏။

"ဟင်း ဟင်း၊ ဘာများလဲလို့၊ လိပ်ကောင်ပေပဲ"

သဲသောင်အောက်ခြေသို့ တိုးဝင်နေသော လိပ်ကောင်ဖြစ်ချေ၏။ ခရုလေးများကို ဖမ်းစားနေစဉ် ကျွန်တော်တို့ အသံကြားလေသည့်ကြောင့် သဲသောင်အတွင်း တိုးဝင်နေသော လိပ်ကောင်၏ သဲကျင်းတစ်ခုပင်ဖြစ်ချေ၏။

ဘီဝန်းလိပ်ဖြစ်ချေ၏။



www.burmeseclassic.com

www.burmeseclassic.com



တောင်လိပ်ထက်တော့ အသားပိုများ၏။

"ကိုလင်းရယ်... အလွှတ်ပေးလိုက်ပါ၊ သူ့လွှတ်မြောက်ဖို့ အတွက် ကြိုးစားတာပဲ၊ ဟဲ ဟဲ ဟဲ"

"ကျွန်တော်ကလည်း သက်သက်နောက်ပြောင်ပြောတာ ပါဗျူ၊ ကျွန်တော် ဒီလိပ်ကို မသတ်တော့ဘူးလို့ ဆုံးဖြတ်ထား တာပါ"

သို့ လင်းမြင့်လှိုင်က ပြောပေမင့် သဲသောင်အတွင်း တိုးဝင် နေသည့် လိပ်ကောင်ကို လက်ဖြင့်ကော်ထုတ်ကာ လိပ်ကောင်အား ရေစပ်တွင်း တွန်းပြန်ချလိုက်ပြန်၏။

"သွားဘာသာ သဲသောင်တိုးဝင်တာ ဝင်ပါစေဗျာ"

သို့ဖြင့် ကျွန်တော်တို့သည် ရှေ့ဆက်လျှောက်ခဲ့ကြပြန် ၏။

ကံအားလျော်စွာပင် ဒူးဆစ်သာသာ ရေအိုင်လေးတစ်ခုကို တွေ့ လိုက်ကြပြန်၏။

ကျောက်ချောင်းလည်း ဖြစ်၊ သဲသောင်လည်း ရှိသည် ကြောင့် ရေကြည်အိုင်လေး ဖြစ်နေခြင်းပင်။ ကျွန်တော်နှင့် လင်းမြင့် လှိုင်သည် ထိုရေအိုင်လေးမှ ရေကို လက်ခုပ်ဖြင့် ခပ်ယူသောက် လိုက်ကြ၏။ မျက်နှာသစ်လိုက်ကြ၏။ ကုပ်ပိုးကို ရေဆွတ် တဖြန်း ဖြန်းရိုက်လိုက်ကြ၏။ လန်းဆန်းသွားချေလေ၏။

ကျွန်တော်တို့သည် ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်သည် တွင် ချောင်းအတိုင်း လျှောက်သွားခြင်းမပြုလေတော့ဘဲ ချောင်းကမ်း ပေါ်သို့ တက်လိုက်ကြခြင်းဖြစ်၏။

ချောင်းကမ်းပေါ်တွင်မူ မျှင်ဝါးတောလေးရှိနေသည်ဆို





ပေမင့် အခက်အလက်သာ ဖြစ်ချေ၏။

ကျွန်တော်တို့သည် မျှင်ဝါးတောအတွင်း ဝိုးဝင်လိုက်ကြ သည်တွင် တောင်ကြောလယ်သို့ ရောက်သွားလေ၏။

အောက်ပေါင်းရှင်းသွားချေ၏။ သစ်ပင်လုံး ကြောင့်ရှည်များ ခပ်စိပ်စိပ်ပေါက်နေလေ၏။

မျဉ်းကတိုးပင်လတ်များ ဖြစ်ချေ၏။

ကျွန်တော်တို့သည် ထိုမျဉ်းကတိုးတောအင်း လျှောက်ခဲ့ ကြရာမှ မမျှော်လင့်ဘဲ မုတ်ဆိတ်ကိုတွေ့လိုက်ကြလေ၏။

ခပ်လှမ်းလှမ်းမှ ပြေးလာနေခြင်းဖြစ်၏ ကျွန်တော်တို့ ထံ ဦးတည်ပြေးလာနေသည်ဆိုပေမင့် ကျွန်တော်တို့ကို မြင်၍တော့ ဟုတ်ဟန်မတူ။ အသက်လုပြေးနေပုံပင်။ သို့ကြောင့် သူ့နောက် ဘယ်လိုသတ္တဝါကောင် လိုက်လာသည်သိလိုသဖြင့် မျှော်ကြည့် လိုက်လေ၏။

အလိုလေးဗျာ၊ စာနည်းမပါလား။

ဘယ့်နှယ် အားနည်းသည့် မိန်းကလေး တစ်ယောက်ကို ကြောက်လန့်တကြား အားကောင်းမောင်းသန်ကောင်ကျားကြီးက ပြေးလာရတယ်လို့။

စာနည်းမသည် သူ့လက်တွင်းရှိမြားဖြင့် ချိန်လိုက်၏။

"ကိုလင်း စာနည်းမက မုတ်ဆိတ်ကို လှမ်းပစ်တော့မယ် ဗျူ၊ မြန်မြန်ဟန့်တားစမ်းပါ"

ကျွန်တော်က သို့လင်းမြင့်လှိုင်ကို သတိပေးလိုက်၏ လက်တွင်းရှိ သေနတ်ဖြင့်လည်း ခြောက်လှန့်ပစ်ရန် ချိန်ရွယ်လိုက်သ ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဇာနည်မ မုန့်အောင်ပစ်နိုင်မယ် မထင်ပါဘူး"

လင်းမြင့်လှိုင်က ပြောလာပေမင့်...

"အား"

မုတ်ဆိတ်တစ်ယောက် ပြေးလွှားရင်းမှ လဲကျသွားသည်။ မှောက်လျက် လဲကျသွားခြင်း ဖြစ်ချေ၏။

အလိုလေးဗျာ၊ ကျောပြင်တွင် မြားတံစိုက်ဝင်နေပါရောလား။ ဇာနည်မကို လှမ်းကြည့်လိုက်၏။

ကျွန်တော်ထင်ထားသည်မှာ ဇာနည်မ ကျွန်တော်တို့ကို မြင်၍ လှည့်ပြေးသွားလိမ့်မည်ပေါ့၊ ယခုတော့ သို့မဟုတ်...။

လေးတိုင်းကို လက်မှကိုင်လျက်နှင့်ပင် ကျွန်တော်တို့ထံ လျှောက်လာနေလေ၏။

မုတ်ဆိတ်တစ်ယောက် မြေပြင်တွင် လူးလွန့်နေလေ၏။

ကျွန်တော်တို့ကို မြင်သွားပုံရ၏။ သို့ကြောင့်လားတော့ မသိ၊ အားကိုးတကြီးအကြည့်ဖြင့် ကြည့်နေလေ၏။

"ကိုပိုက် ဇာနည်မကို မျက်ခြည်တော့မပြတ် ကြည့်နေချေဗျာ"

လင်းမြင့်လှိုင်က သတိပေးလာ၏။

သို့ရှိစဉ် 'နောင် ဝေ ဝေ ဝေ' လို့ ကြေးစည်သံလေး သဲ့သဲ့ ကို ကြားလိုက်ရသဖြင့် နဘေးသို့လှမ်းကြည့်လိုက်ကြပြန်၏။

ရဇော့ဓမ္မပါလပါကလား။ ဘယ်ကနေ ဘယ်လိုရောက်လာရပါလိမ့်။

"ကိုလင်း ရဇော့က ကျွန်တော်တို့ကို မမြင်သေးဘူးဗျ"





ရဇော့ကို ကျွန်တော်က နောက်ဘက်က လှမ်းမြင်လိုက်လေခြင်းကြောင့် သို့ပြောလိုက်ခြင်းဖြစ်ချေ၏။

"ဟင်"

တကယ်တော့ ဇာနည်မသည် ကျွန်တော်တို့ကိုမြင်၍ တည့်တည့် မတ်မတ် လျှောက်လာနေခြင်းမဟုတ်၊ ရဇော့ရှိရာသို့ ဦးတည်သွားနေခြင်းပါလား။

ရဇော့သည်လည်း ကျွန်တော်တို့ကို မြင်ဟန်မတူ။ ဇာနည်မ ရှိရာသို့ တည်ငြိမ်သောခြေလှမ်းတို့ဖြင့် ဘုရားစာကို ရွတ်ဖတ်သွားနေခြင်း ဖြစ်လေ၏။

အလိုလေးဗျာ... ရဇော့နှင့်ဇာနည်မ ကိုက်ငါးဆယ်ခန့် အကွာတွင် ဇာနည်မသည် သူ့လက်မှကိုင်ထားသည့် လေးကိုင်းကို မြေသို့ ပစ်ချလိုက်သလို သူမသည်လည်း မြေပေါ်တွင် ဒူးထောက် ထိုင်ချလိုက်၏။

ရဇော့က လက်တွင်းမှကြေးစည်လေးကို 'နောင် ဝေ ဝေ ဝေ' လို့ မြည်အောင် ရိုက်ခတ်လိုက်ရင်း ရပ်နေလေ၏။

ဇာနည်မက ရဇော့ကို ဘာတွေပြောလေသည် မသိ၊ ပြီးနောက် ဦးချကန်တော့လိုက်ချေ၏။

"ကိုလင်း လာဗျာ၊ အဲဒီသွားကြစို့"

"နေပါဦး၊ ခဏလောက် စောင့်ကြည့်နေပါဦး"

သို့ကြောင့် ကျွန်တော်သည် ငြိမ်သက စွာ ရပ်လျက် ရဇော့နှင့် ဇာနည်မကို လှမ်းကြည့်နေလိုက်၏။ ရဇော့သည် ဇာနည်မ၏ ဦးခေါင်းကို လက်ဖြင့်သပ်လိုက်ပြီး ဒူးထောက်နေလျက်မှ ထစေ လိုက်ဟန်တူ၏။



www.burmeseclassic.com

www.burmeseclassic.com



ဇာနည်မှ မတ်တတ်ရပ်လာချေ၏။

"ယော… ရသေ့ကြီး ကျွန်တော်တို့ဆီ လှမ်းကြည့်နေလေပြီ"

"ရသေ့က ကျွန်တော်တို့ကို ရှိနေမှန်းသိနေတာပဲဗျ"

ရသေ့ကြီးရှေ့မှ ဇာနည်မကတော့မှ ကျွန်တော်တို့ကို ယခုမှ မြင်လိုက်ဟန်တူချေ၏။ ရသေ့နဲ့ ဘာပြောလိုက်လေသည် မသိ။

ရသေ့က ခေါင်းကိုခါယမ်းပြလိုက်ချေ၏။ သည်တော့ ဇာနည်မသည် ကျွန်တော်တို့ထံ ငေးမောကြည့်နေခြင်းသာ ရှိချေလေ၏။

ရသေ့က ခေါင်းဆတ်ခေါ်လေသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် နေရာမှ ထွက်သွားလိုက်ကြလေ၏။

ရသေ့ကြီးနားရောက်လေသည်မှ မုတ်ဆိတ်ကို သတိရလိုက်သဖြင့် လာရာလမ်းဘက် ပြန်လှည့်ကြည့်လိုက်၏။

မုတ်ဆိတ်တစ်ယောက် ကြောက်ကန်ကန်ပြီး ကုန်းရုန်းခုန်ထကာ နေရာမှ ပြေးထွက်သွားလေသဖြင့် ကျွန်တော့လက်တွင်းရှိ သေနတ်ဖြင့် လှမ်းချိန်ခြောက်လှန့်ပစ်ရန် စဉ်းစားလိုက်သည်နှင့်–

"သူ့ကြမ္မာသူ ဖန်တီးမှာပါ၊ လွှတ်ထားလိုက်ပါ"

ရသေ့ထံမှ သို့စကားကြားလိုက်သဖြင့် ရသေ့ကို တအံ့တသြ ကြည့်လိုက်လေ၏။

ဇာနည်မက မုတ်ဆိတ်ထွက်ပြေး လွတ်မြောက်သွားသည်ကို စိုးရိမ်ကြောင့်ကြနေပုံရချေ၏။

"အား"





မုတ်ဆိတ်တစ်ယောက် ကျွန်တော်တို့ မမြင်ကွယ်ရာချုံပုတ်တစ်ခုနောက်သို့ရောက်သွား ပျောက်သွားလေ၏။

"သူ ဘယ်ရောက်သွားပြီလဲ"

ကျွန်တော်က မေးလိုက်၏။

"သူ့ကြမ္မာ သူဖန်တီးဖို့ ပြေးသွားတာ"

ရသေ့က သို့သာပြောပြီး နေရာမှလှည့်ထွက်သွားသဖြင့် ကျွန်တော်သည် ရသေ့ကြီးကို အတော်လေးစိတ်ပျက်သွားရလေ၏။

"ဘယ်လိုပြောလိုက်တာတုံး ရသေ့ကြီးရယ်၊ အဲလို မုတ်ဆိတ်တစ်ယောက် ဒုက္ခကြီးနဲ့တွေ့မယ်ကိုသိလျှင်ဖြင့် တားဆီးလိုက်ပေါ့၊ နို့မဟုတ် ကျွန်တော်တို့ကို တားဆီးခိုင်းရောပေါ့"

သို့ကျွန်တော်က အလိုက်ကန်းဆိုးမသိ ပြောလိုက်၏။

ရသေ့က နောက်လှည့်ကြည့်လာချေပြီး…

"ရသေ့မယ် ရူစေ့ဝေဒနာကိုကြည့်ပြီး မခံစားချင်လို့ပေါ့၊ ဒီအချိန် ဒီအခါ သူသေသွားမယ်ကို ရသေ့သိနေပြီး ဘာလို့ ဝေဒနာပေးရဦးမှာတုံး၊ လူတိုင်းက သေနေ့စေ့လျှင် သေရမှာချည်းပဲလေ၊ သေခြင်းကို ဘယ်သူမှမဟန့်တားဝါဘူး၊ တကယ်တော့ သူ ခုလို ဝေဒနာ မခံစားရလော့ဘဲ သေသွားတာ မကောင်းပေဘူးလား၊ အကယ်၍ သူ ကံကုန်ချင်နေတာကို လှမ်းတားခေါ်မယ်ဆိုလျှင် သူ့ဝေဒနာကို ဆက်ပြီးဘယ်လောက်ကြာကြာ ခံစားနေဦးမယ် မသိဘူးလေ၊ သေမင်းက သူ့လက်တစ်ကမ်းမှာ ရှိနေပြီပဲ၊ ဒီတော့ ရသေ့မယ် အပြစ်ရှိနိုင်ပါမလား၊ ဒီသေမင်းကလည်း သူ့ကိုလာခေါ်တာလေ"

"မှားသွားပါတယ် ရသေ့ကြီး၊ ခွင့်လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သို့ ကျွန်တော်က တပျာကသီ တောင်းပန်လိုက်၏။

"အိမ်း" ဆိုလျက် ရသေ့သည် ဘုရားစာတစ်ပုဒ်ကို ရွတ်ဖတ်လိုက်ရင်း ခပ်လှမ်းလှမ်း အသင်အခြေသို့သွားလိုက်၏။

အသင်အခြေတွင် ထိုင်ချလိုက်ပြီးသည်နှင့် ဘုရားစာ ရွတ်ပြီးဆုံးပြီဖြစ်လေ၏။

လက်တွင်းရှိကြေးစည်လေးကို 'နောင် ဝေ ဝေ ဝေ' လို့ မြည်အောင် ရိုက်ခတ်လိုက်ချေ၏။ ဓာနည်မသည် ရုတ်ခြည်းဆိုသလို မုတ်ဆိတ်နောက် လိုက်ပြေးသွားလေသဖြင့်…

"ကိုလင်း အလွတ်မပေးနဲ့ဗျို၊ ဟန့်တားလိုက်ချေ"

ကျွန်တော်က လူသတ်သမား ဓာနည်မကို အလွတ်မပေးလိုသဖြင့် သို့ပြောလိုက်လေခြင်းဖြစ်၏။

"မိန်းမသားဖြစ်ပေမင့် ရဲဝံ့ပြတ်သားတဲ့ မိန်းကလေးပါ၊ ကိုပိုက်တို့လည်း သူ့နောက် လိုက်သွားကြချေပါ၊ ရသေ့ ဒီကနေ စောင့်နေမယ်"

"ကောင်းပါပြီ"

ဓာနည်မက ပြောလာလေသဖြင့်…

"တောင်းပန်ပါတယ်၊ ကျုပ်သွားမယ်"

"ဟင်… ဘယ်သွားမလို့တုံး၊ အဲလိုတော့ ကျွန်တော်တို့ ခွင့်မပြုနိုင် ဘူး"

လူသတ်သမားမှန်း သိသိကြီးနှင့် အလွတ်မပေးလိုသဖြင့် သို့ ကျွန်တော်က ပြောရင်း လက်တွင်းရှိသေနတ်ဖြင့် လှမ်းချိန်လိုက်လေ၏။

"ဟင်း ဟင်း ဟင်း ဟင်း၊ တော်က အင်မတန်ရယ်စရာ





ကောင်းသလို၊ အင်မတန်လည်း သနားစရာကောင်းတဲ့သူပဲ"

"ဘာဖြစ်လို့တုံး"

"လက်နက်မရှိတဲ့ မိန်းမသားတစ်ယောက်ကို သေနတ်နဲ့ ချိန်ရွယ်ပြီး ခြိမ်းခြောက်နေလို့ပဲ"

"ခင်ဗျား ထင်ချင်သလို ထင်ပါ၊ နို့ပေမင့်လို့ လုံးဝ အလွတ်မပေးနိုင်ဘူး၊ နိုင်ထက်စီးနင်းလုပ်တာတော့ မဟုတ်ဘူးဆိုတာ သိစေချင်တယ်"

"ကျုပ်ကို ဖမ်းတယ်ပေါ့"

"ဟုတ်တယ်"

"ရုက်ဖို့ကောင်းလိုက်တာ"

"ဘာ… ဘာပြောတယ်"

"သူများဖမ်းပြီးသား တရားခံကို နောက်မှရောက်လာပြီး သေနတ်ကြီးနဲ့ ဟန်ရေးပြသူရဲကောင်း ဝင်လုပ်နေလို့ပဲ"

"ဗျာ… ရှင်းအောင် ပြောပါလား"

"ရသေ့ကြီးက ကျုပ်ကို ချည်နှောင်ဖမ်းဆီးထားပြီးပြီ လေ"

အလိုလေးဗျာ၊ ဘာတွေလာပြောနေတာပါလိမ့်၊ ကျွန်တော် မရှင်းပါချေ။ သို့ကြောင့် လင်းမြင့်လှိုင်ကို ကြည့်လိုက်မိ၏။

လင်းမြင့်လှိုင်က ကျွန်တော့်ကို ပြုံးပြလာချပြီး ဓာနည်မ ဘက်သို့လှည့်ကာ…

"ကျုပ်တောင်းပန်ပါတယ်၊ သွားလို့ ရပြီ"

"ဟင်"

ကျွန်တော် လင်းမြင့်လှိုင်ကို နားမလည်နိုင်ပါလော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



လင်းမြင့်လှိုင်တစ်ယောက် ဇာနည်မ၏အလှတရားပေါ် တိမ်းညွတ်သွားလေပြီလား၊ ဘာလို့များ ဇာနည်မကို အလွှတ်ပေးလိုက်တာပါလိမ့်။

"ကိုလင်း"

သို့တော့ဖြင့် သတိပေးလိုက်၏။

"သွားဘာသာ သွားပါစေ"

"ဗျာ"

ဇာနည်မက လင်းမြင့်လှိုင်ကို ကျေးဇူးတင်စွာ ကြည့်လိုက်လေပြီး ကျွန်တော့ကိုတော့မှ သနားစရာသတ္တဝါပဲလို့ သဘောထားကြည့်ပြီး ရွဲ့ပြုံးလေးပြုံးပြ၊ နေရာမှထွက်သွားလေတော့၏။

"ကျွန်တော်တော့ ခွင့်မပြုနိုင်ဘူး"

လူသတ်သမားကို ကျွန်တော် အလွှတ်မပေးလိုပြီ၊ သို့ကြောင့် သူမ ထိုနေရာမှ ထွက်သွားမည်ဖြစ်၍ ကျွန်တော်က ရှေ့မှဟန့်တား သူ့ကို ဖမ်းချုပ်လေမည်အလုပ်တွင် လင်းမြင့်လှိုင်က ကပျာကသီ လက်ကို ဖမ်းဆွဲလိုက်ချေပြီး...

"သူ ရသေ့ဆီ သွားမှာပါ"

"ဗျာ"

ကျွန်တော် မည်သို့မျှ နားမလည်နိုင်ပါချေ။ သို့ကြောင့် လင်းမြင့်လှိုင်ကို အံ့သြတကြီးကြည့်နေမိလေ၏။

"ကိုပိုက် ဒါလေး လက်စဖြတ်လိုက်ကြစို့ဗျာ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ကျွန်တော့ထံ ဝီစကီပုလင်းပြားလေးကို လှမ်းပေးလာချေလေ၏။

ကျွန်တော် မည်သို့မျှ နားမလည်နိုင်လေမည့်အတူတူ





အရက်သောက်လိုက်ခြင်းဖြင့် စိတ်ကိုဖြေဖျောက်ရန် စဉ်းစားလိုက်၏။ လင်းမြင့်လှိုင်ကမ်းပေးလာသော အရက်ကို တစ်ငုံမော့သောက်လိုက်လေ၏။

သည်သို့ဖြင့် လင်းမြင့်လှိုင်နှင့်ကျွန်တော်သည် ပုလင်းပြားလေးအတွင်း သုံးပုံနှစ်ပုံခန့်ရှိ အရက်ကို တစ်ပြန်တခါလှည့် အပေးအယူ လုပ်သောက်လိုက်ကြလေ၏။ ကိုယ့်အတွေးနှင့်ကိုယ် ရှိလေသည်ကြောင့် တစ်ဦးကိုတစ်ဦး စကားမပြောဖြစ်ကြပါတော့ချေ။

"ကဲ... ကိုပိုက်ရေ၊ ကျွန်တော်တို့ ရသေ့ဆီသွားလိုက်ကြစို့"

"အလိုလေးဗျာ... ရသေ့ဘယ်မှာရှိတုံး မသိဘဲ ဘယ်လိုလုပ် သွားကြမှာတုံး"

သို့ ကျွန်တော်က မေးလိုက်၏။ သည်တွင် လင်းမြင့်လှိုင်က ပြုံးပြလာချေပြီး...

"အသေအချာ နားကို စွင့်ထားချေဗျာ"

သို့ဖြစ်၍ ကျွန်တော်သည် နားကိုစွင့်လိုက်ချေလေ၏။ ဟုတ်ပါ့။ ကြေးစည် သံသဲ့သဲ့ ကြားလိုက်ရ၏။ ကျွန်တော်တို့ ရှေ့တည့်တည့် တောင်ကြောစွယ်ပေါ်မှ ဖြစ်ချေလေ၏။

"ဒီတောင်ကမ်းကမြင်ရတဲ့ ဟော ဟိုကတောင်ကြောအတိုင်းသွားမယ်ဆိုလျှင်ဖြင့် ရသေ့ဆီရောက်ဖို့ အချိန်အတော် ပေးရမယ့်ပုံပဲဗျ"

သို့ဆိုသလို ကျွန်တော်သည် တောင်ကြောအောက် ချောင်ရှိရာသို့ ငုံ့ကြည့်လိုက်၏။

ဝါးဝင်သစ်ပင်တို့ ထိပ်ဖျားသာလျှင်တွေ့ရ၏၊ တောင်ချ



www.burmeseclassic.com

www.burmeseclassic.com



မြောင်ကိုတော့ဖြင့် လုံးဝမမြင်ရပါချေ။

သို့ဆိုတော့ တောင်ကြောမတ်စောက်သည် ဆိုရချိမ့်မည်။

"ကိုပိုက် အသေအချာ နားထောင်ချေဗျား၊ ကြေးစည်သံလေးက ဘယ်နားလောက် ရောက်သွားပြီလဲ"

ကျွန်တော် အစွမ်းကုန် နားကိုစွင့်ထားလိုက်၏။

ကြေးစည်သံလေးသည် နဂိုတောင်ကြောအလယ်လောက်မှ မဟုတ်ချေတော့ပေ၊ အသံကြားရခြင်းအားဖြင့် ရသေ့သည် ထိုတောင် ကြောပေါ်သို့ တရွေ့ရွေ့တက်သွားလေခြင်းဖြစ်၏။

ကျွန်တော် သဘောပေါက်သွားရချေပြီဖြစ်လေ၏။

ရသေ့သည် ထိုတောင်ကြောပေါ်သို့ တက်သွားခြင်းဖြစ်၏။ သို့ဆိုတော့ ကျွန်တော်တို့သာ သည်တောင်ကြောအတိုင်းဆက်၍ တောင်ကြောကြီးပေါ်မှတစ်ဆင့် ရသေ့ရှိလေသည့် တောင်ကြောစွယ်ကို ထိပ်တိုက်သွားနိုင်ပေလိမ့်မည်။

"ကိုပိုက် လာချေဗျာ၊ သွားကြစို့"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် တောင်ကြောစွယ်အပေါ်ဘက်ဆီသို့ တောတိုးသွားလေတော့၏။

ထိုတောင်ကြောစွယ်သည် အောက်ပေါင်းရှင်းသည်လည်း မဟုတ်၊ ရှုပ်သည်လည်းမဟုတ်။

ကျွန်တော်တို့ လျှောက်လမ်းတွင်ရှိ သစ်ပင်ကြီးတို့အထက်တွင် မျောက်ကောင်များ ရှိကြချေ၏။ ကျွန်တော်တို့ကို မြင်ပါန်တော့ဖြင့် မတူ။

"သွားရင်းလာရင်း တစ်ကောင်လောက်တော့ ပစ်ချလိုက်





မှ ထင်တယ်"

သို့ဆိုသလို ကျွန်တော်က လမ်းလျှောက်မပျက် ပြောလိုက်၏။

"ရသေ့ရဲ့ ကြေးစည်သံလေးကြားရတာ ကျွန်တော်တော့ ဘာပြောပြော အမဲပစ်ချင်စိတ်တော့ ကုန်သွားတာအမှန်ပေပဲဗျ"

"ကျွန်တော်ကလည်း သက်သက်မဲ့ပြောလိုက်တာပါ၊ တကယ်တမ်း ပစ်လိုစိတ်တော့မရှိပါဘူး"

သို့ဆိုသလို ကျွန်တော်ကလည်း ပြောလိုက်၏။

သို့ဖြင့် ကျွန်တော်တို့သည် တောင်ကြောမကြီးပေါ်သို့ ရောက်သွားကြ၏။ တောင်ကြောမကြီးတွင်း မြက်ရိုင်းပင်များဖြင့် ဖုံးလွှမ်းနေ၏။ ထိကရုံးပင်တို့လည်း ရှိကြ၏။ အပင်လတ် မှန်ပင်နှင့် အပင်ကြီးအင်ကြင်းပင်၊ ကျွန်းပင်တို့ တကျိုးတိုးကျဲကျဲ ရှိကြ၏။ နေရောင်ခြည်သည် တောင်ကြောမကြီးပေါ် ဖြာကျနေ၏။ တောခြောက်ကဲ့သို့ ဖြစ်သွားချေ၏။ လင်းလင်းထင်းထင်းတော့ ဖြစ်သွားချေ၏။

ကျွန်တော်တို့သည် တောင်ကြောအစပ်တွင်းရှိ ကျွန်းပင်ကြီး တစ်ပင်အောက်တွင် ခေတ္တမျှ ထိုင်လိုက်ကြ၏။

ကျွန်တော်တို့တက်လာသော တောင်ကြောစွယ်သည် မတ်စောက်စောက် ရှိလေသည်ကြောင့် ပင်ပန်းနွမ်းနယ်နေ၍ သို့နား လိုက်ရပေမင့် ကျွန်တော်တို့သည် ရသေ့ကြီးရှိလောက်မည့် တောင်ကြောစွယ်သို့ လှမ်းကဲကြည့်လိုက်ကြ၏။

ထိုတောင်ကြောစွယ် သစ်ပင်တို့တွင် ကျေးငှက်သရက်တာတို့ ရှိချေ၏။ နေ့လယ်ခင်းပင်ဖြစ်ငြား စီးကွက်ကောင်၏ အူညံသော



www.burmeseclassic.com

www.burmeseclassic.com



ဟစ်သံကို ကြားရသဖြင့် စိတ်ရှင်မိသေးတော့၏။

"တုတ် တုတ် တုတ် တုတ်"

ဘာသံပါလိမ့်၊ ကျွန်တော် နားစွင့်လိုက်၏။

"တတုတ်တုတ်နဲ့ ဘာသံလဲဗျ"

ကျွန်တော် မနေနိုင်၊ လင်းမြင့်လှိုင်ကို မေးလိုက်၏။

"သစ်တောက်ငှက်ရဲ့ အစာကောက်သံလေဗျာ"

"ဩော်..."

"ဟာ ဟာ ဟိုမယ် ဟိုမယ်"

ရသေ့ကြီးရှိလောက်သည့် တောင်ကြောစွယ်သို့ သတ္တဝါတစ်ကောင် ပြေးဆင်းသွားသည်ကြောင့် ကျွန်တော်သည် လက်တွင်းရှိ သေနတ်ကို ကပျာကသီကောက်ယူ လှမ်းထိုးချိန်လိုက်၏။

"ဘာကောင်တုံး"

"ကျားကောင်လား၊ ကျားသစ်ကောင်လား တစ်ခုခုပဲ"

"ဟင် နို့ဖြင့် အဲဒီတောင်ကြောစွယ်မယ် ရသေ့ရှိတယ် မဟုတ်လား၊ ရသေ့နဲ့ ထိပ်တိုက်တိုးရော့မပေါ့"

လင်းမြင့်လှိုင်က သို့ပြောရင်း နေရာမှထလိုက်၏။ ထိုသတ္တဝါကောင် ပြေးဆင်းသွားရာနောက် လိုက်သွားချေလေ၏။ ကျွန်တော် နောက်က လိုက်သွားလေ၏။

"နောင် ဝေ ဝေ ဝေ ဝေ"

အလိုလေးဗျာ၊ ကျွန်တော်တို့ ထိုတောင်ကြောစွယ်ထိပ်သို့ ရောက်သည်တွင် တောင်ကြောစွယ်သို့ ဆင်းလိုက်ကြမည့်အလုပ်တွင် သို့ဆိုသလို ကြေးစည်သံလေးကြားလိုက်သဖြင့် အားရဝမ်းသာ ဖြစ် သွားသည့်ဆိုပေမင့် စောစောက သားရဲကောင်တစ်ကောင်





တောင်ကြောစွယ်သို့ ပြေးဆင်းသွားသည် သိလိုက်သ ဖြင့် ရသေ့ကြီး အတွက် စိုးရိမ်မိလေတော့၏။ သို့ကြောင့် တောင်ကြောစွယ်အောက် ဆင်းလိုက်သွားကြလေ၏။

"ခွီးလ်"

"ခွီးလ်"

"ခွီးလ်"

"ဟာ... ကိုလင်း သားရဲကောင်၊ ရသေ့ကြီးနဲ့ ထိပ်တိုက် တွေ့နေပြီ ထင်တယ်၊ မာန်ဖီနေတယ်ဗျ၊ ဒါ မာန်ဖီသံပေပဲ၊ ကိုလင်း ကြားလား"

"ကြားတယ်"

"နို့ဖြင့် မြန်မြန်လျှောက်ချေဗျာ၊ ရသေ့ကို တွေ့မှဖြစ်မယ်"

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ရသေ့ကိုကူညီလိုသည် ဖြစ်၍ မည်သို့မျှ မစဉ်းစားတော့ဘဲ တောင်ကြောအောက်သို့ ပြေးဆင်းသွားကြလေ၏။

"အဝ"

ကျွန်တော် ဟပ်ထိုးလဲကျသွားလေ၏။

"ကိုပိုက် ဘာဖြစ်သွားသေးလဲ"

လင်းမြင့်လှိုင်က ကျွန်တော့ကို ဆွဲထူလ ချေ၏။

"နောင် ဝေ ဝေ ဝေ"

ဟင်... ကြေးစည်သံလေး နီးနီးကြားရ ပြောလား။

ကျွန်တော်လဲနေရာမှ မတ်တတ်ရပ်လ် သည်တွင် ကျွန်တော်တို့နှင့် ခပ်လှမ်းလှမ်းနေရာလောက်တွင် သေ့မွေ့ပါလ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသည်ကို တွေ့လိုက်ကြလေ၏။

"ဟူး"

"တော်ပါသေးရဲ့၊ ရသေ့ကြီး သားရဲကောင်နှင့်ထိမ်တိုက်မတိုးခဲ့ဘူး ထင်ပါရဲ့"

ရသေ့ကြီးသည် ကျွန်တော်တို့ထံ လျှောက်လာနေလေ၏။ ပါးစပ်မှ လည်း တလှုပ်လှုပ်ဖြင့် ဘုရားစာတွေ ရွတ်ဖတ်နေလေ၏။

"ရသေ့ကြီး ဆုံကြပြန်ပြီနော်"

"ရသေ့ကြီးနဲ့ ဆုံဖို့ပဲ တိုက်ပိုက်တိုလာကြတာပဲ မဟုတ်လား"

သို့ပြောပြီး ရသေ့ကြီးသည် လက်တွင်းရှိကြေးစည်လေးကို "နောင် ဝေ ဝေ ဆဲ" လို့ မြည်အောင် ရိုက်ခတ်လိုက်ပြန်လေ၏။

"ဝန်ခံပါတယ် ရသေ့ကြီးရယ်၊ နို့ဖြင့် မေးရပါဦးမယ်၊ ဓာနုည်မတစ်ယောက်များ မတွေ့ဆေဘူးလား၊ ရသေ့ကြီးဆီ ရောက်မလာဘူးလား"

လင်းမြင့်လှိုင်က မေးလိုက်ရင်း ရသေ့ကြီး နောက်ဘက်သို့ လှမ်းကဲကြည့်လိုက်ချေ၏။ ဓာနုည်မကို ရှာနေခြင်းဖြစ်၏။

ကျွန်တော်က လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်ကာ လှောင်ပြုံးလေး ပြုံးပြလိုက်၏။

ဓာနုည်မကို ယုံစားလွှတ်လိုက်ခြင်းအတွက် လင်းမြင့်လှိုင်နောင်တရပြီ မဟုတ်လားဆိုသည့် အဓိပ္ပာယ်ပါသော လှောင်ပြုံးလေး ဖြစ်ချေ၏။

"ကိုလင်းတာ လူကဲခတ်လွဲခဲ့ပါတယ်"

ရသေ့က သို့ပြောပြီး ကျွန်တော့ကို ကြည့်လာချေ၏။

"ဘာ… ဘာလို"





ကျွန်တော် မရှင်းသည့်ကြောင့် သို့မေးလိုက်၏။

"အော်… ကိုလင်းက ဓာနုည်မကို ယုံကြည်ပြီး လွှတ်ရုံမဆိုနိုင်ခဲ့ပေမင့် ရသေ့ဆီလာမယ် တွက်ပြီးလွှတ်လိုက်တယ်မဟုတ်လား"

"ဟုတ်တယ်လေ"

"ခုရောက်မလာဘူး မဟုတ်လား"

သို့ ကျွန်တော်က ပြောလိုက်၏။

"ရသေ့ဆီတော့ ရောက်မလာပါဘူး"

"ကဲ… ကိုလင်း၊ ဘယ်လိုလုပ်မတုံး ဓာနုည်မက ရသေ့ဆီ မလာပါဘူး၊ ထွက်ပြေးသွားပြီနေမပေ၊ ကိုလင်းကို ကျွန်တော် ပြောသားကလား၊ ဒီကောင်မလေးက ပေတာပတာပါ၊ နို့ပေမင့် အင်မတန် ကြောက်စရာကောင်းတယ်လေ ကျွန်တော်တို့သူ့ကို မနည်းပြန်ရှာရလိမ့်မယ် ထင်ပါရဲ့"

သို့ဆိုသလို ကျွန်တော်က အပြစ်မြင်ကာ ပြောလိုက်လေ၏။

သည်တစ်ခါ လင်းမြင့်လှိုင် အခက်တွေ့သွားပုံပင်၊ မျက်နှာသုန်မှုန်လို့ နေ၏။ သူ ယုံကြည်သလောက်၊ သူ့အပေါ် လိမ်ညာသွားသည့် ဓာနုည်မကို ဒေါသထွက်သွားနေဟန် ဖြစ်ခေ၏။

"ကျွန်တော်က သူ့ကိုလေးစားမိတာကိုး၊ ကျွန်တော်ကြုံဖူးတဲ့ လူသတ်သမားတွေရဲ့ ရဲရင့်တဲ့စိတ်ဓါတ်၊ ခေါက်ပြားဒီသတဲ့ စိတ်ဓါတ်တွေလိုပဲ မှတ်လိုက်မိတာပါဗျာ"

သို့ လင်းမြင့်လှိုင်က စိတ်မကောင်းဟန်ဖြင့် ပြောလေ၏။

ရသေ့ကြီးက လင်းမြင့်လှိုင်ကိုကြည့်ပြီး ပြုံး၍ ချေလေ၏



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီး၏အပြုံးသည် လှောင်ပြုံးတော့ဖြင့် မဟုတ်ပါချေ။ ကျေနပ်နှစ်သိမ့်အပြုံး ဖြစ်ချေ၏။

"ရသေ့ကြီး--- ကျွန်တော်တို့ကို ရှင်းပြပါဦး"

သို့ဆိုလျှက် လင်းမြင့်လှိုင်က ကပျာကယာမေးလိုက်သည်တွင်...

"ဘာရှင်းစရာ ရှိလို့တုံး"

ရသေ့ကြီးအမေးကြောင့် နောက်ပြန်လှည့်ကြည့်လာချေပြီး...

"လူသတ်သမားက ဓာနည်မကို သွားရှာနေတယ်လေ၊ အလွတ်ပေးလို့ မဖြစ်ဘူး"

"ဘာလဲ၊ ဓာနည်မက ပြောသွားလို့လား"

"အဲလိုဖြစ်နေတယ်လေ"

ရသေ့ကြီးက လင်းမြင့်လှိုင်ကိုကြည့်၍ ခေါင်းကိုခါယမ်းလိုက်ချေ၏။

"တကယ်တော့ ဓာနည်မက လေးစားထိုက်တဲ့ အမျိုးသမီးလေးပါကွာ၊ ကိုလင်းတို့ထင်သလို မဟုတ်ပါဘူး၊ သူ ရှိနေပါတယ်"

"ဗျာ"

"ဟင်"

"ဒို့ဖြင့် ဘယ်မှာတုံး"

"ရသေ့နေတဲ့ နေရာမယ်"

သို့ဆိုတော့ ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိ၏။





"လာ--- လိုက်ခဲ့ကြချေ"

"ဘာလဲ၊ ရသေ့ကြီးနဲ့တွေ့ပြီးပြီလား"

လင်းမြင့်လှိုင်က မေးလိုက်၏။

"ဟင့်အင်း"

"ဒို့ဖြင့်"

"သူ ရသေ့နေတဲ့ကျောင်းသင်္ခမ်းကို ဒါတယ်လေ"

"ရသေ့ကြီးကိုလည်း ပတ်သွားပြီထင်ဘယ်"

"ရသေ့တော့ အဲလိုမထင်မိပါဘူး"

"ဘာကြောင့်လဲ၊ သေချာရဲ့လား ရသေ့ကြီးရယ်"

လင်းမြင့်လှိုင်က မယုံရဲပြောလိုက်၏။

"သူ့ကိစ္စတွေ ပြီးပြတ်လျှင်ဖြင့် ရသေ့ကြီးဆီ အရောက်လာပါမယ်လို့ ကတိပေးသွားတယ်လေ"

"ဟင်း ဟင်း ဟင်း"

"အင်း"

"ကျွန်တော်တော့ မယုံဘူး၊ အင်းလေ .. ရသေ့ကြီးရဲ့ ယာယီကျောင်းသင်္ခမ်းကို သွားကြတာပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် ရသေ့ကြီးနောက် လိုက်သွားလေ၏။

ရသေ့ကြီးနောက် လိုက်သွားသည့်တွင် ဝမ်းတစ်ထွာထဲ လက်တစ်ကမ်းလောက်အတွက်တွင် သားကောင်ငယ်များကို တွေ့တွေ့နေရလေ၏။

သူတို့အတွက် အန္တရာယ်မရှိလောက်သည့်ငြင်း၍ ဖြစ်နိုးမည်။ တကယ်လည်း အန္တရာယ်မရှိနိုင်ချေပြီကို

www.burmeseclassic.com



ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သားကောင်လေးများကို မစ်ခတ်လိုစိတ် အလျှင်းမရှိချေပြီပဲ။ ရှိခဲ့ပါလျှင် ရသေ့ကြီးက ခွင့်ပြုလိမ့်မည်မဟုတ်ချေ။

"ကြည့်စမ်း... တောတိရစ္ဆာန်လေးတွေ ပျော်ရွှင်မြူးထူး သွားလာနေကြတယ်၊ သူတို့တွက် အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ ရှိနေပါလျှင်လည်း သူတို့ကြိုတင်သိကြလိမ့်မယ် မဟုတ်ဘူးနော်၊ ကျူးကျော်သူ၊ ရန်လိုသူဆိုတာတွေလည်း တွက်မိကြလိမ့်မယ် မဟုတ်ဘူး၊ ဘယ်လောက် ချစ်စရာကောင်းသလဲ၊ သနားစရာကောင်းသေးရဲ့၊ ဒါ သူတို့ကမ္ဘာလေး၊ လွတ်လွတ်လပ်လပ် နေကြတာပေါ့၊ ဒါကို လူတွေက ကျူးကျော်ရောက်လာပြီး သူတို့အသက်ကို ယူကြတာ၊ သူတို့အစာတွေကို နိုင်ထက်စီးနင်းယူကြတာ၊ ဖမ်းဆီး ကြတာ၊ လူသားတို့ အနိုင်းခံဘဝကို ပို့ကြတာ၊ အမျိုးမျိုး အသုံးချကြ တာ"

သို့ဆိုသဖို ရသေ့က လမ်းသွားရင်း ဆုံးမစကားပြော သွားချေ၏။

ဘယ်လိုကြောင့်ရယ်မသိ၊ မိမိကိုယ်မိမိ သိနေသလိုပင်၊

သို့ဖြင့် ကျွန်တော်တို့သည် ဝါးသုဉ်းတောတစ်ခုသို့ ရောက်လာကြ၏။

"ဝူးလ်"

"ဝူးလ်"

"ကျီးလ်" "ကျီလ်"

အလိုလေးဗျာ... ဝါးသုဉ်းတောအတွင်းမှ တောဆင်ရိုင်းတစ်ကောင်သည် ကျွန်တော်တို့ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်





လာပါရောလား၊ နှာမောင်းကိုလည်း ယမ်းကာပ မ်းကာလုပ်ရင်း အသံပြုလာချေ၏။

"ရသေ့ကြီး ဘယ်လိုတုံး၊ ခြောက်လှန့်ပင်လိုက်ရမလား"

ရသေ့ကြီးက ခေါင်းခါပြလာချေ၏။

"နို့ဖြင့် ရှောင်ပြေးကြရမှာပေါ့"

ခေါင်းခါပြလာပြန်၏။ ပြီး ရှေ့ဆက်လျှော က်သွားလေ၏။ ဆင် ကောင်ကြီး နှင့် ထိပ်တိုက်တိုးမေရော့မည်

"ဝူး"

တောဆင်ရိုင်းကြီးသည်လည်း ခပ်သွက်သွက်ခြေလှမ်းဖြင့် ဦးတည်နေလေသဖြင့်...

"ချောက်"

ကျွန်တော်က သေနတ်မောင်းကို တင်ပေါက်၏။

"ကိုပိုက် အဲလိုလုပ်စရာ မလိုပါဘူး"

လင်းမြင့်လှိုင်က ပြောလာချေ၏။

"ပြောလို့တော့ မရဘူးလေ"

ကျွန်တော်က ပြောလိုက်သည်တွင် ရသေ့မမှုပါလက ကျွန်တော့ထံ လှည့်ကြည့်လာချေပြီး

"စိုးရိမ်ကြောက်လန့်မှုဖြစ်နေတဲ့ ကိုပိုက်မ ည် အပြစ်မရှိပါဘူး၊ နို့ကြောင့် ကိုပိုက် ရသေ့နောက် မလိုက်ငှ သ ်ဖြင့်လည်း အတင်းလိုက်ခဲ့ပါ မပြောပါဘူး၊ ရှောင်ပြေးသွား ်ရပါတယ်၊ နို့ပေမင့် တောဆင်ရိုင်းကြီးကိုတော့ ပစ်လားခတ်လ း ခြောက်လှန့်လားတော့ မလုပ်ပါနဲ့"

ရသေ့မမှုပါလက သို့ပြောပြီး ရှေ့ဆက်သွ းသေး လင်း



www.burmeseclassic.com

www.burmeseclassic.com



မြင့်လှိုင်က ကျွန်တော့်ကို မကျေမနပ်ကြည့်လာချေ၏။

"ကျွန်တော်တော့ ရသေ့ကြီးကို ယုံတယ်၊ ရသေ့ကြီးနောက်ပဲ လိုက်မယ်ဆို လိုက်၊ ပြေးလျှင်ဖြင့်ပြေးချေ၊ အချိန်မီသေးတယ်"

သို့ပြောလေပြီး လင်းမြင့်လှိုင်သည် ရသေ့ကြီးနောက်လိုက်သွားချေလေ၏။

"ဟင်း"

ကျွန်တော် လွန်မင်းစွာ ရှက်မိလေ၏။

ဘာလို့များ သို့စိတ်ကူးဝင်မိပါလိမ့်။

လင်းမြင့်လှိုင်နှင့် ရသေ့ကြီး အတော်လှမ်းလှမ်းသို့ ရောက်သွားသည့်တိုင် ကျွန်တော် တွေဝေနေမိလေ၏။

ပြီးလေမှ လင်းမြင့်လှိုင်တို့နောက် ပြေးလိုက်သွားမိလေ၏။

ကျွန်တော်သည် သူတို့နောက်မှ ရပ်လိုက်သွားရင်းမှ ရှေ့ခပ် လှမ်းလှမ်းတွင်ရှိ တောဆင်ရိုင်းကောင်ကြီးကိုသာလျှင် မျက်ခြည် မပြတ် ကြည့်နေမိ၏။

"ကိုလင်း ဖြစ်ပါ့မလား"

စိုးရိမ်ထိတ်လန့်နေလေခြင်းကြောင့် မေးလိုက်မိပြန်၏။

"ကျွန်တော်တော့ ရသေ့ကိုယုံတယ်ဗျာ"

သို့သာ ပြော၏။ သေနတ်ကိုင်ထားသော ကျွန်တော့်လက်မှ ချွေးစေးတို့ ထွက်လာ၏။

ရသေ့က ရှေ့ဆက်သွားရင်း ဘုရားစာကိုရွတ်နေပုံ ရချေ၏။ အသံသဲ့သဲ့တော့ဖြင့် ကြားနေရ၏။ အတန်ကြာတွင် ရသေ့





သည် ဘုရားစာရွတ်ဖတ်ပြီး ဖြစ်ချိမ့်မည်။ လက်တုတ်ဝါးရဲ့ ကြေးစည်လေးကို "နောင် ဝေ ဝေ ဝေ ဝေ" လို့ မြည်အောင် ရိုက်ခတ်လိုက်ချေလေ၏။ အလိုလေးဗျာ... ကြေးစည်သံလွင်လွင်လေးကြောင့် တောဆင်ရိုင်းကောင်သည် နှာမောင်းကိုဝှေ့ယမ်းလိုက်ကာ ခေါင်းထိုမော့၍ "ဗူးလ်" လို့တောင် အော်ဟစ်လာချေ၏။

"ဘုရားရေ"

ကျွန်တော်တို့ကိုလည်း စူးစူးစိုက်စိုက်ကြည့်နေလေ၏။ အလိုလေးဗျာ... လှုပ်ခတ်နေသော နားရွက်ပြားကြီးနှစ်ရွက်သည် ငြိမ်သက်သွားချေ၏။ သို့ဆိုလျှင် တောဆင်ရိုင်းကြီး ဘိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ချိမ့်မည်။

ဖြစ်လိုရာဖြစ်၊ ကျွန်တော်သည် လက်တွင်းရှိ သေနတ်ဖြင့် ပစ်ရန် စိတ်ကူးလိုက်သည်တွင် တောဆင်ရိုင်းကောင်ကြီးသည် ကျွန်တော်နှင့် ဓားလွယ်ခုတ်လောက်ရှိနေရာသို့ ကမူးရှူးထိုး ပြေးသွားတော့လေ၏။

ဘယ်လိုကြောင့်ပါလိမ့်။

အလိုလေးဗျာ... ကျွန်တော်သည် တောဆင်ရိုင်းကောင်ကြီးကိုသာ အာရုံစိုက်ကြည့်နေလေခြင်းကြောင့် ကျွန်တော်နှင့် ဓားလွယ်ခုတ်လောက်တွင်ရှိ သားရဲကောင်သို့ သတိမထားမိခြင်း ဖြစ်လေ၏။

"ဝေါင်း"

"ဂျူလ်"

"ဂရူ ဂါး ဂရောင်း"

"ဂျီလ်"



www.burmeseclassic.com

www.burmeseclassic.com



သားရဲကျားကောင်ကြီးသည် တကယ်တော့ ကျွန်ုပ်တော်တို့ကို ထို နေရာချုံပုတ်တို့နောက်ကွယ်မှ ချောင်းမြောင်းနေခြင်းဖြစ်၏။ တော ဆင်ရိုင်းကောင်ကြီးက လျှပ်တစ်ပြက်ပြေးလွှား တိုက်ခိုက်လေခြင်း ဖြစ်သည်။

ကျားကောင်နှင့်ဆင်ကောင် သဲကြီးမဲကြီး တိုက်ခိုက်နေလေ၏။

တစ်တောလုံးဆူညံသွားလေ၏။ ကျွန်ုပ်တော် သို့ တိုက်ပွဲကို ယခုမှ ကြုံဖူးခြင်းဖြစ်၏။ သစ်တစ်ပင်နောက်ကွယ်သို့ သွားလိုက်ကာ ချောင်းမြောင်းကြည့်နေလိုက်၏။

"ကိုမိုက် ကိုယ့်တိစွ ကိုယ်လုပ်ပါ"

ရသေ့က သို့သာ ပြော၏။ ထိုနေရာလေးမှ လှည့်ထွက်သွားလေ၏။ သို့ကြောင့် ကျွန်ုပ်တော်သည်လည်း ရသေ့နောက် လင်းမြင့်လှိုင်နှင့် လိုက်သွားရပြန်၏။

သို့ဖြင့် ကျွန်ုပ်တော်တို့သည် ဝါးတောကိုလွန်၍ ဝါးတောနံဘေးမှ ကွေ့ကာပတ်ကာ ဖြတ်စီးဆင်းသွားသည့် စမ်းချောင်းလေးတစ်ခုသို့ ရောက်လာလေ၏။ သို့စမ်းချောင်းလေးတွင် ရေသောက်လိုက်ကြ၏။

ရသေ့သည် ကျွန်ုပ်တော်နှင့်လင်းမြင့်လှိုင် စမ်းချောင်းရေသောက်ရင်း၊ ချက်နှာသစ် ကိုယ်လက်သန့်စင်ရင်းရှိကြစဉ် သစ်တစ်ပင်အောက်တွင် ထိုင်နေသည်ကို သိလိုက်၏။

"ရသေ့ကြီးစခန်းတဲက ဝေးလောက်တယ်ထင်ရဲ"

"ဝေးသည်နီးသည်ဖြစ်စေ လိုက်သွားရမှာပဲ"

သို့ရှိစဉ်…





"ဟာ ဟိုမယ် ကိုလင်း"

စမ်းချောင်းလေးအထက်ဘက်မှ ရေနှင့်အတူ မျောပါလာသည့် သစ်ခွမ်းခက်လေးကို ကျွန်ုပ်တော်က လှမ်းကြည့်၊ အော်ရင်းပြလိုက်၏။

လင်းမြင့်လှိုင်က ပြုံးလာချေပြီး–

"ဓာနုညီမက မိန်းကလေးပေပဲ၊ ပန်းတော့ ကြိုက်ရှာသားပဲ"

သို့ ပြောလာသဖြင့်–

ကျွန်ုပ်တော် လင်းမြင့်လှိုင်ကို အံ့သြတကြီးကြည့်မိ၏။

"ကိုလင်း ဘာတွေပြောနေတာတုံး"

"ဓာနုညီမနဲ့ တွေ့ရတော့မယ်"

"ဘယ်လို"

"ဓာနုညီမက မိန်းမသားဖြစ်ပြီး ယောကျ်ားသားတွေဖြစ်လျက် မိန်းမ ဆန်လွန်းတဲ့ ယောကျ်ားတွေထက် အများကြီးလေးစားဖို့ ကောင်းတယ်ဗျို့"

"ကိုလင်းဆိုလိုချင်တာက ဓာနုညီမ ရသေ့တဲမှာ ရှိနေတယ်ပေါ့"

"ဒါပေါ့"

"နို့ဖြင့် ရသေ့ကြီးတဲသင်္ခမ်းကျောင်းက ဒီစမ်းချောင်းလေး အထက်မှာပေါ့"

"ကိုမိုက်တို့သွားကြတော့၊ ရသေ့ ဒ်ီနယ် ရှိနေတယ်"

"ဟင်"

ရသေ့ တင်ပျဉ်ခွေထိုင်၍ တရားကျ နေ၏ ဖြင်းလင်းရင်း

www.burmeseclassic.com



ပြောလာလေသဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် စမ်းချောင်းလေးအတိုင်း အထက်သို့ တက်သွားလိုက်ကြလေ၏။ ရသေ့နှင့် အတန်ငယ်လှမ်းပြီး စမ်းချောင်းလေးအထက် အတန်ငယ်လျှောက်မိသည့်တွင် မမျှော်လင့်ဘဲ ဇာနည်မကို တွေ့လိုက်ရကြလေ၏။

သူ့လက်ထဲတွင် သစ်ခွပန်းခက်များ တွေ့ရချေ၏။

ကျွန်တော်တို့နှင့် သူမဆောဆောပိုင်းက တွေ့ခဲ့မြင်ခဲ့သော ဇာနည်မပုံစံနှင့် လုံးဝဆန့်ကျင်ဘက် ဖြစ်နေပါရောလား၊ မိန်းမပီသစွာ ရပ်လျက် ရှိနေချေ၏။ သူ့လက်ထဲတွင် လေးကိုင်းကိုင်ထားခြင်းထက် ပန်းခက်တို့ ကိုင်ထားပုံသည် ကွဲပြားကြည်နူးဖွယ် ကောင်းလှန်းချေလေ၏။

သားသတ်မုဆိုးမလေး ဇာနည်မ ဟုတ်ပါရဲ့လားလို့ပင် ထင်ရ၏။

ကျွန်တော်တို့ကို ပြုံးပြလာချေ၏။

"ဇာနည်မ ပန်းကြိုက်သားကလား"

"ကျုပ်က မိန်းမတစ်ယောက်လေ"

"ကဲ လာကြချေ၊ ဘာမှမစားရသေးဘူး မဟုတ်လား"

သို့ဖြင့် ကျွန်တော်တို့သည် ဇာနည်မ ဦးဆောင်မှုဖြင့် စမ်းချောင်းလေးနှင့် မဝေးလောက်သောမြေပြင်နေရာလေးတွင်ရှိ တဲတစ်လုံးဆီသို့ ရောက်သွားကြလေ၏။

တဲပေါ်တွင် ငှက်ပျောသီးများ ရှိနေချေ၏။

"ကဲ… ကဲ… စားကြချေ။ ဒီငှက်ပျောသီးပဲ စားရမှာနော်"

ဇာနည်မက ကျွန်တော်တို့ကို ရသေ့ကြီးနှင့်တရင်းတနှီး



ရှိလေခြင်းကို မသိလေသဖြင့် သို့ပြောလာခြင်းဖြစ်၏။

"ရသေ့ကြီးက အသားစားတာ မကြိုက်ဘူး၊ သူကိုယ်၌ကလည်း သစ်သီးပဲ စားတယ်၊ တော်တို့နှစ်ယောက် မသနတ်ကြီးတွေကို ဘေးချထားကြစမ်းပါ"

ဟင်း၊ ဟင်း၊ ကျွန်တော် ဇာနည်မကို သဘောကျမိလေတော့၏။

ယဉ်ကျေးသိမ်မွေ့ နေပါရောလား၊ သူ့ကိုယ်သူ လူသတ်သမားရယ်လို့ မေ့ထားလေပြီးလား။ မေ့နေပြီလား။ မည်သို့ပင်ဖြစ်စေ၊ သူမကို လူသတ်မှုဖြင့် ခေါ်သွားရပေမည်။ သို့ကြောင့် သူမကို သနားလည်း သနား၏။ စိတ်မကောင်းစွာ ကြည့်နေမိလေ၏။

ကျွန်တော်၏ ကရုဏာအကြည့်ကို ရိပ်မိသွားဟန်တူသည့် ဇာနည်မက စူးစူးရဲရဲကြည့်လာချေပြီး…

"ကျုပ်ကို တော်တို့ လူသတ်မှုနဲ့ဖမ်းရမှာ သနားနေကြပုံပဲ"

အဲလိုလေးဗျာ… ဇာနည်မ အကင်းပါးလှချည်လား။

"အဲလို မဟုတ်ပါဘူး"

"ကျုပ်ကို မနစ်သိမ့်ချင်စမ်းပါနဲ့၊ ကျုပ်လည်း တောတောင် ထဲ နေရတာ ငြီးငွေ့ပါပြီ။ ပြီးတော့ ကျုပ်အစ်ကိုလည်း မရှိတော့ဘူး၊ ကျုပ်အစ်ကိုရဲ့သူငယ်ချင်း ရသေ့လည်းမရှိတော့ဘူး၊ တော်စွာလည်း မရှိတော့ဘူး၊ ကျုပ်လည်း ရှင်းရှင်းပြောရလျှင်ဖြင့် ဒီတော ဒီတောင် ထဲ လုံးဝမနေချင်တော့ဘူး၊ မနေသင့်တော့ဘူး ထင်တယ်"

"နို့ဖြင့် မုတ်ဆိတ်တစ်ယောက်ရော သူ့ကို ဘာ သိလဲ

www.burmeseclassic.com



လား"

"မှတ်ဆိတ် ဟုတ်လား၊ အင်း… မှတ်ဆိတ်ကတော့ သူ့သဘောသူ ဆောင်ပါလိမ့်မယ်"

"ဘာရယ်"

"ကျုပ် တော်တို့နဲ့ လိုက်ပါခဲ့မယ်ဆိုလျှင်ဖြင့် ဒီတော ဒီတောင်ထဲမယ် ရသေ့ကြီးကလွဲ၍ လူသားရယ်လို့ ဘယ်သူမှ မရှိတော့ဘူး"

"ဗျာ"

"ဟင်"

"မှတ်ဆိတ်တစ်ယောက် ရှိနေဦးမှာပါ၊ ပြီးတော့ သူက အနည်းငယ်မနဲ့ ဘယ်လိုပတ်သက်သလဲ၊ ကျော်စွာနဲ့ရော ဘယ်လိုပတ်သက်လဲ"

"တော်တို့တွေ သိချင်တာတွေ ကျုပ်ပြောမှ သိကြမှာလား"

"အဲလိုပဲ ဖြစ်နေတယ်"

လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးပေါ်ရုံပြုံး၍ ပြောလိုက်လေ၏။

"ဟင်း ဟင်း ဟင်း၊ နို့ဖြင့်လည်း ပြောရမှာပေါ့၊ လော လောဆယ်တော့ ငှက်ပျောသီးစားကြချေဦး"

သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ငှက်ပျောသီးတို့ကို အားပါးတရ စားလိုက်ကြ၏။ ပင်မှည့်သီးများဖြစ်ခြင်း၊ ဖီးကြမ်းသီးများဖြစ်ခြင်းကြောင့် ချဉ်ပြုံးပြုံးလေးနှင့် ချိုလွန်းလှချေ၏။ ရင်ကိုလည်း အေးမြသွားစေ၏။





"ဒီငှက်ပျောသီးရဲ့ အပင်တွေက ဟိုးခင်လှမ်းလှမ်းမှာ ရှိတယ်၊ သဘာဝပေါက်နေတာဆိုပေမင့် ခုတော့ ပိုင်ရှင်ရှိသွားပြီ"

"ဘယ်လို၊ ဘယ်သူ့တုံး"

"မှတ်ဆိတ်"

"မရှင်းဘူး ရှင်းအောင် ပြောပါလား"

"စားသောက်ပြီး လိုက်ခဲ့ကြချေ"

သို့ဖြစ်၍ ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ဘေးသည်မနောက် လိုက် သွားကြရပြန်၏။ သူမပြောသော ငှက်ပျောတောသို့ ရောက်ခဲ့ကြ ၏။

"အလိုလေးဗျာ၊ ကောင်းလိုက်တဲ့ငှက်ပျောတော၊ အုပ်အုပ်ဆိုင်းဆိုင်းနှင့် ရှိနေပါရောလား"

မျောက်ကောင်တို့ လူတို့ရောက်လာသဖြင့် ပြေးလွှား သွားကြ၏။

ကျေးငှက်တို့ ဆူညံစွာမြည်နေကြချေ၏။

ကျွန်တော်တို့ ငှက်ပျောတောအစပ်သို့ ရောက်သည်တွင်… အလိုလေးဗျာ… ။

မြေပုံမို့မို့လေးတွင် မှတ်တိုင်တစ်ခုစိုက်ထား၏။

"ဒါ… ဒါ"

"ဟုတ်တယ်၊ ဒီမြေပုံက မှတ်ဆိတ်ရဲ့မြေပုံပဲ"

"ဗျာ"

"ဘယ်လို"

"မှတ်ဆိတ်ကို မြှုပ်နှံထားတာလေ"

"နို့ဖြင့် သူ ဘာကြောင့်သေရတာတုံး၊ အနည်းငယ်မ



www.burmeseclassic.com

www.burmeseclassic.com



လက်ချက်တော့ မဟုတ်လောက်ဘူးထင်ပါနော်"

သို့ ကျွန်တော်က မေးလိုက်၏။

ဓာနည်မပြောလာသည့် စကားသံကိုလည်း ရင်တထိတ်ထိတ်ဖြင့် နားစွင့်နေလိုက်၏။

"သူ ငှက်ပျောသီးကို သိပ်ကြိုက်တာ၊ ငှက်ပျောတောမယ်ပုန်းအောင်းနေတယ်၊ တကယ်တော့ ကျုပ် သူ့ကိုသတ်ဖို့ လိုက်ရှာခဲ့တာပဲ၊ နို့ပေမင့်..."

သို့ပြောပြီး ဓာနည်မက မုတ်ဆိတ်မွေးပုံကို တွေဝေကြည့်နေလေ၏။

"ပြောပါဦး၊ ဓာနည်မ မသတ်ပါဘူးနော်"

သူမ ခေါင်းကိုခါယမ်းပြလာချေ၏။

"နို့ဖြင့်"

"တောကြီးမြေ့ဟောက် ကိုက်ခံလိုက်ရတာ"

"မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး"

လင်းမြင့်လှိုင်က သို့အော်ဟစ်ပြောလာချေ၏။

"ဓာနည်မ သတ်လိုက်တာပဲမဟုတ်လား၊ ဝန်ခံစမ်းပါ တစ်တက်စားလည်း ကြက်သွန်ပဲ၊ နှစ်တက်စားလည်း ကြက်သွန်ပါပဲ၊ ဟုတ်တယ်မလား"

သို့ပြောလာသည့် လင်းမြင့်လှိုင်ကို ဓာနည်မက မကျေမနပ်ကြည့်ရင်း-

"ကျုပ်ကို အထင်သေးစေအား နောက်ဘယ်တော့မှ မပြောပါနဲ့တော့၊ ကျုပ်ပြောပြီး မဟုတ်လား၊ ကျုပ်သတ်တာ မဟုတ်ဘူး၊ မြွေကိုက်ခံရတာ"





"မယုံဘူး"

"ယုံလိုက်ပါ"

"ဟင်"

"အာ"

ရသေ့ ကျွန်တော်တို့နောက် ဘယ်အချိန်က ရောက်နေလေသည် မသိပါချေ။

သို့ဆိုတော့ လင်းမြင့်လှိုင်က ဓာနည်မကို စေ့စေ့ကြည့်ပြီး-

"တောင်းပန်ပါတယ်" လို့ ပြောလိုက်ရချေလေ၏။

"ကဲ... ကိုမိုက်တို့၊ သွားကြစို့"

"ဘယ်တုံး"

"ကျောင်းသခ်မ်းတဲကိုလေ၊ အဲဒီက မှ အကြောင်းစုံ ပြောပြကြတာပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် ရသေ့၏ကျောင်းသခ်မ်းတို့ ရောက်ခဲ့ကြလေ၏။

"ကဲ ဓာနည်မ၊ သူတို့ကို ညည်းအကြောင်း ပြောပြလိုက်လေ..."

ရသေ့က ဓာနည်မကို ပြောလိုက်သည်ဟုင်...

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဝှစ်"

လေကိုခွင်း၍ မြားတံတစ်ချောင်းသည် သစ်ပင်ထက်ဆီသို့ တိုးထွက်သွားချေ၏။

"ဒွတ်"

"အွန့်"

မျောက်မြီးရှည်တစ်ကောင်သည် သစ်ပင်ထက်မှ ပြုတ်ကျလာချေလေ၏။

"ဝှစ်"

သို့ဆိုသလို နောက်ထပ် မြားတံတစ်ချောင်းသည် ပြုတ်ကျလာသော မျောက်ကောင် လေထဲမှာပင်ရှိစဉ် ထိမိစိုက်ဝင်လာချေလေ၏။

"ဘုတ်"

အလိုလေးဗျာ၊ မျောက်ကောင် မြေပြင်တွင် လုံးဝလှုပ်ရှားနိုင်စွမ်း မရှိပါတော့ချေ။ မျောက်ကောင်၏ဘယ်ဘက်ရင်အုံတွင် မြားတံတစ်ချောင်း၊ ညာဘက်ရင်အုံတွင် မြားတံတစ်ချောင်း စိုက်ဝင်နေပါရောလား။





"တောက်"

ဇာနည်မက နောက်သို့လှည့်ကြည့်လိုက်၏။ တောက်တစ်ချက်လည်း ခတ်လိုက်ချေ၏။

"ဟင်း ဟင်း ဟင်း ဟင်း"

နောက်လှည့်ကြည့်လာသော ဇာနည်မဟ်သို့ ခြေမသန်သောလူငယ်တစ်ယောက်က သို့နှယ် ရယ်သွမ်းသေ့း၍ လျှောက်လာချေ၏။

"နင် ဒါဘာလုပ်တာတုံး"

ဇာနည်မက မကျေမနပ်မေးလိုက်၏။

"ဟာ ဘာလုပ်ရမှာတုံး၊ ငါ မျောက်ပစ်တာလေ"

"နင် ငါပစ်ချလိုက်တဲ့မျောက်ကို နောက်မှပစ်လာတာပဲ"

ဇာနည်မက မကျေမနပ်ပြောလိုက်၏။

"ငါလည်း မျောက်ကို အလျှင်မြင်တာပဲ"

"ငါ အလျှင်မြင်လို့ ငါအလျှင်ပစ်လိုက်ရတာ ဟဲ့"

"အေးလေ၊ မျောက်ကောင်က နင့်လက်ထဲမရောက်သေးတဲ့အပြင် မြေပေါ်တောင် ကျမလာသေးဘူးလေ ဒီတော့ ငါကလည်း လျှပ်တစ်ပြက်ပစ်လိုက်တာပေါ့၊ ကြည့်လေ၊ ဘယ်ဘက်ရင်အုံက မြားတံက ငါပစ်လိုက်တာ"

"ညာဘက်က ငါပစ်တာ"

"အေး… ဟုတ်လိမ့်မယ်၊ နို့ပေမင့် ညာဘက်ရင်အုံမယ် နှလုံးမရှိဘူးလေ၊ ဒီတော့ မျောက်က သေမသွားနိုင်ဘူး ထွက်ပြေးလွတ်မြောက်နိုင်တယ်လေ၊ နို့ကြောင့် ငါက နှလုံးရှိတဲ့ ဘယ်ဘက်ရင်အုံကို ပစ်လိုက်တာပဲပေါ့၊ ငါဒီလောက်ပြောပြတာ နင်



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်နိုင်ပါလိမ့်မယ်၊ ဟဲ ဟဲ၊ ဒီတော့ ဒီမျောက်ကောင်ကို နင်နဲ့ ငါ ခွဲယူကြရလိမ့်မယ်"

"ဟင်"

သို့ဆိုတော့ ဓာနည်မတစ်ယောက် ကျော်စွာဆိုသည့် ခြေမသန်သည့်ကောင်လေးကို မကျေမနပ်ဖြစ်သွားချေလေ၏။

"ဟွန်း ဟုတ်ပါပြီ၊ ဒီမျောက်ကောင်ကို ငါမယူတော့ဘူး၊ နင်သာ ယူလိုက်တော့၊ ငါ့ဘာသာ တခြားသွားပစ်ချေတော့မယ်"

သို့ဆိုလျက် ဓာနည်မသည် ထိုနေရာလေးမှ လှည့်ထွက်ခဲ့ချေတော့၏။

"ဟားဟားဟားဟား၊ ဟားဟားဟားဟား၊ ဟားဟားဟားဟား"

ခြေမသန်ကျော်စွာတစ်ယောက် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ချေလေ၏။ ပြီး...

"ရှီးလ်" လို့ လက်ခေါက်မှုတ်လိုက်ချေ၏။

သူ့လက်ခေါက်သံကြောင့် ခပ်လှမ်းလှမ်းချုံပုတ်နွယ်ပင်နောက်ကွယ် မှ အရပ်ထောင်ထောင်မောင်းမောင်း မုတ်ဆိတ်၊ ပါးမြိုင်းဗရပျစ်နှင့် လူတစ်ယောက် ပြေးထွက်လာချေလေ၏။

"ပြန်ကြမယ်၊ အဲဒီမျောက်ကို ယူခဲ့ချေ"

"သခင်လေးကို ဓာနည်မက အတော်ကမ်းလေး ဒေါသထွက်သွားမှာပဲနော်၊ ပြီးတော့ ဒီမျောက်ကို မယူတော့ဘူးဆိုတော့ကာ သူ့အစ်ကိုအတွက် သူ သားကောင်တစ်ကောင် ထပ်ရှာရဦးတော့မပေါ့"





"ဒါပေါ့ မုတ်ဆိတ်ရယ်၊ ကဲ ကဲ သွားမယ်"

သို့ဆိုတော့ မုတ်ဆိတ်ဆိုသူသည် ကျော်စွာ၏ရှေ့တွင် ဒူးထောက် ရိုးကျိုးစွာ ထိုင်လိုက်လေ၏။

သည့်တွင် ကျော်စွာက မုတ်ဆိတ်ဆိုသူ၏ ပခုံးထက်သို့ ခွတက်လိုက်ချေလေ၏။

မုတ်ဆိတ်သည် ကျော်စွာကိုလည်း ထမ်းပိုးရင်း မျောက်သေကိုလည်း ဆွဲပိုက်ယူလာချေလေ၏။

ဓာနည်မတစ်ယောက် ဒေါသအမျက်ထွက်နေရသည့်ကြောင့် တောတိုးလျှောက်ခဲ့သည်မှာ ဘယ်ရောက်လို့ ရောက်မှန်းပင် မသိပါတော့ချေ။ အချိန်လည်း မနည်းလေပြီ။

သို့တောတိုးလျှောက်ခဲ့ရာမှ သစ်တစ်ပင်ပေါက်မှ ငှက်တစ်ကောင်ကို လှမ်းတွေ့လိုက်ချေ၏။

မည်သို့ပင်ဖြစ်စေ၊ လုံးဝ စားစရာမပါသည့်ထက် စာလျှင်တော်သေး၏ဟုတွက်ကာ ငှက်ကောင်ကို ပစ်ခတ်ရန်အလို့ငှာ ရပ်တန့်လိုက်လေပြီး မြားဖြင့် လှမ်းချိန်လိုက်လေ၏။ ငှက်ကောင်က အကြီးသားကလား၊ မှန်း ဟုတ်ပြီ သိမ်းငှက်ကြီးပေပဲ၊ သို့ သူမြားတံဖြင့် ချိန်ရွယ်နေသည့် သိမ်းငှက်ကောင်သည် အန္တရာယ်ကိုကြိုသိ၍လားတော့မသိ။ နေရာမှ ရုတ်ခြည်းပျံသန်းသွားလေ၏။

"ဟာ"

"စုတ်"

ဓာနည်မက သလွှတ်မပေးပါချေ။ လျှပ်တပြက် ပစ်လိုက်ချေလေ၏။ သိမ်းငှက်ကောင် မြားတန်းလန်းနှင့် မြေပြင်သို့ကျလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မောင်နှမနှစ်ယောက်အတွက် ညနေစာတော့ အဆင်ပြေလောက်ချေပြီ၊ ဇာနည်မသည် ငှက်ကောင်ကို ကောက်၍ လာလမ်းအတိုင်း ပြန်ခဲ့ချေလေ၏။

"ညီမလေး သိမ်းငှက်ပဲ ရခဲ့တာလား"

သို့မှစ၍ ဇာနည်မက အစ်ကိုဖြစ်သူအား ကျော်စွာနှင့် ဆုံခဲ့ပုံ၊ ပြဿနာဖြစ်ခဲ့ပုံကို ပြောပြလိုက်၏။

"တောက်"

"ငါ့ညီမလေးကို မိန်းမသားတစ်ယောက်ဆိုပြီး နိုင်ထက်စီးနင်း လုပ်တယ်"

သို့ အစ်ကိုဖြစ်သူက မကျေမနပ် ပြောလေ၏။ သူက ခစွမ်းမသန်ပေပဲ၊ ညီမလေးက ပါးတစ်ချက်ရိုက်လိုက်ရောပေါ့"

"အင်း… သူတစ်ယောက်တည်းဆိုလျှင်ဖြင့် ညီမလေး လက်ဝါးက ပါးမရွေးပါဘူး၊ နို့ပေမင့် သူ့မှတ်ဝန်းကျင်မယ် မုတ်ဆိတ်ရှိတယ်လေ၊ ကိုကိုလည်း အသိပဲမဟုတ်လား"

"အင်း… နို့လည်းဟုတ်သားပဲ၊ ဒီမစွမ်းမသန်က မုတ်ဆိတ်အားကိုးနဲ့ နေရတာပဲ၊ အင်းလေ… ငါနဲ့ တစ်နေ့တော့ ထိပ်တိုက်တွေ့ကြရဦးမှာပဲ။ ဒီတော့မှ ကောင်းကောင်း မညာပေးလိုက်ချဦးမယ်"

သို့ သူကြိမ်းဝါးသလို နောက်တစ်ပတ်ခန့်အကြာတွင် မစွမ်းမသန်ကျော်စွာနှင့် သူ ထိပ်တိုက်တွေ့လာလေတော့၏။

"ဟွန့်"

ကျော်စွာတစ်ယောက် ချုံပုတ်ဝင် နောက်ကွယ်မှနေ၍ သားကောင်ကို ချောင်းမြောင်းနေလေ၏။ သို့ကြောင့် သူသည်





ကျော်စွာ၏လှုပ်ရှားမှုကို သတိမကောင်းအကြည့်ဖြင့် အသာရပ်ကြည့်နေလိုက်၏။

ကျော်စွာတစ်ယောက် သားကောင်ကို ပစ်ဖို့ရာ လေးကြိုးကို ဆွဲလိုက်၏။

"အားပါး"

လေးကိုင်းအဖော်ကလေး ကွေးညွှတ်သွား၏။

မြားတံအမြီးဖျားကို လက်သြုံးလက်မဖြင့် ပူးကပ်ဆွဲထားသည့် သူ့လက်သို့ တစ်စုံတစ်ရာသောအရာက ထိခတ်လာချေသဖြင့် မြားတံ သားကောင်နှင့် လွဲချော်သွားလေ၏။

"ဖတ်"

"ဘုတ်"

"တောက်"

ကျော်စွာတစ်ယောက် လွန်မင်းစွာ ဒေါသထွက်သွားရလေ၏။

သူသည် ကျော်စွာ သူ့ဘက် လှည့်ကြည့်လာသည်နှင့် လှောင်ပြုံးလေး ပြုံးပြလိုက်ကာ နောက်လှည့်ထွက်ခဲ့ချေလေ၏။

သို့ဆိုတော့ ကျော်စွာတစ်ယောက် ဆတ်ဆတ်ထိမခံနိုင်ဖြစ်ရချေဦးတော့မည်။

ညီမလေးအတွက် သူလက်စားချေခဲ့လေခြင်းဖြစ်၏။

"ရှီးလ်"

ကျော်စွာတစ်ယောက် မုတ်ဆိတ်ကိုလှမ်းခေါ်လိုက်သံကြားလိုက်သည်နှင့် သူသည် ထိုနေရာလေးမှ သုတ်ခြေတင် ပြေးခဲ့ချေလေ၏။ မုတ်ဆိတ်ကိုတော့ သူ မယှဉ်နိုင်ပေပြီ။ သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ဆိတ်ယှည်ပါလျှင် ဆင်နှင့်ဆိတ်လို ဖြစ်နေသည်ပဲ။

"ဟားဟားဟားဟား၊ ဟားဟားဟားဟား၊ ဟားဟား ဟားဟား"

သို့ဆိုသလို ညီမလေးနှင့်တွေ့သည့်တွင် ပြန်လည်ပြောပြသဖြင့် ရယ်မောနေလေ၏။ သူ၏ အားပါးတရ ရယ်မောဟန်ကို နေ့ညမတစ်ယောက် နောက်ဆုံးတွေ့မြင်လိုက်ခြင်းဆိုသည်ကို နောက်တစ်နေ့တွင် သိလိုက်ရ၏။

သူ၏အစ်ကိုဖြစ်သူသည် စခန်းတွင် နေရင်း ခရီးကျွဲလာသော ဝံကောင်နှင့်ဆုံ၍ သူတစ် ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်ကြရာမှ အင်အားချင်းမမျှလေခြင်းကြောင့်သည်လည်း ဝံကောင်၏လက်ချက်ဖြင့် သေဆုံးခဲ့ရချေ၏။

သည့်တော့ ဇာနည်မတစ်ယောက် တောတောင်ထဲတွင်လည်း မနေလိုတော့ပြီ။ ပြီးတော့ သားရဲကောင်တို့ကိုလည်း သတ်ဖြတ်လိုခြင်း မပြုလိုတော့ပြီ၊ တူသောအကျိုးကို သူ့အစ်ကို ခံစားလိုက်ရသည် မဟုတ်ပါကလား၊ တစ်နေ့နေ့ တစ်ချိန်ချိန် သူ သို့ခံစားရပေဦးမည်ဟု ယုံကြည်လာသည်ကိုး။ သူ့အစ်ကိုသေပြီးနောက်ပိုင်း သူမသည် ရွာတွင်သာ နေခဲ့လေ၏။

သူပြုခဲ့သမျှ အပြစ်များကျေဖို့ရယ်ဆိုပြီး ရွာသူရွာသားတို့၏ နာရေးကိစ္စကို လုပ်ဆောင်ပေးချေ၏။

မိုးလင်းမှနေဝင်သည့်တိုင် သုသာန်ဇရပ်တွင်သာ နေခဲ့၏။ ညအိပ်ချိန်ကလေးသာလျှင် ရွာထဲမှာအိပ်ခြင်းဖြစ်၏။

သို့ဆိုတော့ သူ့အစ်ကိုမိတ်ဆွေနှင့် သူ ဆက်သွယ်မိကြ၏။

သူ့အစ်ကိုမိတ်ဆွေသည် ရသေ့တစ်ပါးဖြစ်ချေ၏။





သို့ပေမင့်လို့ ရသေ့အစစ်မဟုတ်သည်ကိုတော့ဖြင့် သူမ လုံးဝမသိပါချေ။

မည်သို့ပင်ဖြစ်စေ၊ သေသူတို့အတွက် သင်္ချိုဟ်တင်ခြင်းကိုတော့ဖြင့် ထိုရသေ့လုပ်နိုင်သည်ပဲ။

သေဆုံးသူတွေအတွက် သူလုပ်ပေးနိုင်ခြင်းတစ်ခု ဖြစ်ချေ၏။

သို့မှသည့် သူ့အစ်ကိုသေဆုံးရခြင်းကိစ္စကို ထိုရသေ့ပြော၍ သိရလေတော့၏။ လွန်မင်းစွာ စိတ်မကောင်းဖြစ်ရသလို လွန်မင်းစွာ လည်း ဒေါသထွက်သွားရချေ၏။

ကြည့်...

သူ့အစ်ကို သေဆုံးသွားရခြင်းမဟုတ်၊ မှတ်ဆိတ်နှင့်ကျော်စွာ၏ ပယောဂမကင်းဟု သိရ၏။

"မရှင်းဘူးဖြစ်နေတယ်"

သို့ သူမ မေးလိုက်လေ၏။ သို့ဖြစ်၍...

"ဘာမဟုတ်တဲ့အငြိုးနဲ့ လုပ်တာပဲ"

"ရှသချာလို့လား ရသေ့ရယ်"

"သိပ်သေချာတာပေါ့၊ ညည်းအစ်ကိုက သူ့ကို နှောင့်ယှက်ခဲ့တာကိုး၊ ဒီတော့ ကျော်စွာက မကျေနပ်ဖြစ်ပြီး အဲဒီအသက်ဆုံးရလောက်အောင်တော့ဖြင့် လုပ်နိုင်တာမဟုတ်ဆိုပေမင့် မှတ်ဆိတ်က အပြတ်ရှင်းလိုက်တာလေ၊ တကယ်တော့ ညည်းအစ်ကို ဝံကောင်ရဲ့တိုက်ခိုက်ခံရတာ မဟုတ်ဘူး၊ မှတ်ဆိတ် လုပ်လိုက်တာ"

"ဟင်"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



သူမ လုံးဝမကျေမနပ်ဖြစ်ရ၏။ အခန့်သင့်ပင် သူတို့ရွာသို့ မုဆိုး နှစ်ယောက် ရောက်လာချိန်တွင် (လင်းမြင့်လှိုင်နှင့် ကိုပိုက်) ရသေ့ အသတ်ခံလိုက်ရပြန်၏။

ကျော်စွာ၏မြားချက် ဖြစ်ပေ၏။

သို့ဆိုတော့ ဇာနည်မဖတ်စ်ယောက်၊ ကျော်စွာကို အလွတ် မပေးလိုတော့ပြီ။

မုဆိုးနှစ်ယောက်နှင့်အတူ တောထဲသို့ ဇာနည်မ မြားပြန် ကိုင်ကာ ရောက်ခဲ့ရပြန်၏။ သည်တောဝန်းကျင်တွင် ကျော်စွာရှိနေ သည်ကို သူသိနေ၏။

အခွင့်အရေးရသည်နှင့် သူမ ကျော်စွာကို အစ်ကိုအတွက်၊ ရသေ့အတွက် လက်စားပြန်ချေရပေမည်။ သို့ဆိုစော့ မုတ်ဆိတ် ကိုတော့ဖြင့် သူ ရှောင်ရပေမည်။ ကျော်စွာနှင့်သူ ထိပ်တိုက်ရင်ဆိုင်ပုံ ပေမင့် မုတ်ဆိတ်ကိုတော့ဖြင့် သူ မယှဉ်နိုင်ပါချေ။ သို့ကြောင့် ချောင်းမြောင်း၍သာ လိုက်ရှာရချေ၏။

တစ်နေ့ သူမ ကျော်စွာကို ခြေရာခံမိ၏။ သို့ဆိုတော့ မုဆိုးနှစ်ယောက်နှင့် လမ်းခွဲခဲ့၏။

သို့အချိန်ကလေးမှာပင်မုဆိုးတို့နှင့်ပါလာသူကို (စောကျော် ခင်) ကျော်စွာက သုတ်သင်သတ်ဖြတ်လိုက်ပြန်၏။

အလိုလေး၊ ဘာလို့များ မဆီမဆိုင်လူတို လုပ်ကြံရတာ ပါလိမ့်။

သို့ကြောင့် စုံစမ်းခဲ့၏။ သစ်ခုတ်၊ ဝါးခုတ်တို့တဲစုတွင် သူမ၏ မိတ်ဆွေတွေရှိသည်ကိုး။ သူတို့သည်လည်း ကျော်စွာနှင့် မိတ်ဆွေ ဖြစ်ခြင်းကြောင့် သူတို့ပြောပြ၍ ကျော်စွာဘာလို့ လူကို





သတ်လိုက်ရခြင်း အဖြေသိလိုက်လေ၏။

ကျော်စွာတစ်ယောက် သားတောင်ကို ချောင်းမြောင်းပစ် လိုက်၏။ မြားချက် လွဲချော်သွား၏။

သည်တွင် ချုံပုတ်အတွင်း တပိုတပါးသွားနေသောလူကို ရုပ်ထိမှန်သွား၏။

သည်တွင် ထိုလူက ဒေါသလည်းထွက်၊ ရှက်လည်းရှက် (သူ တပိုတပါး သွားနေခြင်းကို အသားလွတ်ရန်စခြင်းဟု တွက် လိုက်ကာ) ထိုလူက ကျော်စွာကို ရင်ဆိုင်တွေ့ကာ တောင်းပန်နေ သည့်ကြားမှ ပါးရိုက်လိုက်ချေလေ၏။ တောင်းပန်နေသည့်ကြားမှ အရိုက်ခံရသဖြင့် ကျော်စွာတစ်ယောက် လွန်မင်းဇွာ နာကြည်းသွား လေ၏။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပြန်ပေးဆပ်ရမည်ဟု တွက်ခဲ့ပြီး ဖြစ်လေ၏။ သို့အကြောင်းဖြင့် ထိုလူကို ကျော်စွာက သတ်ဖြတ်ခဲ့ ခြင်းဖြစ်လေ၏။ ယင်းကိစ္စနှင့်ပတ်သက်၍ မုဆိုးနှစ်ယောက်က သူမကပင် သူတို့လမ်းပြကိုသတ်ခဲ့သူဟု ထင်မိကြလေ၏။ သည် တော့ သူမ အနေကျုံ့လေပြီကော။

သည်သို့ဖြင့် သူမသည် ကျော်စွာကို ငဲ့၍ပင် အမုန်းပွား ခဲ့မိ၏။

အစ်ကိုအတွက်၊ ရသေ့အတွက်၊ မုဆိုးဘို့လမ်းပြအတွက် ကျော်စွာကို လူ့လောကမှ ဖယ်ထုတ်ရန် ခိုင်မာသောအင်္ဂါနှင့်ပြ လိုက်ပြီ ဖြစ်၏။

“မင်းက မိန်းကလေးပေပဲ၊ အမုန်းတရားပွတ်တွေ လျှော့ ပါ”

သို့ဆိုသလို ရသေ့ကြီးတစ်ပါးက ပြောလာချေနှင့် ထို

www.burmeseclassic.com



ရသေ့သည် သူ့အစ်ကိုမိတ်ဆွေ ရသေ့နှင့်တော့ လားလားမျှ မတူပါချေ။ သူမ ကောင်းကောင်းသိလေ၏။

သူ့အစ်ကိုမိတ်ဆွေရသေ့ တီးခတ်သည့်ကြေးစည်နှင့် ထိုရသေ့ကြီး တီးခတ်လိုက်သည့် ကြေးစည်သံသည် ကွာခြားလွန်းလှချေ၏။

ပြီးတော့ ရသေ့ကြီးက ထိုကြေးစည်တီးခတ်ပြီး ရွတ်ဖတ်လိုက်သည့် သူမနားမလည်နိုင်သော ဘုရားစာများသည် သူမနားတွင် နားဝင်ချိုစွာ ဝင်လာတတ်ချေ၏။

သူမအစ်ကိုဖြစ်သူ၏ မိတ်ဆွေရသေ့ကမူ ဘုရားစာရယ်လို့ ရွတ်ဖတ်လေ့ မရှိချေ။ တတ်လည်းမတတ် ဖြစ်ချိမ့်မည်။ သို့ပေမင့်လို့ နောင်မှ သူမ သိရသည်မှာ သူ့အစ်ကိုမိတ်ဆွေသည် ထောင်ထွက်တစ်ယောက်ဖြစ်ချေ၏။ သို့ပေမင့်လို့ နောင်တတရားများရကာ ရသေ့ကြီး မမွှပါလထံတွင် သွားရောက်တပည့်ခံခဲ့ဖူးသူဟု သိရချေ၏။ မည်သို့ဝင်ဖြစ်စေ၊ သူတတ်သိသလောက်နှင့် သူမကိုကူညီခဲ့သည်ပဲ၊ သည်အတွက်တော့ဖြင့် ကျေးဇူးတင်မိသေ၏။ သို့ကြောင့်လည်း ကျော်စွာကို ကလဲ့စားချေမည့်အကြောင်းရင်းလေးတစ်ခုအဖြစ် မှတ်ယူထားခြင်း ဖြစ်ချေ၏။

"ပြီးတဲ့ကိစ္စတွေ ပြီးပါစေလား"

ရသေ့ကြီးက ပြောဖူး၏။

"နို့တော့ဖြင့် အာမမခံနိုင်လေဘူး"

သို့တော့ သူမပြောခဲ့ဖူးပြန်၏။

"နို့ဖြင့်လည်း ကတိတစ်ခုပေး၊ အကယ်၍ မလုပ်မဖြစ်လုပ်မိခဲ့လျှင်လည်း အဲလိုလုပ်လိုက်မှ ကျေနပ်မယ်ဆိုလျှင်လည်း





ရသေ့ မတားတော့ပါဘူး၊ နို့ပေမင့်လို့ အားပေးအားမြှောက်လုပ်တာတော့ မဟုတ်ဘူးနော်၊ ညည်း လက်လွန်ခြေလွန် ဖြစ်ခဲ့လျှင်ဖြင့် ပထမဆုံးနဲ့ နောက်ဆုံးတော့ ဖြစ်စေချင်တယ်၊ ပြီးတော့ မင်းဖြူခဲ့တဲ့အဖြစ်အတွက် ချက်ချင်းမြန်ဆေးကြောပြီးလျှင်ဖြင့် ရသေ့ထံပြန်လာခဲ့ချေ၊ မင်းကို အေးငြိမ်းတဲ့ဘဝပို့ပေးမယ်"

"ဟုတ်ပါပြီ"

သို့ သူမ ရသေ့ကို ကတိပေးခဲ့သလို ကျော်စွာကို သတ်ဖြတ်ပြီးသည်နှင့် ရသေ့ထံသို့ လာရောက်ခဲ့ခြင်း ဖြစ်လေ၏။

သို့ကြောင့်လည်း ရသေ့က ကျွန်တော်နှင့်လင်းမြင့်လှိုင်ကို စာနည်းမနှင့်ပတ်သက်၍ အာမခံပြုထားခြင်း ဖြစ်လေ၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် စာနည်းမ ပြောခဲ့သည်ကို နားထောင်ခဲ့ကြပြီးဖြစ်ပေမင့် မရှင်းလင်းသည်တစ်ခု ရှိလေသည်ကြောင့်...

"နို့ မေးရပါဦးမယ်၊ မင်းနဲ့ကျော်စွာ [illegible] ဘာလို့များ တစ်ယောက်ကိုတစ်ယောက် ဒုက္ခပေးဖို့လောက် [illegible]းတားနေကြတာတုံး" သို့ ကျွန်တော်က မေးလိုက်၏။

"ကျုပ်က သူ့ကိုဖြစ်နေတာမဟုတ်ပါဘူးတော်၊ သူက ကျုပ်ကိုလိုက်ပြီး ပြဿနာရှာနေတာ"

"ဟုတ်ပါပြီ၊ ဘယ်လိုကြောင့်ဆိုတာ အကြောင်းရင်းတော့ ရှိရမယ်ပေါ့၊ အဲဒီလောက်ကြီး မင်းတို့ဒုက္ခတွေ [illegible]ဆနေတာ"

"ဟင်း ဟင်း ဟင်း ပြောရလျှင်ဖြင့် [illegible] ဝေးတာလားနိုင် မပါလိမ့်မယ်"

"ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျော်စွာ ကျုပ်ကို ချစ်ရေးဆိုဖူးတယ်"

"သြော်"

"အင်း"

"ဒီတော့"

"ဒီတော့ ကျုပ်က သူ့ကို မစွမ်းမသန်ကို ဘယ်လိုလုပ် လင်အဖြစ်လက်ခံလို့ ဖြစ်မှာတုံးရှင်၊ အမဲရိုးနှယ် ဟင်းအိုးမှ အား မနာ၊ နို့ကြောင့် ...

ဒီမယ် ကျော်စွာ၊ နင်ဟာလေ ကိုယ့်ဘာသာကိုယ် ဆန်းစစ်ပါဦး၊ နင့်လို မစွမ်းမသန်က ငါ့အတွက် ဘာဖြစ်လာမှာတုံး၊ နင်နဲ့ငါညားလျှင်ဖြင့်၊ နင့်ကိုရော ငါအစ်ကိုကိုပါ ငါကပဲ လုပ်ကျွေးရမှာလေ၊ ဟင်း ဟင်း ငါ့အစ်ကိုကလည်း နင်သိတဲ့အတိုင်းပဲ၊ လူ့ဖလံလေး၊ ဘာမှမလုပ်တတ် မကိုင်တတ်၊ ငါက ရှာကျွေးနေရတာ၊ နင်လေ ဒါတွေကိုသိလျက်နဲ့ ငါ့ကိုတာဝန်ယူစေချင်တာလား၊ အေးလေ... နင် အိပ်မက်တောင် မမက်သင့်ဘူး၊

အဲလိုပြောပြီး ကျုပ်က သူ့ကို ပါးရိုက်လိုက်သေးတယ်"

"ဟာ"

"ဟင်"

အင်း... ကျော်စွာ နာကြည်းမည်ဆိုလျှင်လည်း နာကြည်းလောက်ပေ၏။

သူ၏အားနည်းချက်ကို စော်ကားခံလိုက်ရသည် မဟုတ်ပါကလား။

သည်တော့မှ ကျွန်တော်နှင့် လင်းမြင့်လှိုင် ကျော်စွာ အကြောင်းသိလိုက်ကြလေ၏။





သူသွားလေရာ မှတ်ဆိတ်က မခုံးထက်ဇာင် သွားလာခဲ့သည်ကိုး၊ သို့ကြောင့် အဝေးမှလှမ်းမြင်သော ကျွန်တော်တို့အတွက် ကျော်စွာက လွန်မင်းစွာအရုပ်ရှည်သူဖြစ်သွားရသည်ကိုး။

သူကိုယ်၌က ကိုယ်တိုင်ကိုယ်ကျ အားရှာနိုင်သူတစ်ယောက်အဖြစ် ကြိုးစားခဲ့သည်ကိုး။

သူမသည် ကျွန်တော်တို့ကို အကြောင်းစုံ ပြောပြီးနောက် ရသေ့ကြီးအား-

"ကျုပ်ရဲ့ဆန္ဒပြည့်ပြီပြောရတော့မပေါ့၊ ကဲ ... ရသေ့ကြီး၊ ကျုပ်ကို အေးချမ်းတဲ့ဘဝကို ပို့ပေးမယ်ဆို၊ ဒီနေ့ ဒီအချိန်ကစပြီး သည်လေးမြားကို စွန့်လိုက်တော့မယ်"

သို့ဆိုလျက် ဓာနည်မသည် လေးကိုင်းကို ငှက်ချိုးလိုက်လေ၏။

"ရသေ့ပြောတဲ့ကတိကို မဖျက်ပါဘူး၊ နို့ပေမဲ့လို့ မင်းကို အေးချမ်းတဲ့နေရာကို ခေါ်သွားလို့မရသေးဘူး၊ မင်း လုပ်ရမှာ ကျန်သေးတယ်"

"ဘာရယ်"

"မင်းလုပ်ရမှာ ကျန်သေးတယ်၊ အဲဒီလေ ဘဲခုကို သုတ်ပြီးလေမှ ရသေ့ မင်းကို အေးချမ်းတဲ့နေရာ လမ်းညွှန်လို့ရမှာ"

"နို့ဖြင့် ပြောကြည့်လေ"

"မင်းပြုခဲ့တဲ့ အပြစ်အတွက် အရင်ဆုံးအ...င်းအသိခံဝန်ခံပါ၊ ပြီးလေမှ ရသေ့ဆီပြန်လာခဲ့"

"ဟင် နို့ဖြင့်"

"ဟုတ်တယ်၊ ဓာနည်မ ကျော်စွာကိုသတ်-နဲ့ အဆုံးခံပြီး



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေက ပေးလာတဲ့အမြွစ်ဒဏ်ကို ကျေကျေနပ်နပ်ကြီး ခံလိုက်ပြီး လျှင်မြန်စွာ ရသေ့ကြီးဆီ ပြန်လာခဲ့ပါ၊ ဒီအခါ ရသေ့ကြီးက ဘုရားရဲ့ သမီးတော်အဖြစ် ပြောင်းလဲပေးပါ့မယ်''

စာဖတ်ပရိတ်သတ်အား လေးစား

ကြိုးစားလျက်...

၅-၁၁-၂၀၀၇

*1:45 pm*

BURMESE CLASSIC

www.burmeseclassic.com